ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**သူတော်ကောင်းထံ ချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကို ရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

၁၃၈၀ ပြည့်နှစ် ကဆုန်လဆန်း ၃ ရက်၊ အင်္ဂါနေ့။ Tuesday 17 April 2018 ၉၂၅၉

# နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့၏ မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်စကားများကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၁၆**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့၏ ၁၃၈၀ ပြည့်နှစ် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်စကားများကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကားကို မြန်မာ့ရုပ်မြင်သံကြားမှ ဧပြီ ၁၇ ရက် နံနက် ၈ နာရီ၊ မွန်းတည့် ၁၂ နာရီ၊ ညနေ ၄ နာရီ၊ ည ၈ နာရီ သတင်းများအပြီးတွင် လည်းကောင်း၊ ဧပြီ ၁၈ ရက် နံနက် ၈ နာရီ သတင်းအပြီးတွင် လည်းကောင်း ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့အသံရေဒီယိုမှ ဧပြီ ၁၇ ရက် နံနက် ၈ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၄ နာရီခွဲ၊ ည ၈ နာရီ သတင်းများအပြီးနှင့် ဧပြီ ၁၈ ရက် နံနက် ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်သွားမည်ဖြစ်သည်။

အလားတူ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့၏ မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကားများကို မြန်မာ့ရုပ်မြင်သံကြားမှ ဧပြီ ၁၇ ရက် နံနက် ၈ နာရီ၊ ညနေ ၄ နာရီ၊ ည ၈ နာရီ သတင်းများအပြီးတွင် လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့၏

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ မဟာသင်္ကြန်အတက်နေ့တွင် မဟာသင်္ကြန်ရေသဘင်ပွဲ ပါဝင်ဆင်နွှဲပြီး နှစ်သစ်ကူးအတာရေစင် အပြန်အလှန် ပက်ဖျန်း



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နှစ်သစ်ကူးအတာရေစင် ပက်ဖျန်းစဉ်။

**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မဟာသင်္ကြန်အတက်နေ့ ယနေ့ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နေအိမ်အနီးရှိ တိုက်ချိုတိုတို့ ရေကစားမဏ္ဍပ်၌ မဟာသင်္ကြန်ရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများသည် မြန်မာ့ရိုးရာဓလေ့ထုံးတမ်းနှင့်အညီ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နှစ်သစ်ကူးအတာရေစင် ပက်ဖျန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများသည် သင်္ကြန်တေးသီချင်းများနှင့် သင်္ကြန်ယိမ်းအက ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ပျော်ရွှင်စွာရေကစားကြသည်။ **သတင်းစဉ်**

KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by FinanceAsia 2017

ကြေးမုံ

# နှစ်သစ်မင်္ဂလာ ငြိမ်းချမ်းသာယာ

ယနေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့၊ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် မြန်မာတို့၏ နှစ်သစ်ကူးနေ့ ဖြစ်ပါသည်။ မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် ကုန်ဆုံးပြီး ၁၃၈၀ ပြည့်နှစ်သို့ ကူးပြောင်းရောက်ရှိသည့်နေ့ဖြစ်ပါသည်။ နှစ်သစ်ကူးသင်္ကြန်ကာလတွင် မြန်မာတစ်နိုင်ငံလုံး ပျော်ရွှင်မှုအပေါင်းနှင့် ပြည့်စုံလွှမ်းခြုံပြီး ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကသစ် စတင်တည်ဆောက်ရမည့် အချိန်အခါဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူအပေါင်းတို့ သိရှိကြပြီးဖြစ်သည့်အတိုင်း ကျွန်ုပ်တို့ မြန်မာပြည်အဖို့ လက်ငင်းလိုအပ်ချက်မှာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးဖြစ်သည်ကို လူတိုင်းလူတိုင်း သိရှိနားလည်ထားကြပြီးဖြစ်ရာ တိုင်းပြည်ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးကို မဆုတ်မနစ် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည့် အချိန်အခါဖြစ်သည်နှင့်အညီ ပြည်သူအားလုံးတို့၏ ပူးပေါင်းပါဝင်မှုအားမှာ မဖြစ်မနေ လိုအပ်နေပါသည်။

နှစ်ဟောင်းတွင် တိုင်းရင်းသားပြည်သူအပေါင်း ရင်ဆိုင်ကြုံတွေ့ကြရပြီးဖြစ်သည့် တိုင်းပြည်၏လိုအပ်ချက်များ၊ စိန်ခေါ်မှုများ၊ ပဋိပက္ခများအား ကျော်လွှားလွန်မြောက်စေရန်အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးကိစ္စများတွင် လူတိုင်းလူတိုင်း အသိစိတ်ဓာတ်ရှိစွာဖြင့် လက်တွဲပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

နှစ်သစ်ဟူသည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေသည်ဟု လူမျိုးတိုင်း၊ ဘာသာတိုင်းခံယူထားကြပြီး မင်္ဂလာဟူသည်မှာလည်း မကောင်းမှုကို ပယ်သတ်ပြီး ကောင်းကျိုးချမ်းသာများ ဖြစ်စေတတ်သောကြောင့် ယခုနှစ်သစ် မင်္ဂလာအခါကာလမှစ၍ ကျွန်ုပ်တို့တိုင်းပြည်တွင် ကောင်းကျိုးချမ်းသာများ ဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်း အားထုတ်ကြရမည်ဖြစ်သည်။

၁၃၈၀ ပြည့်နှစ် မြန်မာနှစ်သစ် ကူးပြောင်းသည့်ကာလတွင် တိုင်းရင်းသားပြည်သူ၊ ရဟန်းရှင်လူအားလုံးတို့က နှစ်သစ်မင်္ဂလာဖြစ်ကြောင်းအဖြာဖြာကို တောင်းဆုခြွေပေးကြသလို မင်္ဂလာဖြစ်ကြောင်း ကောင်းမှုအထူးများကို ပြုလုပ်နေကြသည်ကို ဝမ်းသာကြည်နူးဖွယ် မြင်တွေ့နေကြပြီဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ဝပြီး တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာဝပြောမည့် နှစ်သစ်ဖြစ်လိမ့်မည်ဟုလည်း ကျွန်ုပ်တို့ ယုံကြည်ထားပါသည်။

နိုင်ငံ့ခေါင်းဆောင်များ၏ မဆုတ်မနစ်ကြိုးပမ်းအားထုတ်နေမှုများကြောင့် မြန်မာနိုင်ငံတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး နယ်ပယ်များသာမက တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးကဏ္ဍများတွင် တိုးတက်လာမည့် အရိပ်လက္ခဏာများကိုလည်း မြင်တွေ့နေရပါသည်။ ပြည်သူပြည်သားအပေါင်းတို့အနေဖြင့် နှစ်သစ်တွင် စိတ်သစ်၊ ကိုယ်သစ်ဖြင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုး ဆက်လက်သယ်ပိုးထမ်းဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မကြာသေးမီကာလက ၎င်း၏ အဖြစ်ချင်ဆုံးဆန္ဒအား ထုတ်ဖော်ပြောကြားထားမှုနှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားအားလုံး တစ်ယောက်ချင်း တစ်ယောက်ချင်း တာဝန်သိစိတ်ဓာတ်နှင့် ပြည့်ဝစေချင်သည်ဟူသော ခံယူချက်အတိုင်း ကျွန်ုပ်တို့အနေဖြင့်လည်း ယခုနှစ်သစ်ကာလမှစ၍ ဘဝဆုံးတိုင်အောင် တာဝန်ကျေခဲ့သော နိုင်ငံသူ၊ နိုင်ငံသားများဖြစ်အောင် ကျင့်ကြံအားထုတ် ကြိုးကုတ်ရွက်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းသာယာသော လူ့ဘောင်ဖြစ်အောင် ဝိုင်းဝန်းဖန်တီးကြရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြဝတီမြို့ သောင်ရင်းအပန်းဖြေကမ်းခြေတွင် ရေကစားသူများဖြင့် စည်ကား

**မြဝတီ ဧပြီ ၁၆**

မြန်မာ-ထိုင်း နှစ်နိုင်ငံအား သောင်ရင်းမြစ် ပိုင်းခြားထားပြီး အဆိုပါ သောင်ရင်းမြစ်ကမ်းစပ်ရှိ ကျေးရွာအချို့တွင် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံမှ ဈေးသည်များက ရေပေါ်ဈေးအဖြစ် စားသောက်စရာများ သင်္ကြန်အကြို ကာလများကပင် ရောင်းချလျက်ရှိရာ ယခု သင်္ကြန်ပွဲတော်ကာလအတွင်း လာရောက်အပန်းဖြေ ရေကစားကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။




အဆိုပါ သောင်ရင်းမြစ်ကမ်းစပ် ကျေးရွာများအနက် ချောင်းဆုံကျေးရွာ၊ ရေပူကျေးရွာ၊ မဲ့ထော်သလေးကျေးရွာနှင့် အင်ကြင်းမြိုင်ကျေးရွာများရှိ သောင်ရင်းကမ်းစပ်များတွင် ရေကစားသူများ စည်ကားလျက်ရှိရာ ယင်းတို့အနက် အင်ကြင်းမြိုင်ကျေးရွာရှိ သောင်ရင်းအပန်းဖြေကမ်းခြေတွင် လာရောက်အပန်းဖြေ ရေကစားသူများ ပိုမိုများပြားပြီး အထူးစည်ကားလျက်ရှိခြင်း ဖြစ်သည်။

"ကျွန်တော်တို့ ဒီနေရာမှာ လွန်ခဲ့တဲ့ တစ်လလောက်ကတည်းက ထိုင်းဘက်က ရေပေါ်ဈေးလာလုပ်တာ၊ သူတို့ဘက် အခြမ်းမှာပါ၊ အဲဒီကတည်းက ဒီမှာလာပြီးတော့ ရေကစားသူတွေ ရှိနေပါပြီ၊ နောက်တော့ ကျွန်တော်တို့ဘက်မှာလည်း ဈေးရောင်းချမှုတွေ ရှိလာတာပါ၊ အခုသင်္ကြန်ကာလကတော့ အလွန်စည်တာပါ၊ ဒီမှာလာရင် ကားတစ်စီးကို ငွေကျပ် ၁၀၀၀၊ ဆိုင်ကယ်ဆိုရင် ငွေကျပ် ၅၀၀ ကောက်ပါတယ်၊ ရတဲ့ငွေကို ကျွန်တော်တို့ရွာမှာရှိတဲ့ အဘိုး၊ အဘွား ၇၀ ကျော်ကို နှစ်ဆန်းတစ်ရက်နေ့မှာ ကန်တော့မှာပါ၊ အဲဒီငွေတွေနဲ့ ပိုရင် ကျေးရွာဖွံ့ဖြိုးရေးတွေမှာ သုံးမှာပါ"ဟု အဆိုပါ အပန်းဖြေစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီနှစ်ကတော့ အစည်ဆုံးပါပဲ၊ ဒီနှစ်ကစပြီး မြစ်ကမ်းစပ်တွေမှာ ထိုင်းဘက်က ဈေးဆိုင်ခန်းလေးတွေ လာရောင်းတယ်၊ အကင်တွေ၊ သဘော်သီးထောင်းတွေနဲ့ အခြားအစားအစာတွေပါ ရောင်းတယ်လေ၊ ပြီးတော့ ထိုင်းတွေလည်း မိသားစုလိုက် ရေလာကစားကြတယ်၊ ရေကစားတဲ့သူတွေ အစားအသောက်စား၊ အနားယူဖို့ နေရာလေးတွေပါ လုပ်ထားပေးတယ်၊ အဲတာကြောင့် တအားစည်သွားတာပါ"ဟု လာရောက်ရေကစားသူတစ်ဦးက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# နှစ်ဆန်းကြိုတေး

❖ ရာသီမိဿ၊ စိတြ နက္ခတ်ယှဉ်
ကံ့ကော် ရင်ခတ်၊ ဇလပ် ပိတောက်လွင်
တန်ခူးခါတွင်၊ နွေလျှင်နိဂုံး
ရွက်ဝါရင့်ညှောင်း၊ မြေခလျှောင်း
နှစ်ဟောင်းချိန်ခါ ဆုံး သည်တည့်လေး ။ ။

❖ ကျွက်ကျွက်အုန်းအုန်း၊ စုရုံးညံစီစီ
ရေစင်ပက်ဖျန်း၊ လန်းဆန်းကြစေရည်
ရိုးရာပီပီ၊ မြန်ပြည်ဓလေ့
နှစ်သစ်အတာ၊ ပျော်ရွှင်စွာ
သူငါစိတ်ချမ်း မြေ့ သည်တည့်လေး။ ။

❖ နလုံးကြည်မွေ့၊ ပြုံးငွေ့ပီတိဖြိုင်
ရွာလယ်မဏ္ဍပ်၊ ဒိုးပတ်သံကမြိုင်
ဒါနတူပြိုင်၊ သဒ္ဓါလှိုင်ကဲ
စတုဒိသာ၊ ချိုရသာ
စုကာပေါင်းဆုံ နွှဲ သည်တည့်လေး။ ။

❖ သားငါးလွှတ်ပွဲ၊ ခြိမ့်သဲပျော်စရာ
ဆွမ်းဆန်စိမ်းလောင်း၊ စုပေါင်းလှူကြတာ
နှစ်ဟောင်းဝန်တာ၊ ကျေပါစေကြောင်း
ဘုရားကျောင်းကန်၊ တရားသံ
မိုးယံခြိမ့်ခြိမ့် ညောင်း သည်တည့်လေး ။ ။

❖ ရိုသေညွတ်ပျောင်း၊ ထုံးဟောင်းမပယ်လို
နံ့သာရေစပ်၊ ချိုးရေခပ်လို့ကို
ဘိုးဘွားထိုထို၊ ရွယ်အိုတို့အား
ခေါင်းလျှော်သန့်ရှင်း၊ ရေလှူရင်း
ကောင်းခြင်းကုသိုလ် ပွား သည်တည့်လေး ။ ။

❖ စုပေါင်းအင်အား၊ တို့များယုံကြည်သည်
အနာဂတ်လမ်း၊ ဖြောင့်တန်း အောင်ပွဲဆီ
တွဲလက်ညီညီ၊ စွမ်းရည်ပြရေး
နှစ်သစ်မှလျှင်၊ ရှေ့သို့နင်
ပြည်ခွင် ငြိမ်းချမ်း အေး သည်တည့်လေး။ ။

❖ နှစ်ဆန်းကြိုတေး၊
သီကြွေး အားမာန်ပြလို့ အညီ။
ခေတ်လမ်းကိုတွေး၊
စုဝေး ဝန်းရံကြစို့ အတည်။ ။

မောင်သင်းပုံ့(ကျိုက်ထော်)

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရားကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကမ္ဘာက အာရုံစိုက်နေတဲ့ ရခိုင်ပြည်နယ်မှာသာမက ကျွန်မတို့ နိုင်ငံတစ်ဝန်းမှာ အားလုံး ရုပ်ပိုင်း၊ စိတ်ပိုင်း လုံခြုံ၊ အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ စုပေါင်းအင်အားနဲ့ ကြိုးစားကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှစ်သစ်ကူး အတာရေစင် ပက်ဖျန်းစဉ်။ (သတင်း-ရွှေဖုံး)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချိုက နှစ်သစ်ကူး အတာရေစင် ပက်ဖျန်းစဉ်။ (သတင်း-ရွှေဖုံး) ဓာတ်ပုံ-ကိုသာဗျော





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ သင်္ကြန်ယိမ်းအကဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်း-ရွှေဖုံး)

# ဂျေရုဆလင် အဆင့်အတန်းသတ်မှတ်ချက်နှင့် ဆီးရီးယားအရေး အာရပ်ခေါင်းဆောင်များ ဆွေးနွေး



**ဒူဘိုင်း မေ ၁၆**

အစ္စရေးနိုင်ငံရှိ အမေရိကန်သံရုံးကို တဲလ်အဗစ်မြို့မှ ဂျေရုဆလင်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဆုံးဖြတ်ခဲ့ခြင်းနှင့်ပတ်သက်၍ ဆော်ဒီအာရေဗျဘုရင် ဆယ်လ်မန်က ပြင်းပြင်းထန်ထန်ဝေဖန်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆော်ဒီအာရေဗျနိုင်ငံ ဒါရန်းမြို့၌ မေ ၁၅ ရက်က ဖွင့်လှစ်လိုက်သော ၂၉ ကြိမ်မြောက် အာရပ်အဖွဲ့ချုပ် ထိပ်သီးညီလာခံ၌ မိန့်ခွန်းပြောကြားရာတွင် ဘုရင်ဆယ်လ်မန်က အထက်ပါအတိုင်း ဝေဖန်ပြောကြားခြင်း ဖြစ်သည်။

ဂျေရုဆလင်အား အဆင့်အတန်း သတ်မှတ်ခြင်းနှင့်ပတ်သက်၍ အမေရိကန်၏ ဆုံးဖြတ်ချက်ကို ထပ်လောင်းပယ်ချကြောင်း၊ အရှေ့ဂျေရုဆလင်အား ပါလက်စတိုင်းတို့၏ မြို့တော်အဖြစ် သတ်မှတ်ပေးရန် လိုအပ်ကြောင်း ဘုရင်ဆယ်လ်မန်က ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသ၌ အီရန်၏ ကျူးကျော်မှုလုပ်ရပ်များ ရပ်တန်းက ရပ်ရန် နိုင်ငံတကာ အသိုက်အဝန်းက အခိုင်အမာ တောင်းဆိုကြရန် လိုအပ်ကြောင်း၊ စစ်ဒဏ်ကို အလူးအလဲ ခံစားနေရသော ယီမင်နိုင်ငံသို့ ကယ်ဆယ်ရေးပစ္စည်းများ မရောက်ရှိအောင် ဖြတ်တောက်နေသည့် ဟူသီသူပုန်အဖွဲ့ကိုလည်း ဝိုင်းဝန်းဆန့်ကျင်သွားကြရန် လိုအပ်ကြောင်း ဘုရင်ဆယ်လ်မန်က ဆက်လက်ပြောကြားသည်။

အာရပ်နိုင်ငံများ ရင်ဆိုင်နေကြရသော ခြိမ်းခြောက်မှုများသည် နိုင်ငံအားလုံးက ဝိုင်းဝန်းဆန့်ကျင်ရန် လိုအပ်သော ဘေးအန္တရာယ်များဖြစ်ကြကြောင်း အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် အာမက်အဘူဂစ်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် တိုက်တွန်းပြောကြားသည်။

အာရပ်အဖွဲ့ချုပ်အကြီးအကဲသည် ဆီးရီးယားပဋိပက္ခနှင့် ပတ်သက်၍လည်း ထောက်ပြပြောဆိုခဲ့သည်။ ဆီးရီးယားနိုင်ငံ ပြိုလဲခြင်းနှင့် နိုင်ငံ့ဂုဏ်ဒြပ် ကျဆင်းခြင်းတို့အတွက် ဆီးရီးယား အစိုးရအဖွဲ့က တာဝန်ယူရမည်ဖြစ်ကြောင်း အဘူဂစ်က တောင်းဆိုခဲ့သည်။

(၂၉) ကြိမ်မြောက် အာရပ်အဖွဲ့ချုပ်ထိပ်သီးအစည်းအဝေးကို ဒါရန်းမြို့ရှိ ဘုရင်အဗ္ဗဒူလာဇစ် နိုင်ငံတကာယဉ်ကျေးမှုဌာန အဆောက်အအုံတွင် မေ ၁၅ ရက်က ဖွင့်လှစ်ခဲ့ရာတွင် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ခဲ့ကြပြီး ဘုရင်ဆယ်လ်မန်က နှုတ်ခွန်းဆက်စကား မြွက်ကြားခဲ့သည်။

တစ်ရက်တာကျင်းပသောအာရပ်ထိပ်သီးဆွေးနွေးပွဲ၌ အာရပ်ခေါင်းဆောင်များက နိုင်ငံတကာအသိုင်းအဝိုင်းအား ဆီးရီးယား၌ ဓာတုလက်နက်သုံးတိုက်ခိုက်မှုကို သီးခြားစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် တိုက်တွန်းခဲ့ကြသည်။

အနောက်နိုင်ငံများ၏ ဆီးရီးယားအရေးကိစ္စ ဖြေရှင်းကိုင်တွယ်ပုံများကို အနီးကပ်စောင့်ကြည့်နေကြောင်း၊ ဆီးရီးယားပြည်သူများကို ဓာတုလက်နက်သုံးတိုက်ခိုက်ခြင်းကိုလည်း အပြင်းအထန်ကန့်ကွက်ကြောင်း၊ ဆီးရီးယားအရေးကိစ္စကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရမည်ဖြစ်ပြီး ဆီးရီးယား၏ အချုပ်အခြာအာဏာနှင့် နယ်နိမိတ်ပိုင်နက်ကို ထိန်းသိမ်းရန် ပြည်ပတပ်ဖွဲ့များအားလုံး ဆီးရီးယားပိုင်နက်အတွင်းမှ ထွက်ခွာသွားရန် ထိပ်သီးဆွေးနွေးပွဲအပြီး ထုတ်ပြန်သော ကြေညာချက်တွင် တိုက်တွန်းထားသည်။

**အေအက်ဖ်ပီ**

## အင်ဒိုနီးရှား၌ အဆောက်အအုံပြိုကျ လူခုနစ်ဦးသေဆုံး

**ဘန်ဒေါင်း မေ ၁၆**

အင်ဒိုနီးရှားနိုင်ငံတွင် မေ ၁၆ ရက်က အဆောက်အအုံပြိုကျမှု ဖြစ်ပွားရာ အကနှင့်တေးဂီတဖြေဖျော်ပွဲအတွက် ဇာတ်တိုက် လေ့ကျင့်နေသည့် ဆယ်ကျော်သက်ရွယ် လူငယ်များအပါအဝင် လူခုနစ်ဦး သေဆုံးခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

မြို့တော်ဂျကာတာ၏ အရှေ့ဘက် ကီလိုမီတာ ၂၂၀ ခန့်အကွာ စီရီဘွန်မြို့တွင် အဆောက်အအုံပြိုကျမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

စီရီဘွန်မြို့မှ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသားများဖြစ်သည့် လူငယ်များသည် ကပွဲတစ်ခုအတွက် အနုပညာဌာန အဆောက်အအုံအတွင်း ဇာတ်တိုက်လေ့ကျင့်နေစဉ် ယင်းအဆောက်အအုံနှင့်ကပ်လျက်တည်ရှိသော သိုလှောင်ရုံနံရံပြိုကျခဲ့ခြင်း ဖြစ်သည်။

အဆောက်အအုံပြိုကျမှုကြောင့် ခုနစ်ဦးသေဆုံးခဲ့ရသည်။ ခြောက်ဦးမှာ အသက် ၁၃ နှစ်နှင့် ၁၅ အကြား လူငယ်များဖြစ်ပြီး အခြားတစ်ဦးမှာ ယင်းအနုပညာဌာန၏ မန်နေဂျာဖြစ်သူ အသက် ၄၈ နှစ်အရွယ် လူတစ်ဦးဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အသက် ၁၃ နှစ်အရွယ် မိန်းကလေးနှစ်ဦး ထိခိုက်ဒဏ်ရာရပြီး တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အဆောက်အအုံပြိုကျမှုနှင့် ပတ်သက်၍ ရဲအဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်။

**အေအက်ဖ်ပီ**

# ဓာတုလက်နက် စုံစမ်းစစ်ဆေးရေးမှူးများ ဒူးမားမြို့သို့ ဝင်ခွင့်ပိတ်ပင်ခံရ

**ဒမတ်စကတ် မေ ၁၆**

ဆီးရီးယားနိုင်ငံအတွင်း၌ အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်ဟူသော သံသယရှိမှုဖြင့် အနောက်အုပ်စုဝင်နိုင်ငံများက ယင်းနိုင်ငံအား မကြုံစဖူးထူးကဲစွာ လေကြောင်းတိုက်ခိုက်မှုပြုခဲ့ပြီးနောက် ကမ္ဘာ့ဓာတုလက်နက် တားမြစ်ပိတ်ပင်ရေးအဖွဲ့က မေ ၁၆ ရက်တွင် ဆွေးနွေးပွဲ တစ်ရပ်ပြုလုပ်ရန် စီစဉ်ထားစဉ် ဓာတုလက်နက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူးများက ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်အနီး ဒူးမားမြို့၌ စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း။ သို့ရာတွင် စုံစမ်းစစ်ဆေးရေးမှူးများသည် ယင်းမြို့သို့ ဝင်ရောက်ခွင့် ပိတ်ပင်ခံရကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အမေရိကန်ဦးဆောင်သည့် မဟာမိတ်အဖွဲ့က ဆီးရီးယားအစိုးရအပေါ် စစ်ရေးအရ တုံ့ပြန်မှု ပြုလုပ်ခဲ့သည်။ အမေရိကန်၊ ပြင်သစ်နှင့် ဗြိတိန်တို့က ဆီးရီးယားရှိ ပစ်မှတ်များကို မေ ၁၄ ရက်က ဒုံးကျည် ၁၀၅ စင်း အသုံးပြု၍ ပြင်းထန်စွာ တိုက်ခိုက်ခဲ့သည်။

ဆီးရီးယားနိုင်ငံအား လေကြောင်းမှ တိုက်ခိုက်မှုတွင် ပူးပေါင်းပါဝင်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ဗြိတိန်ဝန်ကြီးချုပ် ထရီစာမေသည် ပါလီမန်အတွင်း စကားစစ်ထိုးပွဲနှင့် မေ ၁၆ ရက်တွင် ရင်ဆိုင်နေရသည်။ ခုနစ်နှစ်ကြာဆီးရီးယားပြည်တွင်းစစ် စတင်ဖြစ်ပွားခဲ့ချိန်နောက်ပိုင်း အမေရိကန်ဦးဆောင်သည့် မဟာမိတ်အဖွဲ့၏ စစ်ဆင်ရေးလုပ်ငန်းသည် သမ္မတဘာရှားအယ်လ်အာဆတ် အစိုးရအဖွဲ့အား အကြီးမားဆုံးသော အပြည်ပြည်ဆိုင်ရာ ထိုးနှက်ချက်ဖြစ်သည်။

ယင်းစစ်ဆင်ရေးကြောင့် အမေရိကန်ဦးဆောင်သည့် မဟာမိတ်အဖွဲ့နှင့် ဆီးရီးယားသမ္မတ၏ ထိပ်တန်းမဟာမိတ် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့အကြား ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံမှုများ မြင့်တက်လာသည်။

**အေအက်ဖ်ပီ**




# ဆလိုဗက်ရဲချုပ် နုတ်ထွက်ပေးရန် ဆန္ဒပြတောင်းဆို






**ဘရာတီလာဗာ မေ ၁၆**

ဆလိုဗက်ကီးယားနိုင်ငံ၌ ရဲတပ်ဖွဲ့အကြီးအကဲ ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုသည့် ဆန္ဒပြပွဲတစ်ရပ်ကို မေ ၁၅ ရက်က မြို့တော်ဘရာတီလာဗာတွင် ပြုလုပ်ခဲ့ရာ သောင်းနှင့်ချီသောပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း၊ အဂတိလိုက်မှုနှင့်ပတ်သက်၍ လေ့လာဖော်ထုတ်ရေးသားနေသော သတင်းထောက်တစ်ဦး အသတ်ခံရမှုဖြစ်စဉ်အား မျှမျှတတ စုံစမ်းစစ်ဆေးနိုင်ခြင်း မရှိစေရန် နိုင်ငံရေးအရ တားဆီးမှုများကို ဆလိုဗက်ရဲချုပ်က ခွင့်ပြုပေးသည်ဟု ဆန္ဒပြသူများက အပြစ်တင် ပြောဆိုကြကြောင်း၊ ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ရဲချုပ် တီဘာဂက်စပါ ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုသော ဆန္ဒပြပွဲတွင် လူပေါင်း ၃၀၀၀၀ ခန့် ပါဝင်ကြောင်း ဆန္ဒပြပွဲ ဖြစ်မြောက်ရေး စည်းရုံးလှုံ့ဆော်သူများက ပြောကြားကြသည်။ ရွေးကောက်ပွဲကို အချိန်စော၍ ခေါ်ယူပေးရန်လည်း ဆန္ဒပြသူများက တောင်းဆိုကြပြီး အာဏာရ ဆိုရှယ်ဒီမိုကရက်များအုပ်စိုးမှု အဆုံးသတ်ပေးရန် ကြွေးကြော်ခဲ့ကြသည်။

ရဲချုပ်ဂက်စပါအား ၎င်း၏ ရာထူးမှ ဖယ်ရှားပစ်ရန် သင့်၊ မသင့် ပြည်ထဲရေးဝန်ကြီး သောမတ်ဒရူခါက ယခုရက်သတ္တပတ်အတွင်း အဆုံးအဖြတ်ပေးကာ ထုတ်ပြန်ကြေညာဖွယ်ရှိသည်ဆို၏။

ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သော ဆလိုဗက်ကီးယားနိုင်ငံသည် လူဦးရေ ၅ ဒသမ ၄ သန်းရှိပြီး ဖေဖော်ဝါရီလအတွင်း ဂျန်ကူစီယက်အမည်ရှိ သတင်းထောက်တစ်ဦးနှင့် ၎င်းနှင့်လက်ထပ်ရန် စေ့စပ်ထားသူ အမျိုးသမီးတစ်ဦးတို့ လုပ်ကြံသတ်ဖြတ်ခံရမှု ပေါ်ပေါက်ခဲ့ချိန်မှစ၍ နိုင်ငံရေး အကျပ်အတည်းတစ်ရပ် ဖြစ်ပေါ်လာခဲ့သည်။

နိုင်ငံရေးသမားများနှင့် အီတလီ မာဖီးယားဂိုဏ်း ဆက်နွယ်မှု ဖြစ်စဉ်များနှင့်ပတ်သက်၍ ဖော်ထုတ်ရေးသားနေသူတစ်ဦးကို ပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်းကို ကန့်ကွက်သည့် ဆန္ဒပြပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

**အေအက်ဖ်ပီ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်များ ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် အတက်နေ့ဖြစ်သော ယနေ့တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့သည် ပြင်ဦးလွင်တပ်နယ်ရှိ သင်တန်းကျောင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၏ မိသားစုရေသဘင်မဏ္ဍပ်များ၌ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဗိုလ်လောင်းများ၏ ပျော်ရွှင်စွာ ရေသဘင်ပွဲတော်ဆင်နွှဲနေမှုများကို လိုက်လံ ကြည့်ရှုအားပေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် နံနက်ပိုင်းတွင် တပ်မတော်စစ်တက္ကသိုလ် ရေသဘင်မဏ္ဍပ် တွင် မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြ ဖျော်ဖြေမှုများ၊ ဗိုလ်လောင်းများ၏ တေးသီချင်းများ သီဆို ဖျော်ဖြေမှုများ၊ တေးသံရှင်များ၏သီဆို ဖျော်ဖြေမှုများနှင့် အတူ ဗိုလ်လောင်းများ၊ အရာရှိ စစ်သည် မိသားစုဝင်များ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေမှုများကို ကြည့်ရှု အားပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး တို့သည် ဗိုလ်လောင်းများနှင့် တပ်မတော်စစ်တက္ကသိုလ်မှ တပ်မတော်အရာရှိကြီးများအား အတာရေများပက်ဖျန်းပေး သည်။

ယင်းနောက် တပ်မတော်အုပ်ချုပ်မှုကျောင်း(ပြင်ဦးလွင်) ရေသဘင်မဏ္ဍပ်၊ တပ်မတော်နည်းပညာ တက္ကသိုလ် ရေသဘင်မဏ္ဍပ်၊ ပြင်ဦးလွင် တပ်မတော်ဆေးရုံ ရေသဘင် မဏ္ဍပ်နှင့် တပ်ရင်း၊ တပ်ဖွဲ့များ၏ မိသားစုရေသဘင်မဏ္ဍပ် များ၌ ပျော်ရွှင်စွာ ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြပြီး အတာရေများပက်ဖျန်းပေးကာ သီဆိုကပြဖျော်ဖြေခဲ့ကြ သော ယိမ်းအဖွဲ့များနှင့် အရာရှိ စစ်သည် မိသားစုများအား ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန် ရေကစားမဏ္ဍပ်ပိတ်ပွဲ ကျင်းပ





**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်အတက်နေ့ဖြစ်သော ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိဂေါက်ကွင်းရှိ မြက်ခင်းပြင်၌ကျင်းပသည်။

ရေကစားမဏ္ဍပ်တွင် အနုပညာရှင်များနှင့် တေးသံရှင် ယိမ်းအကအဖွဲ့များ၏ ယိမ်းအကများ၊ တေးသီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ယိမ်း အကအဖွဲ့များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြ သည်။

ထို့နောက် ပိတ်ပွဲအခမ်းအနားကျင်းပရာ အနုပညာရှင် များ၊ တေးသံရှင်များနှင့် ယိမ်းအဖွဲ့များက "မန်းတောင်ရိပ်ခို" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြကာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးတို့သည် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ယိမ်းအဖွဲ့များအား အတာရေများဖြင့် ပက်ဖျန်းပေးကြပြီး မြန်မာ့ရိုးရာ မဟာ သင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်ကို အောင်မြင်စွာ ပိတ်သိမ်းခဲ့သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီး ချုပ်နှင့်ဇနီးတို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့်ဇနီးများနှင့်အတူ သွားရောက်ကြည့်ရှု အားပေးကြပြီး ပါဝင်ဆင်နွှဲကြသည်။ ထို့နောက် ကပြ ဖျော်ဖြေခဲ့ကြသော ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုဆု ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ရှိ ရွှေသံလွင်ကုမ္ပဏီမိသားစု ရေကစားမဏ္ဍပ်သို့ သွားရောက်၍ ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင် များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြ သည်။

**သတင်းစဉ်**

# မော်လမြိုင်ကျွန်းမြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှစ်သစ်အလှူ သက်ကြီးဘိုးဘွား ၇၃ ဦးတို့အား ပူဇော်ကန်တော့

**မော်လမြိုင်ကျွန်း ဧပြီ ၁၆**

မြန်မာ့ရိုးရာယဉ်ကျေးမှုနှစ်သစ်အလှူ အဖြစ် မော်လမြိုင်ကျွန်းမြို့ စိတ်တူ ကိုယ်တူပရဟိတအဖွဲ့နှင့်စေတနာရှင် များ ပူးပေါင်းကျင်းပသော အမှတ် (၁၃)ရပ်ကွက်လုံးကျွတ် တတိယ ကြိမ်မြောက် အသက်(၇၅)နှစ်နှင့် အထက် သက်ကြီးဘိုးဘွားပူဇော် ကန်တော့ပွဲကို ဧပြီ ၁၆ ရက် နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့ အမှတ် ၁၃ ရပ်ကွက် ယာယီမဏ္ဍပ်၌ ကျင်းပ သည်။

ယင်းသက်ကြီးဘိုးဘွား ပူဇော် ကန်တော့ပွဲတွင် အသက်(၇၅)နှစ်နှင့် အထက် သက်ကြီးဘိုးဘွား ၇၃ ဦး တို့အား အဘိုး အဘွားတစ်ဦးလျှင် အလှူငွေနှင့် လှူဖွယ်ပစ္စည်း ကျပ် တစ်သောင်းခွဲဖိုးတို့အား ပူဇော် ကန်တော့ပွဲကျင်းပရေးကော်မတီနှင့် စေတနာရှင် ဒေသခံပြည်သူများက ပူဇော်ကန်တော့ကြပြီး ပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအေးနိုင် က ပူဇော်ပွဲကျင်းပရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သက်ကြီးဘိုးဘွားများ ကိုယ်စား အသက်(၈၃)နှစ်ရှိ အဘိုး ဦးမင်းမောင်က တစ်သက်တာလိုက်နာ မှတ်သားစရာများကို ဆုံးမစကား ပြောကြားပြီး ဆုတောင်းမေတ္တာပို့သ သည်။ အဆိုပါသက်ကြီးဘိုးဘွား ၇၃ ဦးတို့အား ဒေသခံလူငယ်မောင်မယ် များက နှစ်သစ်ကုသိုလ်ကောင်းမှု အဖြစ် အဘိုး အဘွားများ၏ လက်သည်း၊ ခြေသည်းများကို လှီးဖြတ် ပေးကာ နှစ်သစ်ကုသိုလ်ယူ ဆောင်ရွက် ကြသည်။

**မော်ကျွန်းမြင့်အောင်**





# ယခုနှစ် မိတ္ထီလာ မဟာသင်္ကြန်ပွဲတော် ဆယ်စုနှစ်တစ်ခုအတွင်း အစည်ကားဆုံးဖြစ်

**မိတ္ထီလာ ဧပြီ ၁၆**

ယခုနှစ် မိတ္ထီလာ မဟာသင်္ကြန်ပွဲတော်မှာ သင်္ကြန်ရေကစားသူ၊ သင်္ကြန်လည်ပတ်သူများဖြင့် မကြုံစဖူး ဆယ်စုနှစ်တစ်ခုကာလအတွင်း အစည်ကားဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

"ယခုနှစ် မိတ္ထီလာမဟာသင်္ကြန်ပွဲတော် အနေနဲ့ လွန်ခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှာ အစည်ကားဆုံးဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ မဟာသင်္ကြန်အကြိုနေ့ကနေ မဟာသင်္ကြန် အတက်နေ့မနက်ပိုင်းအထိ နေ့စဉ် မော်တော် ယာဉ်၊ မော်တော်ဆိုင်ကယ်တွေနဲ့ သင်္ကြန် လည်ပတ်သူတွေ၊ ရေကစားမဏ္ဍပ်မှာ ရေကစား သူတွေနဲ့ မဏ္ဍပ်တိုင်းမှာ တိုးမပေါက်အောင် စည်ကားခဲ့ပါတယ်၊ ဗဟိုမဏ္ဍပ်မှာတင် စည်ကားတာမျိုးမဟုတ်ဘဲ ကျီတော်ကုန်း မဏ္ဍပ်၊ ဝန်ဇင်းမဏ္ဍပ်တို့လို ရပ်ကွက်ရေကစား မဏ္ဍပ်တွေမှာလည်း နေ့စဉ် သင်္ကြန်ရေ သဘင်ပွဲ ပါဝင်ဆင်နွှဲသူများနဲ့ အလွန်စည်ကား ပါတယ်၊ ပြီးခဲ့တဲ့ ငါးနှစ်ကျော်ကာလက စတင်ပြီး မကျင်းပဖြစ်ခဲ့တဲ့ သင်္ကြန်ယိမ်းအက ပြိုင်ပွဲတွေ ပြန်လည်ကျင်းပပြီး ၂၀၁၄ ခုနှစ် နောက်ပိုင်း မဆောက်လုပ်ဖြစ်တဲ့ ဗဟိုမဏ္ဍပ် ကို ဒီနှစ် ပြန်လည်ဆောက်လုပ်ခဲ့တာကြောင့် အခုလို စည်ကားသိုက်မြိုက်တာ ဖြစ်ပါတယ်" ဟု မိတ္ထီလာမဟာသင်္ကြန်ပွဲတော် သတင်း ထုတ်ပြန်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိတ္ထီလာ မဟာသင်္ကြန်ပွဲတော်ကာလ အတွင်း မြို့ပေါ်ရပ်ကွက်များဖြစ်သည့် မြို့မ၊ ပေါက်ချောင်း၊ ဈေးအရှေ့ပြင်၊ သီရိမင်္ဂလာ၊ နန်းတော်ကုန်း၊ ကျီတော်ကုန်း၊ ရန်မျိုးအောင်၊ ရတနာမာရ်အောင်၊ ချည်စက်၊ ဝန်ဇင်း အောင်ဆန်း၊ အောင်ဇေယျာ၊ ပြည်သာယာ(တ)၊ ပြည်သာယာ(မ)ရပ်ကွက်များတွင် ရေကစား မဏ္ဍပ်များ၊ သင်္ကြန်ယိမ်းဖျော်ဖြေရေးမဏ္ဍပ် များအပြင် တပ်နယ်ရေကစားမဏ္ဍပ်များ၊ ဖြေဖျော်ရေးမဏ္ဍပ်များတွင် အတာရေသဘင်ပွဲ ဆင်နွှဲခြင်း၊ သင်္ကြန်ယိမ်းအကနှင့် တီးဝိုင်းများ ကပြသီဆို ဖျော်ဖြေခြင်းများကြောင့် မိတ္ထီလာ မဟာသင်္ကြန်ပွဲတော်ကာလ လေးရက်စလုံး တွင် အလွန်စည်ကားသိုက်မြိုက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု၊ သုံးသပ်ချက်များ

ခင်မောင်ညို
(ဘောဂဗေဒ)

အခုတစ်လော တရုတ်နိုင်ငံရဲ့ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုလှုပ်ရှားမှု Belt and Road Initiative (BRI) နဲ့ ပတ်သက်တဲ့သတင်းတွေ အတော်လေးဖတ်ရတယ်။

မြန်မာနိုင်ငံဘက်က သတင်းတစ်ခုကတော့ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ စီမံကိန်းမှာ မြန်မာလုပ်ငန်းရှင်တွေ ပါဝင်ဆောင်ရွက်နိုင်ဖို့ မြန်မာ-တရုတ်စီးပွားရေးကောင်စီဖွဲ့မယ်ဆိုတဲ့ သတင်းပါ။ စီမံကိန်းတွေမှာ ဖက်စပ်အနေနဲ့ဖြစ်ဖြစ် လုပ်နိုင်မယ့်လုပ်ငန်းရှင်တွေ ပါဝင်ဖို့ ဆောင်ရွက်နေတယ်လို့ ကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းချုပ်ဥက္ကဋ္ဌက ပြောဆိုတယ်လို့လည်း အလဲဗင်းသတင်းစာက ရေးပါတယ်။ ဆက်စပ်သတင်းတစ်ခုမှာတော့ BRI မူဘောင်ထဲကနေ မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်သူလူထုစားဝတ်နေထိုင်ရေးမြှင့်တင်နိုင်ဖို့ ကူညီဆောင်ရွက်ပေးမယ့် ရက်တိုသင်တန်းတွေ ၂၀၁၈ ခုနှစ်မှာ ဆက်ပေးသွားမယ်လို့လည်း သိရတယ်။

မြန်မာနိုင်ငံအနေနဲ့ အိမ်နီးချင်းအင်အားကြီးနိုင်ငံတစ်ခုလည်းဖြစ်၊ အရင်းအနှီးအများကြီးရှိ၊ ချေးငွေတွေ အများကြီးရယူထားတဲ့ တရုတ်နိုင်ငံနဲ့ ဘယ်လိုမှ ရှောင်လွှဲလို့ရတာမဟုတ်တဲ့ အမှန်တရား၊ အရှိတရားက တစ်ဖက်၊ နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရတဲ့ နောက်ခံသမိုင်းကြောင်းတွေအရ စိုးရိမ်ပူပန်မှုတွေ အများကြီးရှိနေတာက တစ်ဖက် တွေ့ရတယ်။ အဲဒီစိုးရိမ်ပူပန်မှုတွေကို ဘယ်လိုဖြေရှင်းဖို့ ပြင်ဆင်ထားသလဲဆိုတာကလည်း ရှိကောင်းရှိနေနိုင်ပေမယ့် အများပြည်သူ မမြင်မတွေ့ရကြလေတော့ အစိုးရိမ်ကြီးတာလွန်တယ်လို့ မဆိုသာပြန်ဘူး။

ဒီကြားထဲမှာ နိုင်ငံတကာသတင်းတွေထဲ ကြည့်လိုက်တဲ့အခါ အဆင်မပြေတာတွေ တွေ့နေရလေတော့ ထပ်ထပ်ပြီးပူစရာတွေဖြစ်လာပါတယ်။ တစ်ဖက်က ကြည့်ရင်တော့ အဲဒီသတင်းတွေက မြန်မာနိုင်ငံ ဘယ်လောက်ပြင်ဆင်ထားရမယ်၊ ဘာတွေလုပ်ထားရမယ်၊ အိမ်စာ ဘယ်လောက်ကြေကြေညက်ညက်လုပ်ထားဖို့ လိုမယ်ဆိုတာ ညွှန်ပြနေပါတယ်။

ပထမဆုံးဖတ်ရတဲ့သတင်းကတော့ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ဦးဆောင်ညွှန်ကြားရေးမှူးရဲ့ ဝေဖန်ချက်ပါ။ ဒီနေရာမှာ စကားစပ်မိလို့ ပြောရရင် အာရှအကျပ်အတည်းဖြစ်တဲ့ ၁၉၉၆-၁၉၉၇ ခုနှစ်လောက်တုန်းက အိုင်အမ်အက်ဖ်ရဲ့ ဆေးနည်းတွေဟာ အတော်လေးအငြင်းပွားစရာ ဖြစ်ခဲ့ရပါသေးတယ်။

အခုလည်း အိုင်အမ်အက်ဖ်က သူ့ထုံးစံအတိုင်း၊ နိုင်ငံတွေ ပြည်ပငွေပေးငွေယူရှင်းတမ်းမှာ တရုတ်ရဲ့ ကြွေးမြီတွေကြောင့် အခြေအနေပိုဆိုးသွားမယ့် အန္တရာယ်ရှိကြောင်း ဝေဖန်ချက်သတင်းထွက်လာခဲ့ပါတယ်။ ကြွေးမြီမြင့်ပြီးသား နိုင်ငံတွေအနေနဲ့ ကြွေးယူပုံယူနည်း၊ ဆပ်ပုံဆပ်နည်းတွေ သတိထားကြဖို့ လိုအပ်သလို တရုတ်နိုင်ငံဘက်က မူဝါဒချမှတ်သူတွေအနေနဲ့ ကြွေးနစ်နေပြီးသားနိုင်ငံတွေကို မလိုအပ်တဲ့ ရေရှည်ရပ်တည်နိုင်ဖို့ ခက်တဲ့ လုပ်ငန်းကြီးတွေအတွက် ငွေထုတ်မချေးဖို့ပါ သတိပေးသွားတာကို တွေ့ရပါတယ်။ အလွန်တရာလိုအပ်နေတဲ့လမ်းပန်းဆက်သွယ်ရေးနဲ့ အခြေခံအဆောက်အအုံတွေကို အထောက်အကူပြုပေးနိုင်ပေမယ့် အကြွေးတွေ မြင့်၊ အကြွေးတွေအတွက် အရင်းနဲ့အတိုးတွေ ဆပ်ရတဲ့အခါ၊ အကုန်အကျတွေများလို့ တခြားသုံးသင့် သုံးထိုက်တာတွေအတွက် အသုံးအစွဲလျော့သွားတာမျိုး၊ ပြည်ပငွေပေးငွေယူရှင်းတမ်းအခြေအနေ ယိမ်းယိုင်သည်ထက် ယိမ်းယိုင်သွားတာမျိုး ဖြစ်စေနိုင်တယ်လို့ ဆိုပါတယ်။

တကယ်တော့ အိုင်အမ်အက်ဖ်က BRI ကို အထောက်အကူလုပ်ဖို့ တရုတ်နဲ့ ပူးတွဲပြီး စွမ်းရည်မြှင့်တင်ရေးဗဟိုဌာနဖွင့်လို့ တရုတ်အရာရှိတွေ ပြည်ပမှာ အလုပ်လုပ်နိုင်ဖို့ လေ့ကျင့်ပေးသွားမှာ ဖြစ်ပါတယ်။

လောလောဆယ်တော့ တရုတ်ရဲ့ စီမံကိန်းထဲက ပါကစ္စတန်တို့ လာအိုတို့အပါအဝင် နိုင်ငံရှစ်နိုင်ငံဟာ တရုတ်ရဲ့အကြွေးကို ပြန်ဆပ်ဖို့ခက်နေပြီး နောက်ထပ် ၂၃ နိုင်ငံလောက်လည်း အခက်အခဲတွေ့မယ့် အလားအလာရှိတယ်လို့ သုတေသနစာတမ်းတစ်ခုက ဆိုပါတယ်။ ဒါကြောင့် အိုင်အမ်အက်ဖ်ဦးဆောင်ညွှန်ကြားရေးမှူးက လိုတဲ့နေရာသွား၊ မလိုတဲ့နေရာမသွားနဲ့ (မလိုတဲ့နေရာအကုန်အကျမခံနဲ့လို့ သတိပေးတာပါ။)

ငွေကြေးအလုံးအရင်းနဲ့သုံးရတဲ့ လုပ်ငန်းကြီးတွေနဲ့ ပတ်သက်တဲ့အခါ အလုပ်လုပ်မယ့်လုပ်ငန်းကို ရွေးချယ်တဲ့အခါ ကိုယ်ကျိုးအတွက် မသမာမှုတွေလုပ်နိုင်တဲ့ အလားအလာတွေကလည်း ရှိနေပါတယ်။

တရုတ်အရာရှိတွေဘက်ကလည်း ကြွေးမှန်မှန်ဆပ်နိုင်ဖို့ အရေးကြီးတဲ့အကြောင်း ထောက်ခံပြောကြားကြပါတယ်။ အခြေခံအဆောက်အအုံတွေအတွက် ရင်းနှီးရာမှာ ပြည်ပက ရနိုင်တာတွေကိုလည်းရယူဖို့ ကြိုးစားရင်း ပြည်တွင်းကလည်း မြှုပ်နှံဖို့ ပြောဆိုကြပါတယ်။

အိုင်အမ်အက်ဖ်ရဲ့ စည်းမျဉ်းစည်းကမ်းတင်းကျပ်မှုအောက်မှာ ချေးငွေရဖို့ခက်လေတော့ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းတွေ အကောင်အထည်ဖော်ဖို့ နှောင့်နှေးကြန့်ကြာရတာကလည်း ပြောစရာတစ်ခု ဖြစ်နေပါတယ်။ အခြေခံအဆောက်အအုံတွေအတွက် ထိုက်သင့်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ သင့်တင့်တဲ့အကြွေးနဲ့ အရင်းအနှီးရယူဖို့ဆိုတာ အတော်လက်ဝင်တဲ့လုပ်ငန်းစဉ်ပါ။

ပါကစ္စတန်ဘက်ကိုလှည့်ကြည့်လိုက်တော့ ပါကစ္စတန်ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲရာမှာ တရုတ်ကြွေးတွေ ပိနေလို့ အခက်အခဲတွေ့နေတဲ့အကြောင်း ရှေ့မှာပြောခဲ့ပါတယ်။ တရုတ်နဲ့ ဆက်နွှယ်နေတဲ့ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု(BRI)စီမံကိန်းကို အကောင်အထည်ဖော်ဖို့ သွင်းကုန်တွေ တင်သွင်းမှုတိုးတက်လာတာကို ထောက်ပြဝေဖန်နေကြတာ တွေ့ရတယ်။ တချို့ကလည်း အခုလိုဖြစ်ရတာဟာ တရုတ်စီမံကိန်းတွေ မစခင်ကတည်းက ဖြစ်ရတာလို့ ဆိုတယ်။ စီမံကိန်းတွေရဲ့အနာဂတ်မှာ ပါကစ္စတန်က အပေါ်စီးရမလား၊ တရုတ်က အသာစီးရသွားမလား ဆိုတာ ဆွေးနွေးကြတာတွေကလည်း အလွန်စိတ်ဝင်စားစရာကောင်းပါတယ်။ သွင်းကုန်တွေများလာတော့ နိုင်ငံခြားငွေ လိုအပ်ချက်ကများ၊ ပြည်တွင်းငွေတန်ဖိုးကျဆင်းရတယ်လို့လည်း ဝေဖန်ကြပြန်ပါတယ်။ ပါကစ္စတန်ဗဟိုဘဏ်မှာ နိုင်ငံခြားသီးသန့်ရန်ပုံငွေ ပြတ်တဲ့အခါတောင် ကြုံသတဲ့။ ကက်ရှ်မီးယားဒေသမှာ တရုတ်နဲ့ဖက်စပ်လုပ်နေတဲ့ ဆည်မြောင်းလုပ်ငန်းစီမံကိန်းကို ရပ်ပစ်ဖို့တောင် နိုင်ငံရေးနယ်ပယ်က ဝိုင်းဝန်းဖိအားပေးနေကြတယ်။

ဆည်မြောင်းစီမံကိန်းမှာက သဘောတူစာချုပ်အတိုင်း တရုတ်ကုမ္ပဏီနဲ့ တရုတ်အလုပ်သမားကို သုံးတာကလည်း ပြောစရာဖြစ်နေတယ်။

နီပေါနိုင်ငံကလည်း တရုတ်နဲ့ဖက်စပ်လုပ်နေတဲ့ ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို ရပ်ပစ်ခဲ့ဖူးတဲ့ သာဓကရှိနေပါတယ်။ အစိုးရသစ်က အရင်အစိုးရလက်ထက်က လက်သိပ်ထိုးတင်ဒါခေါ်ခဲ့လို့ ဥပဒေနဲ့မညီညွတ်ဘူးဆိုပြီး ရပ်ပစ်တာပါ။ ဒါ့အပြင် တရုတ်စက်ပစ္စည်းတွေရဲ့ အရည်အသွေးပြည့်မီမှု၊ သင့်တော်မှုရှိ၊ မရှိကိုလည်း ပွင့်ပွင့်လင်းလင်း သိချင်ကြတယ်။

တရုတ်ကလည်း ပါကစ္စတန်ရဲ့ လုံခြုံရေးနဲ့ နိုင်ငံရေးအငြင်းပွားမှုတွေကြောင့် လမ်းဖောက်လုပ်ရေးစီမံကိန်းတစ်ခုကို ရပ်ဆိုင်းခဲ့တဲ့သာဓကလည်း ရှိပါတယ်။ နိုင်ငံရေးအရ အငြင်းပွားစရာဆိုတာကလည်း ဆင်းရဲတဲ့ဒေသတွေကို လမ်းက ဖြတ်သွားပြီး ချမ်းသာတဲ့ဒေသတွေကိုသာ အကျိုးပြုမှာဖြစ်လို့ဆိုတဲ့ အကြောင်းကြောင့်ပါ။ တရုတ်အနေနဲ့ လုပ်ငန်းစီမံကိန်းတွေအတွက် လုံခြုံရေးအန္တရာယ်ကင်းစေဖို့ လက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံနဲ့ လျှို့ဝှက်ဆွေးနွေးမှုတွေ လုပ်ရတယ်ဆိုတဲ့ ကောလာဟလသတင်းတွေကလည်း ထွက်ပေါ်လာနေပါတယ်။

> မြန်မာနိုင်ငံအနေနဲ့ အိမ်နီးချင်း အင်အားကြီးနိုင်ငံတစ်ခုလည်းဖြစ်၊ အရင်းအနှီးအများကြီးရှိ၊ ချေးငွေတွေ အများကြီးရယူထားတဲ့ တရုတ်နိုင်ငံနဲ့ ဘယ်လိုမှ ရှောင်လွှဲလို့ရတာမဟုတ်တဲ့ အမှန်တရား၊ အရှိတရားက တစ်ဖက်၊ နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရတဲ့ နောက်ခံသမိုင်းကြောင်းတွေအရ စိုးရိမ်ပူပန်မှုတွေ အများကြီးရှိနေတာကတစ်ဖက် တွေ့ရတယ်။ အဲဒီစိုးရိမ်ပူပန်မှုတွေကို ဘယ်လိုဖြေရှင်းဖို့ ပြင်ဆင်ထားသလဲဆိုတာကလည်း ရှိကောင်းရှိနေနိုင်ပေမယ့် . . . .

လုပ်ငန်းကြီးတွေဟာ အရင်းအနှီးကများ၊ တည်ဆောက်ရေးကာလက ကြာမြင့်၊ ပြန်ဆပ်ရမယ့်ကာလကလည်း ရှည်လျားလေတော့ စိုးရိမ်စရာတွေ၊ အန္တရာယ်တွေများတာ အမှန်ပါ။ ပြီးတော့ အများပြည်သူက အကျိုးခံစားစရာပဲဖြစ်ဖြစ်၊ ထိခိုက်နစ်နာစရာပဲဖြစ်ဖြစ်၊ ပုဂ္ဂလိကအကျိုးခံစားစရာ၊ ထိခိုက်နစ်နာစရာတွေထက် ကြီးမားနေလေတော့ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူတွေအတွက် လက်ရှောင်ချင်၊ လက်တွန့်ချင်စရာတွေပါ။ ဒီတော့ အရင်းအနှီးများများရှိတဲ့ ပြည်သူပိုင်လုပ်ငန်းတွေကို အများဆုံးသုံးရတယ်။ ပြည်သူပိုင် လုပ်ငန်းကြီးတွေအနေနဲ့ ပုဂ္ဂလိကလုပ်ငန်းထက် အရင်းအနှီးများများကို အတိုးနှုန်းသက်သက်သာသာနဲ့ရနိုင်တဲ့ အခွင့်အလမ်းများတယ်။ ပြည်သူပိုင်လုပ်ငန်းတွေ ဒေဝါလီမခံရလေအောင် အစိုးရက သွယ်ဝိုက်ပြီး အကူအညီပေးနိုင်တယ်။ ရေရှည်ကို ကြည့်နိုင်တယ်။ အများအကျိုးကို ဦးစားပေးနိုင်ကြတယ်။

ပုဂ္ဂလိကနဲ့ ပြည်သူပိုင်ဖြစ်ဖြစ်၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပဲဖြစ်ဖြစ် ပေါင်းလုပ်နိုင်တယ်။ အဲဒီလိုဆိုနေရာပေါင်းစုံက အရင်းအနှီးအမျိုးမျိုး၊ နည်းပညာအတတ်ပညာအမျိုးမျိုးကိုရယူဖို့ အခွင့်အလမ်းပိုများတယ်။ ငွေချေးယူသူအတွက်သာမက ငွေထုတ်ချေးသူအတွက်ပါ အန္တရာယ်လျော့ပါးစေနိုင်တယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေဆိုတာက အရင်းအနှီးက ခပ်ရှားရှား၊ အရင်းအနှီးလိုချင်ရင် စရိတ်ပိုကြီးတတ်တယ်။ နိုင်ငံခြားက ချေးရင် အတိုးသက်သာပေမယ့် နိုင်ငံခြားငွေဖလှယ်နှုန်း အပြောင်းအလဲဖြစ်မယ့် အန္တရာယ်က အမြဲရှိနေတယ်။

အစိုးရဘက်မှာ လုပ်ငန်းစီမံကိန်းတွေကို အကဲဖြတ်စောင့်ကြည့် အကောင်အထည်ဖော်ဖို့ စွမ်းရည်က သိပ်ရှိတာမဟုတ်။ အကျင့်ပျက်ခြစားမှုတွေနဲ့လည်း ကြုံရတတ်တယ်။

ခန့်မှန်းတာတွေ စရိတ်တွေပိုကုန်၊ အချိန်ကြာ၊ လိုချင်တဲ့အရည်အသွေးကျတော့ မရတာတွေကလည်း မဆန်း။ ဘယ်သူတွေခံရတယ်။ ဘယ်သူတွေက စံတယ်။ စံတာ၊ ခံတာအချိုးမကျဆိုတဲ့ ပြဿနာ၊ မြေသိမ်းပြဿနာ၊ အလုပ်အကိုင်မရ၊ ပတ်ဝန်းကျင်ထိခိုက်၊ ဒေသခံလုပ်ငန်းတွေ နစ်နာ၊ ပြဿနာပေါင်း သောင်းခြောက်ထောက်ကို ဖြေရှင်းရမယ်။

လုပ်ငန်းစီမံကိန်းတွေအတွက် သွင်းကုန်တွေ တိုးသွင်းနေချိန်၊ ပို့ကုန်တွေ ပိုပို့နိုင်မယ့် အလားအလာရှိမလား။ လုပ်ငန်းစီမံကိန်းတွေအတွက် အိမ်နီးချင်းနိုင်ငံတွေနဲ့ရော၊ အငြင်းပွားကြရဦးမလား။

တရုတ်တို့က ဒေသတွေ၊ နိုင်ငံတွေရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီပါစေလို့ပြောထားတယ်။ တကယ်တမ်းမှာ ဘယ်သူက ကြိုးဆွဲသလဲ၊ စရိတ်ကုန်လူပန်း၊ နိုင်ငံအတွက် ဆင်ဖြူတော်စီမံကိန်းတွေပဲ ဖြစ်နေမလား။ တရုတ်အတွက်ပဲ လုပ်သွားတယ်လို့ ထင်စရာဖြစ်နေမလား။ တရုတ်တွေက ထင်ရာစိုင်းတတ်တဲ့ အကျင့် ရှိသလား။ သက်ဆိုင်ရာဒေသရဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာသလား။

တရုတ်ကုမ္ပဏီဆိုတာတွေက အစိုးရကုမ္ပဏီဖြစ်လေတော့ ပုဂ္ဂလိကလုပ်ပုံလုပ်နည်းတွေ၊ ဈေးကွက်ပုံစံတွေလို နားမှလည်ရဲ့လား။ အမိန့်ကိုနာခံရုံပဲ နာခံတတ်တဲ့သူတွေ အစိုးရ၊ အစိုးရချင်းသာ စကားပြောတတ်တဲ့သူတွေလား၊ စီးပွားရေးသမားနဲ့မပြော၊ နိုင်ငံသမားနဲ့သာ ပြောတတ်သလား၊ မြန်မာနိုင်ငံကိုလာသွားတဲ့ တရုတ်သုတေသီတစ်ယောက်ကတော့ တရုတ်အပေါ် သံသယရှိတာတွေကို ပယ်ဖျောက်ဖို့ အတော်လေးကြိုးစားရဦးမယ်လို့ ဆိုသွားလေရဲ့။

ကိုယ့်ဝန်ထမ်းတွေ၊ အရာရှိတွေကလည်း တရုတ်နဲ့ ဆက်ဆံရာမှာ အရည်အချင်းပြည့်ဖို့၊ အကျင့်မပျက်ဖို့၊ လောဘမကြီးဖို့၊ ဒေသမှာ လူမုန်းမများတဲ့သူတွေဖြစ်ဖို့လည်း လိုသေးတယ်။ နိုင်ငံအကျိုးကို ကိုယ့်အကျိုးထက် ရှေ့တန်းတင်ဖို့လိုတယ်။ တချို့ကလည်း အောင်မြင်တဲ့၊ အင်အားကောင်းလာတဲ့ တရုတ်အရာရှိကြီးတွေဟာ မောက်မာလာတယ်၊ ဟန်ကြီး၊ ပန်ကြီးနိုင်လာတယ်လို့ မြင်ကြတယ်။

ဒါကြောင့် တရုတ်အနေနဲ့ အရင်အတွေ့အကြုံတွေ အမှားအယွင်းတွေကနေသင်ခန်းစာယူဖို့ ဝိုင်းဝန်းတိုက်တွန်းနေကြတာ တွေ့ရတယ်။ သူ့တစ်နိုင်ငံထဲ လုပ်တာထက် နိုင်ငံပေါင်းစုံက အရင်းအနှီးတွေ၊ ကျွမ်းကျင်မှုတွေ၊ ကုမ္ပဏီတွေ၊ လုပ်သားတွေ ပါဝင်တာကို မြင်ချင်ကြတယ်။ အိမ်ရှင်နိုင်ငံတွေ၊ နိုင်ငံခြားငွေရစေမယ့် လုပ်ငန်းမျိုးတွေအတွက် ဖွင့်ပေးစေချင်ကြတယ်။ ပြည်သူ့ဆက်ဆံရေး၊ စာနယ်ဇင်းနဲ့ဆက်ဆံရေးကောင်းဖို့ လိုတယ်။ ဘယ်စီမံကိန်းတွေ ဘာကြောင့်လုပ်တယ်။ ဘယ်သူတွေ ဘယ်လောက်အကျိုးရှိရမယ်ဆိုတာ မြင်သာထင်သာ ရှိရမယ်။ ဒေသခံတွေကို အလုပ်သမားအနေနဲ့ရော မန်နေဂျာတွေအနေနဲ့ပါ တွဲသုံးဖို့လိုမယ်။ ဒေသရဲ့ ဓလေ့ထုံးစံလို လေးစားရမယ်။

အများကောင်းဖို့လုပ်တယ်ဆိုတဲ့ စီမံကိန်းဟာ တကယ်လည်း တစ်နိုင်ငံတည်းကောင်းစားဖို့ လုပ်တာမဟုတ်တဲ့အကြောင်း အပြောနဲ့အလုပ်ညီပြီး သက်သေပြဖို့လိုတယ်လို့ ဆွေးနွေးကြတာတွေ့ရတယ်။ ။

# ဒလမြို့နယ် မဟာသင်္ကြန်ပွဲတော် အတက်နေ့ ကရင်တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေ

**ရန်ကုန် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် သင်္ကြန်အတက်နေ့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်ပြီး ထူးကြီးကျေးရွာရှိ ကရင်တိုင်းရင်းသားများ၏ ရိုးရာဒုံးယိမ်းအကများဖြင့် ဖျော်ဖြေမှုကြောင့် ဒေသခံပြည်သူများ၊ လူငယ်များ၊ လူလတ်ပိုင်းများ သာမက ကလေးငယ်များပါ မြူးထူးကခုန်၍ စည်ကားများပြားလာခဲ့ပြီး နိုင်ငံခြားခရီးသွားဧည့်သည်များလည်း ဆိုက်ကားများစီး၍ ရေပက်ခံခဲ့ကြသည်ကို တွေ့ရသည်။

မဟာသင်္ကြန်ပွဲတော်၏ နောက်ဆုံးနေ့တစ်နေ့ဖြစ်သည်နှင့်အညီ သင်္ကြန်အတက်နေ့ နံနက်ပိုင်းမှ စတင်ပြီး ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ဒလကားဝင်းအတွင်းရှိ ဗဟိုမဏ္ဍပ်တွင် ခေတ်ပေါ်သံစုံတီးဝိုင်းများနှင့် DJ Music တီးခတ်၍ အနုပညာတေးသံရှင် ညီအစ်ကိုမောင်နှမများ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဧည့်ခံခြင်း၊ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအလိုက် မြန်မာ့ရိုးရာယိမ်းအကအလှများနှင့် ကရင်တိုင်းရင်းသားများ၏ ရိုးရာဒုံးယိမ်းအကများဖြင့် ဖျော်ဖြေခဲ့ရာ ဗဟိုမဏ္ဍပ်အတွင်းနှင့် လမ်းမကြီးတစ်လျှောက် အားပေးကြသော ပရိသတ်များ ပြည့်လျှံခဲ့ကြောင်းတွေ့ရသည်။ ထို့အတူ မဏ္ဍပ်အတွင်းရှိ ပြည်သူများအား စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ လုံခြုံစိတ်ချမှုရှိစေရေးနှင့် ခိုက်ရန်ဖြစ်ပွားမှုများမရှိစေရေးအတွက် သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ရဲတပ်ဖွဲ့ဝင်များက မြို့တွင်းလှည့်ကင်း ပတ်ကင်းများဖြင့် လည်းကောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဗဟိုမဏ္ဍပ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရေပက်ခံသူ မိဘပြည်သူများ သတိပြုရှောင်ကြဉ်ရမည့် အချက်များ၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများ သတိပြုရန် နှိုးဆော်ချက်များနှင့် ယာဉ်မောင်းသူများ လိုက်နာရန်အချက်များပါဝင်သော အသိပညာပေး နံရံကပ်ဘုတ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့က ခင်းကျင်းပြသဆောင်ရွက်လျက်ရှိပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စောမောင် နှင့် တာဝန်ရှိသူများက မူယစ်ဆေးဝါးများနှင့် တုတ်၊ ဓား၊ လက်နက်များ သယ်ဆောင်ခြင်းမရှိစေရေးအတွက် စစ်ဆေးမှုများ၊ ပိတ်ဆို့ရှာဖွေမှုများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရေးအတွက် အမှတ်(၅၉)ယာဉ်ထိန်းရဲတပ်ဖွဲ့ စုမှူးရုံး ရဲအုပ်မျိုးအောင်နှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**

# သီပေါချောင်းသာတွင် အနယ်နယ်အရပ်ရပ်မှ အပန်းဖြေရေကစားလာရောက်သူများဖြင့် စည်ကား



**သီပေါ ဧပြီ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ ဒုဋ္ဌဝတီမြစ်ကူးတံတားကြီးအနီး ဒုဋ္ဌဝတီမြစ်ကမ်းဘေးရှိ ဒေသခံများ အခေါ် သီပေါချောင်းသာတွင် ယခုနှစ်မဟာသင်္ကြန် အကြိုရက်မှစတင်၍ အနယ်နယ်အရပ်ရပ်မှ အပန်းဖြေရေကစားလာရောက်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။

သီပေါချောင်းသာသို့ ဒေသခံများသာမက အနီးပတ်ဝန်းကျင်ရှိ လားရှိုး၊ ကျောက်မဲ၊ နောင်ချို၊ နမ့်ဆန်၊ နမ္မတူမြို့နယ်များနှင့် ကျေးလက်များကပါ လာရောက်ပြီး မြစ်အတွင်းရေဆင်းကစားခြင်း၊ ဘောကွင်းငှားရမ်းအပျော်စီးခြင်း၊ စက်လှေငှားရမ်း၍ အထက်ချောင်းဆုံသို့ သွားရောက်လည်ပတ်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

မန္တလေး-လားရှိုးကားလမ်းအနီးမှ အဆိုပါနေရာသို့ အနည်းငယ်ဝင်ရောက်ရပြီး မော်တော်ယာဉ်တစ်စီးလျှင် ငွေကျပ် ၁၀၀၀၊ ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၅၀၀ ဝင်ကြေးကောက်ခံခဲ့သည်။ ယခုနှစ်မဟာသင်္ကြန်ရက်များအတွင်း လာရောက်သူပိုမိုများပြား၍ ရဲတပ်ဖွဲ့ကလုံခြုံရေးရဲကင်းချထားပြီး စောင့်ရှောက်ပေးခဲ့ကြောင်း သီပေါမြို့မရဲစခန်းမှ ရဲအုပ်သက်နိုင်ထွန်းက ပြောကြားသည်။

သီပေါချောင်းသာနေရာသည် သာယာလှပပြီး စီးဆင်းနေသည့် ဒုဋ္ဌဝတီမြစ်ရေကလည်း ကြည်လင်အေးမြနေ၍ နွေရာသီတွင် အပန်းဖြေရေကစားလာသူများဖြင့် မေလဆန်းအထိ နေ့စဉ်စည်ကားခဲ့ကြောင်း သီပေါချောင်းသာအမည်ဖြင့် စားသောက်ဆိုင်ဖွင့်ထားသူ ကိုမင်း၏ဇနီးကပြောပြသည်။ စားသောက်ဆိုင်များ၊ အအေးဆိုင်များ၊ ဘောကွင်းအငှားဆိုင်များဖြင့် အပန်းဖြေရေကစားရာ သီပေါချောင်းသာကို ရပ်နီးရပ်ဝေးတို့မှ ပြည်သူများက အထူးနှစ်သက်ကြကြောင်း သိရသည်။

**သီပေါကိုလတ်**

# ရခိုင်ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော် မြောက်ဦးမြို့နယ်၌ အေးချမ်းပျော်ရွှင်စွာဆင်နွှဲ

**မြောက်ဦး ဧပြီ ၁၆**

ရခိုင်ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကြီးကို အမြို့မြို့အနယ်နယ်တိုင်းတွင် အေးချမ်းပျော်ရွှင်စွာဆင်နွှဲလျက်ရှိရာ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်တွင်လည်း ၁၃၇၉ ခုနှစ် ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် အခါသမယသင်္ကြန်အတက်နေ့ဖြစ်သည့် ဧပြီ ၁၆ ရက်တွင် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနေပြည်သူများကလည်း အေးချမ်းပျော်ရွှင်စွာ မဟာသင်္ကြန်ပွဲတော်ကြီးကို ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ရေကစားမဏ္ဍပ်များ၌ ရပ်ကွက်၊ ကျေးရွာများမှ ရေပက်ခံထွက်ကြသူများဖြင့် ပျော်ရွှင်စွာရေကစားခဲ့ကြသလို ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ လူငယ်အဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများက စတုဒိသာအကျွေးအမွေးများဖြင့်လည်း ဧည့်ခံကျွေးမွေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ ရပ်ကွက်၊ ကျေးရွာဘုန်းတော်ကြီးကျောင်းများတွင် ဒုလ္လဘဝတ်သူများလည်းရှိကာ တရားစခန်းများတွင် တရားအားထုတ်သူများ၊ ဆရာတော်ကြီးများထံမှ တရားဒေသနာတော်များနာယူ၍ ဥပုသ်သီလဆောက်တည်ခြင်းစသော ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





**မဟာသင်္ကြန်အတက်နေ့တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ရန်ကုန်-အင်းစိန်လမ်းမကြီးတွင် ပျော်ရွှင်စွာ ရေကစားနေသူများကို တွေ့ရစဉ်။**

အေးမင်းသူ

**ရန်ကုန် အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်ရှိ ဆီဒိုးနားဟိုတယ် မိသားစု ရေကစားမဏ္ဍပ်တွင် သင်္ကြန်အတက်နေ့က ရေပက်ကစားသူများနှင့် ရေပက်ခံကားများ ပျော်ရွှင်စွာရေကစားနေကြစဉ်။**

အောင်မြင့်



# နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ် ပိတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၆**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ပွဲတော် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့မျက်နှာစာရှိ အဆိုပါ ရေကစားမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာဝင်းမြတ်အေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ၎င်းတို့၏ဇနီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ တာဝန်ရှိသူများနှင့် သင်္ကြန်ချစ်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် ကပြဖျော်ဖြေခဲ့ကြသည့် ယိမ်းအကအဖွဲ့များက မဏ္ဍပ်ရှေ့မျက်နှာစာတွင် နေရာယူကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ် ပိတ်သိမ်းကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ၎င်းတို့၏ဇနီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မဟာသင်္ကြန်အတာရေစင်များ အပြန်အလှန် ပက်ဖျန်းကြသည်။

ထို့နောက် ယိမ်းအကအဖွဲ့များက မန်းတောင်ရိပ်ခိုတေးသီချင်း သီဆိုကပြဖျော်ဖြေပြီး အခမ်းအနားကို ပိတ်သိမ်းခဲ့သည်။ **သတင်းစဉ်**




# ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ် ရေသဘင်ပွဲတော် ပိတ်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် မေ ၁၆**

ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ် ရေသဘင်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့(သင်္ကြန်အတက်နေ့) ညနေ ၅ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ မဟာသင်္ကြန်ရေသဘင်ပွဲတော် ပိတ်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး မဟာသင်္ကြန်ရေသဘင်ပွဲတော် ပိတ်သိမ်းကြောင်း ကြေညာသည်။

ထို့နောက် အနုပညာရှင်များ၊ ယိမ်းအဖွဲ့များ၊ တိုင်းရင်းသားများက ရိုးရာအကအလှများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မြို့တော်ရန်ကုန် မဟာသင်္ကြန်(ဗဟို)မဏ္ဍပ်တွင် သီဆိုဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်သည်။

ရန်ကုန်မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ပိတ်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့်ဇနီး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ညပိုင်းတွင် မြို့တော်ရန်ကုန် မဟာသင်္ကြန်(ဗဟို)မဏ္ဍပ်၌ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များ၊ ယိမ်းအဖွဲ့များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များနှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များက တေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**သတင်း-မင်းသစ်၊ သန့်ဇင်ဝင်း**
**ဓာတ်ပုံ-ဇော်မင်းလတ်(ဒလ)၊ ရဲထွဋ်**

# မဟာသင်္ကြန်အတက်နေ့တွင် ရန်ကုန်မြို့၌ ယခင်ရက်များထက် ပိုမိုစည်ကား

**ရန်ကုန် မေ ၁၆**

မဟာသင်္ကြန်ပွဲတော်ကာလ နောက်ဆုံးနေ့ဖြစ်သည့် သင်္ကြန်အတက်နေ့တွင် နံနက်ပိုင်းမှစကာ ရန်ကုန်မြို့တစ်မြို့လုံးနီးပါး ရေကစားကြသူများ၊ ရေပက်ခံထွက်သူများဖြင့် ယခင်ရက်များထက် ပိုမိုစည်ကားခဲ့သည်။



"ဒီနေ့ စည်ကားချက်ကတော့ မင်းဓမ္မလမ်းမှာလည်း တိုးလို့မရဘူး၊ နောက်ပြီးတော့ ဗဟိုလမ်းနဲ့ အင်းစိန်လမ်းမကြီးလည်း တိုးလို့မရတော့ဘူး၊ ကမ္ဘာအေးဘုရားလမ်းနဲ့ ဘုရင့်နောင်လမ်း နှစ်လမ်းပဲသွားလို့ရတယ်၊ အခုကျန်တဲ့လမ်းတွေပိတ်နေလို့ မြို့ထဲကနေ အထက်ကြည့်မြင်တိုင်လမ်းအတိုင်းပဲ ပတ်မောင်းနေရတယ်"ဟု အင်းစိန်မြို့နယ်မှ ကားဖြင့် ရေပက်ခံထွက်လာသည့် ဦးလှသိန်းက ပြောသည်။

ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ဗဟိုမဏ္ဍပ်ရှေ့တွင်လည်း နိုင်ငံကျော်အနုပညာရှင်များ၏ ဂီတဖျော်ဖြေမှုများ၊ ယိမ်းအကအဖွဲ့များ၏ ဖျော်ဖြေမှုများကို လာရောက်ကြည့်ရှုသူ၊ လမ်းလျှောက်သင်္ကြန် ပါဝင်ဆင်နွှဲသူများဖြင့် တိုးမပေါက်အောင် များပြားလျက်ရှိသည်။

"နောက်ဆုံးရက်ဆိုတော့ မိသားစုလိုက် မြို့ထဲကို သင်္ကြန်လည်ဖို့ လာတာပါ၊ လမ်းလျှောက်သင်္ကြန်က ခြေချလို့တောင်မရဘူး၊ လူတွေအတော်များတယ်၊ ပြီးတော့ မြို့တော်ခန်းမမှာ ဖျော်ဖြေတာတွေကြည့်ရင်းနဲ့ ပျော်ဖို့လည်း ကောင်းတယ်"ဟု ဗန္ဓုလပန်းခြံလမ်းလျှောက်သင်္ကြန်ကို လာရောက်သည့် သန်လျင်မြို့နယ်မှ ကိုကြည်ညွန့်က ပြောသည်။

ကန်တော်ကြီးဥယျာဉ်အတွင်းရှိ လမ်းလျှောက်သင်္ကြန်ပွဲတွင် လမ်းတစ်လျှောက် ရေကစားမဏ္ဍပ်အသေးလေးများဖြင့် ရေပက်ကစားသူများ၊ ဖျော်ဖြေရေးစတိတ်စင်များ၊ ပုဂံ၊ ကုန်းဘောင်၊ ကိုလိုနီခေတ်နှင့် မျက်မှောက်ခေတ်စသည့် ခေတ်အဆက်ဆက်သင်္ကြန်ရေကစားမှုပုံစံများ ထည့်သွင်းကျင်းပခဲ့ရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် သင်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပသည့် ရခိုင်ရိုးရာ ယဉ်ကျေးမှု သင်္ကြန်ပွဲတော်တွင်လည်း ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားလျက်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် ရေကစားမဏ္ဍပ်များ၊ ပုဂ္ဂလိကပိုင်မဏ္ဍပ်များ၊ ရပ်ကွက်လမ်းများတွင်လည်း မိသားစုရေကစားမဏ္ဍပ်များ၊ အုန်းလက်မဏ္ဍပ်များဖြင့် ပျော်ရွှင်စွာ ရေကစားလျက်ရှိပြီး မုန့်လုံးရေပေါ်၊ သာဂူ၊ ထမင်း၊ ရွှေရင်အေးစသော စတုဒိသာ အကျွေးအမွေးများဖြင့် ကျွေးမွေးလှူဒါန်းကြသည်။

ရန်ကုန်သင်္ကြန်တွင် မဏ္ဍပ်ကြီးများ အများဆုံးစုစည်းတည်ရှိရာ လှိုင်မြို့နယ်(အင်းလျားကန်ပေါင်အနီး) ပြည်လမ်းပေါ်ရှိ မဏ္ဍပ်ကြီးများ ၊ အနော်ရထာလမ်းပေါ်ရှိ မဏ္ဍပ်ကြီးများနှင့် မြို့နယ်အလိုက် တည်ရှိသည့် မြို့နယ်မဏ္ဍပ်များတွင် နံနက်ပိုင်းမှ ညနေပိုင်းအထိ သီဆိုဖျော်ဖြေသူများ၊ရေကစားသူများနှင့် ရေပက်ခံထွက်သူများ၊ လာရောက်လည်ပတ်သူများနှင့်အတူ နိုင်ငံခြားသားများလည်း သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြသည်။

**သတင်း-မင်းသစ်၊ သန့်ဇင်ဝင်း**
**ဓာတ်ပုံ-ဇော်မင်းလတ်၊ရဲထွဋ်**

**✻ ရွှေဖုံးမှ**

မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကားများကို ဧပြီ ၁၇ ရက် မွန်းတည့် ၁၂ နာရီ၊ ညနေ ၄ နာရီ၊ ည ၈ နာရီ သတင်းများအပြီးတွင် လည်းကောင်း ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့အသံရေဒီယိုမှ ဒုတိယသမ္မတနှစ်ဦး၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားများကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီ၊ ညနေ ၄ နာရီခွဲ၊ ည ၈ နာရီ သတင်းများအပြီးနှင့် လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့၏ နှုတ်ခွန်းဆက်စကားများကို ဧပြီ ၁၇ ရက် နံနက် ၁၁ နာရီ၊ ညနေ ၄ နာရီခွဲ၊ ည ၈ နာရီ သတင်းများအပြီးတွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**❖ ဒုတိယသမ္မတမှ**

ကုသိုလ်ဖြစ် ငါးစာကျွေးခြင်း၊ ငါးလွှတ်ခြင်းနှင့် ငှက်လွှတ်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ရေပက်ခံမဏ္ဍပ်ငယ်များ၊ မိသားစုမဏ္ဍပ်များတွင် ပြည်သူများ အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြပြီး စတုဒိသာကျွေးမွေးကုသိုလ်ယူကြသူများ၊ မော်တော်ဆိုင်ကယ်၊ မော်တော်ကားများဖြင့် လှည့်လည်ရေပက်ခံထွက်သူများဖြင့် နေပြည်တော်ကောင်စီနယ်မြေ လမ်းမကြီးများပေါ်တွင် စည်ကားခဲ့သည်။

**သတင်းစဉ်**

**✪ ကျောဖုံးမှ**

နှစ်သိမ့်ဆုရရှိသည့် သင်္ကြန်ယိမ်းအဖွဲ့များအား ဆုများအသီးသီးချီးမြှင့်ကြသည်။

ယင်းနောက် တတိယဆုရရှိသည့် ရွှေသင်္ကြန်မေယိမ်းအဖွဲ့နှင့် ဒုတိယဆုရရှိသည့် နွေဦးမာလာယိမ်းအဖွဲ့တို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပထမဆု ရရှိသည့် နွေဦးကဗျာ သင်္ကြန်ယိမ်းအဖွဲ့အား ဆုချီးမြှင့်ပြီး ပထမဆုရရှိသည့် နွေဦးကဗျာယိမ်းအဖွဲ့မှ သင်္ကြန်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်၍ ခရိုင်အုပ်ချုပ်ရေးမှူးက မြန်မာ့ရိုးရာသင်္ကြန်ဗဟိုမဏ္ဍပ်အား အောင်မြင်စွာပိတ်သိမ်းကြောင်း ကြေညာသည်။

ယင်းနောက် သင်္ကြန်ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေတင်ဆက်ကြပြီး နှစ်သစ်ကို ကြိုဆိုကြသည်။ **သတင်းစဉ်**

# မြန်မာ့ရိုးရာမဟာသင်္ကြန်အတက်နေ့ နေပြည်တော်တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစား





**နေပြည်တော် ဧပြီ ၁၆**

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်၏ နောက်ဆုံးသောနေ့ မြန်မာ့ရိုးရာမဟာသင်္ကြန်အတက်နေ့ ဖြစ်သည်။ အနယ်နယ်အရပ်ရပ်မှ မြန်မာနိုင်ငံသူနိုင်ငံသားများကလည်း မြန်မာ့ရိုးရာဓလေ့ ရေကစားခြင်းဖြင့် နှစ်သစ်ကို ပျော်ရွှင်စွာ ဖြတ်သန်းကြသည်။

နေပြည်တော်ကောင်စီနယ်မြေရှိ ရေကစားမဏ္ဍပ်များတွင်လည်း ရေလောင်းရေပက်ကြသူများ၊ သင်္ကြန်ချစ်သူများဖြင့် စည်ကားခဲ့ပြီး ဘုရားကျောင်းကန်များတွင် ကုသိုလ်ပြုကြသူများ များပြားခဲ့သည်။

နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်တွင် ယနေ့ နံနက် ၉ နာရီမှစတင်၍ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့မှ တေးသံရှင်များက တေးသီချင်းများဖြင့် လည်းကောင်း၊ အနုပညာဦးစီးဌာနနှင့် ဝန်ကြီးဌာနများမှ ယိမ်းအဖွဲ့များက ယိမ်းအကအလှများဖြင့်လည်းကောင်း ဖျော်ဖြေခဲ့ကြပြီး ရေပက်ခံကားများ၊ ရေကစားကြသူများဖြင့် စည်ကားခဲ့သည်။

နိုင်ငံကျော် အနုပညာရှင်များနှင့် တေးသံရှင်များ ဖျော်ဖြေလျက်ရှိသည့် ရွှေသံလွင်ကုမ္ပဏီမိသားစု မြန်မာ့ရိုးရာရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေကစားကြသူများဖြင့် အထူးစည်ကားခဲ့ပြီး စတုဒိသာမဏ္ဍပ်တွင်လည်း လာရောက်စားသုံးကြသူများဖြင့် များပြားခဲ့သည်။

ယခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သည့် ပျဉ်းမနားမြို့ လမ်းလျှောက်သင်္ကြန်၌ ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်နှင့် ပျဉ်းမနားမြို့ အပါအဝင် အနီးပတ်ဝန်းကျင်မှ လာရောက်လည်ပတ်ကြသူများ၊ အေးချမ်းစွာ လမ်းလျှောက်၍ ရေပက်ခံကြသူများက ပျော်ရွှင်စွာ ရေလောင်းရေပက်ကစား၍ မြန်မာ့ရိုးရာ အတာသင်္ကြန်ကို ဆင်နွှဲခဲ့ကြသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစု ရေကစားမဏ္ဍပ်၊ ဇေယျာသီရိကုန်တိုက်အနီးရှိ ရေကစားမဏ္ဍပ်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ရှေ့ရှိ ရေကစားမဏ္ဍပ်၊ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှေ့ရှိ ရေကစားမဏ္ဍပ်၊ တပ်မတော်ဆေးရုံကြီးရှေ့ရှိ ရေကစားမဏ္ဍပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ အိမ်ထောင်သည်လိုင်းအနီး ရေကစားမဏ္ဍပ်တို့တွင် သင်္ကြန်ယိမ်းအကများနှင့် တေးသံရှင်များက ကပြဖျော်ဖြေခဲ့ကြပြီး အတာရေသဘင်ပွဲကို ပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကားခဲ့သည်။

လှေခွင်းတောင်၊ နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ရေပန်းဥယျာဉ်၊ နေပြည်တော်ဆာဖာရီဥယျာဉ်နှင့် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်တို့တွင် လာရောက်လည်ပတ် အနားယူအပန်းဖြေကြသည့် မိသားစုများ၊ ပြည်သူများဖြင့် များပြားခဲ့သည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တပ်ကုန်း၊ လယ်ဝေး၊ ဇဗ္ဗူသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ဇေယျာသီရိနှင့် ပုဗ္ဗသီရိမြို့နယ်များရှိ ရေကစားမဏ္ဍပ်များ၊ မိသားစုမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များတွင် သင်္ကြန်ချစ်သူပြည်သူများက ပျော်ရွှင်စွာ ရေကစားခြင်း၊ အလှူဒါနပြုလုပ်ခြင်းများဖြင့် စည်ကားခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥပ္ပါတသန္တိစေတီတော်၊ ဓာတုစယ ဓာတ်ပေါင်းစုစေတီတော်၊ ကိုးခန်းကြီးဘုရား၊ ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်ကြီး စသည့် ဘုရားကျောင်းကန်များနှင့် တရားစခန်းများတွင် ကုသိုလ်ပြုကြသူများ၊ တရားဘာဝနာပွားများကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အတာသင်္ကြန်အတက်နေ့တွင် ရှမ်းပြည်နယ် ကျိုင်းတောင်းရေတံခွန်၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကား

**ကျိုင်းတောင်း ဧပြီ ၁၆**

မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန် အတက်နေ့သည် ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ တိုင်းရင်းသားလူမျိုးအများစု ဘုရားသွားကျောင်းတက် ကုသိုလ်ယူ သီတင်းသီလ ဆောက်တည်ပြီး အပန်းဖြေစခန်းများသို့ ရေပက်ခံထွက်လေ့ရှိသော ရက်တစ်ရက်ဖြစ်ကြောင်း သိရသည်။

ထိုနည်းတူစွာ အတာသင်္ကြန် အတက်နေ့တွင် ရှမ်းပြည်နယ် လင်းခေးခရိုင် လင်းခေး၊မိုးနဲ၊ မောက်မယ်၊ မိုင်းပန်၊ ကျိုင်းတောင်းမြို့နှင့် ဟိုမိန်းမြို့များ အပါအဝင် တောင်ကြီး၊ လွိုင်လင်ခရိုင်အတွင်း နေထိုင် ကြသော ကမ္ဘောဇမြေမှ တိုင်းရင်းသားပြည်သူ အများစုက ဘုရားသွားကျောင်းတက် ဥပုသ်သီလ ဆောက်တည်လေ့ရှိကြပေသည်။

ထို့အပြင် အချို့သော သင်္ကြန်ချစ်သူများက အခြားမြို့ရွာများရှိ အထင်ကရနေရာများဖြစ်သည့် ကျိုင်းတောင်းရေတံခွန်၊ နမ့်မောဝ်ရေတံခွန် (ခိုလမ်)၊ မောက်မယ်



ရေတံခွန်၊ ဟိုင်းပါရေတံခွန်(မိုင်းရှူး)၊ ပန်ပေါင်းရေတံခွန် (လင်းခေး)၊ လဲချားရေတံခွန်၊ အပန်းဖြေနေရာများနှင့် ကွန်ဟိန်းမြို့နယ်အတွင်းရှိ ရေတံခွန်များသို့ သွားရောက် လည်ပတ် အပန်းဖြေရေကစားကြသည်။

ဂုင်းအပြင် နမ့်စန်၊ မိုးနဲ၊ ခိုလမ်၊ ကွန်ဟိန်းမြို့များရှိ သဘာဝရေကန်များနှင့် အပန်းဖြေပန်းခြံ၊ ကြိုးတံတား၊ ရေပေါ်စားသောက်ဆိုင်များ၊ သာယာလှပသော သင်္ကြန်အပန်းဖြေစခန်းများတွင် အတာသင်္ကြန်အတက်နေ့၌ စည်ကားလျက်ရှိသည်မှာ မြန်မာ့ရိုးရာ သင်္ကြန်ကာလ ရှမ်းပြည်နယ်၏ သဘာဝအလှတစ်ခုပင်ဖြစ်သည်။

သင်္ကြန်အတက်နေ့တွင် ရေကစားထွက်လေ့ရှိသည်မှာလည်း ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့တစ်ခုပင်ဖြစ်ကြောင်း ရှေးလူကြီးများက ဆိုသည်။

မြန်မာနှစ်ဆန်း ၁ ရက်နေ့အရောက်တွင် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို အများဆုံး ဆောင်ရွက်လေ့ရှိကြကြောင်းနှင့် မြန်မာ့ရိုးရာအတာသင်္ကြန်အတက်နေ့ရောက်တိုင်း ရှမ်းပြည်နယ်အတွင်းရှိ မြို့ရွာများတွင် သင်္ကြန်ကာလ လေးရက်အတွင်း အစည်ကားဆုံးသော နေ့ရက်တစ်ရက်အဖြစ် မြင်တွေ့နိုင်ကြောင်းနှင့် သင်္ကြန်အတက်နေ့ လူစည်ကားရာနေရာဒေသများအနက် လင်းခေးခရိုင် ကျိုင်းတောင်းမြို့ရှိ အထက်ကျိုင်းတောင်းရေတံခွန်နှင့် အောက်ကျိုင်းတောင်းရေတံခွန် နေရာသည် အနယ်နယ်အရပ်ရပ်မှ သင်္ကြန်တွင်းကာလ အပန်းဖြေသူများဖြင့် အများဆုံး စည်ကားရာနေရာတစ်ခုဖြစ်ကြောင်း ဧပြီ ၁၆ ရက်က ကျိုင်းတောင်းရေတံခွန်သို့ သွားရောက်သူများထံမှ သိရသည်။

**အယ်လ်စိုင်းရှမ်းအညာမြေ**

# စစ်တွေမြို့၌ ရခိုင်ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်အောင်မြင်စွာ ပိတ်သိမ်း

**စစ်တွေ မေ ၁၆**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ရခိုင်-မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် ရခိုင်ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ် ပိတ်သိမ်းပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲက အဆိုပါဗဟိုမဏ္ဍပ်၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ယဉ်ကျေးမှုယိမ်းအကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် နံ့သာသွေးပြိုင်ပွဲဝင် သမီးပျိုလေးများ တက်ရောက်ကြသည်။

ရှေးဦးစွာ နံ့သာသွေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရအသင်းများအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး ရခိုင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က သင်္ကြန်အတာ ကျူးလီယင့် ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ပြီး ရခိုင်အဆိုတော်များဖြစ်ကြသည့် ချစ်စု၊ ပန်းခက်ရွှေစင်၊ ဒိုးကလေး၊ ညာစိမ်းခိုင်၊ မြတ်ခိုင်ကျော်နှင့် ရခိုင်အဆိုတော်များက သီဆိုဖျော်ဖြေကြသည်။ ထို့နောက် ရခိုင်ရိုးရာ မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက နှုတ်ခွန်းဆက်စကားပြောကြားပြီး ၁၃၇၉ ခုနှစ် ရခိုင်ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်အား အောင်မြင်စွာပိတ်သိမ်းကြောင်း ကြေညာပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**




# နှစ်သစ်တွင် မေတ္တာတရားကို အခြေခံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာမှန်ကန်စွာဖြင့် အတူလက်တွဲလုပ်ဆောင်သွားကြမည်

တွေ့ဆုံမေးမြန်း - မင်းထက်အောင်၊ တင်မောင်(မန်းကိုယ်ပွား)

**ယခုနှစ်မန္တလေးမြို့တွင် ကျင်းပသည့် မဟာသင်္ကြန်ပွဲတော်ကြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားပျော်ရွှင်စေရေးအတွက် ဆန်းသစ်တီထွင်မှုများဖြင့် လမ်းလျှောက်သင်္ကြန်(တောသင်္ကြန်)အစီအစဉ်များ ထည့်သွင်းကျင်းပခဲ့ရာ ဒေသခံပြည်သူများ၊ ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်တစားလာရောက်လည်ပတ်၍ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသဖြင့် မန္တလေးမဟာသင်္ကြန်ပွဲတော်ကြီးမှာ အထူးစည်ကားခဲ့သည်။**

**ယနေ့ မဟာသင်္ကြန်အတက်နေ့ ညနေပိုင်းတွင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ပိတ်ပွဲအခမ်းအနား၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ယခုနှစ် သင်္ကြန်ပွဲတော်ကြီး အေးချမ်းအောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ခြင်းသည် မန္တလေးမြို့တော်သူ မြို့တော်သားများ တစ်ဦးချင်းစီ အသိစိတ်ဓာတ်ရှိစွာ ပါဝင်ခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်းပြောကြားခဲ့ပြီး နှစ်သစ်မင်္ဂလာတွင် မေတ္တာတရားကိုအခြေခံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့် ပြည်သူလူထု စုပေါင်းအင်အားနှင့်အတူ လက်တွဲလုပ်ဆောင်သွားကြရန်နှင့် နိုင်ငံသူ နိုင်ငံသားအားလုံး နှလုံးစိတ်ဝမ်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းခဲ့သည်။ အဆိုပါ လမ်းလျှောက်သင်္ကြန်(တောသင်္ကြန်)ပွဲတော်တွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူများကလည်း လာမည့်နှစ်သစ်အတွက် ပြည်သူပြည်သားအားလုံးကို ဆုတောင်းမေတ္တာစကား အသီးသီးပြောကြားခဲ့ကြသည်-**


ဒေါ်ရောကျော်ဇော


ဦးမင်းဆွေ


ဆရာစောချိုသာ


ဦးစန်းယု


ဦးမြင့်အောင်

**ဒေါ်ရောကျော်ဇော (မန်းညွန့်စံ Trading)**

ကျွန်မတို့က မန္တလေးသူ စစ်စစ်ဖြစ်တဲ့အတွက် ကိုယ့်ဒေသရဲ့ မန္တလေးသင်္ကြန်ကို အခုလိုမျိုး စည်းကမ်းရှိရှိနဲ့ စည်ကားပျော်ရွှင်နေတာကို တွေ့ရတာ အလွန်ကို ကြည်နူးဝမ်းသာပါတယ်။ ဟိုအရင်ကတည်းက အစဉ်အလာရှိခဲ့တဲ့ မန္တလေးသင်္ကြန်ကို အခုချိန်မှာ မြို့ရဲ့တာဝန်ရှိသူတွေက လွတ်လပ်ပေါ့ပါးစွာနဲ့ လည်ပတ်နိုင်အောင် ကျွန်မတို့ မခန့်မှန်းနိုင်တဲ့ လမ်းလျှောက်သင်္ကြန်(တောသင်္ကြန်)အစီအစဉ်သစ်လေးတွေ ဖန်တီးပုံဖော်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်းပြောပါရစေ။ ကျွန်မတို့ကလည်း ကိုယ့်မြို့မှာ ကျင်းပတဲ့ လမ်းလျှောက်သင်္ကြန်ပွဲတော်ကြီးကို ပိုမိုစည်ကားပျော်ရွှင်ပြီး နိုင်ငံတကာကို ဆွဲဆောင်နိုင်အောင် တစ်ထောင့်တစ်နေရာကနေ အားဖြည့်ကူညီတဲ့အနေနဲ့ ကျွန်မတို့ရေကစားမဏ္ဍပ်ကနေ ရေမြှုပ်စက် ခြောက်လုံးနဲ့ ဆပ်ပြာရေမြှုပ်တွေ ပက်ဖျန်းပြီး ပါဝင်ဖျော်ဖြေမှုတွေ ပေးခဲ့ပါတယ်။ နှစ်သစ်မှာ မြန်မာပြည်သူ ပြည်သားအားလုံး ဘေးရန်ကင်းပြီး အန္တရာယ်ကင်းရှင်းစွာနဲ့ အောင်မြင်မှုတွေ ပိုင်ဆိုင်နိုင်ကြပါစေ။

**ဦးမင်းဆွေ (Three Jade အင်ကြင်းကျောက်လုပ်ငန်း နွားထိုးကြီး)**

ဒီနှစ် မန္တလေးသင်္ကြန်ရဲ့ ထူးခြားချက်ကတော့ လမ်းလျှောက်သင်္ကြန်ပွဲတော်နဲ့ ပေါင်းစပ်ပြီး ခရီးသွားလုပ်ငန်းနဲ့ SME လုပ်ငန်းတွေ တိုးတက်ဖို့ ကဏ္ဍတစ်ခုအနေနဲ့ ဖိတ်ခေါ်လာတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ SME လုပ်ငန်းရှင်တွေကလည်း ဒီပွဲတော်မှာ အားတက်သရော ပါဝင်ပြီး ကျွန်တော်တို့ ကုန်ပစ္စည်းတွေကို မိတ်ဆက်ပြသခွင့်ရရှိခဲ့သလို လမ်းလျှောက်သင်္ကြန်ကို ပိုမိုစည်ကားအောင် အားဖြည့်ကူညီရာရောက်တဲ့အတွက် အထူးပဲဂုဏ်ယူမိပါတယ်။ ကျွန်တော့်မဏ္ဍပ်မှာ အင်ကြင်းကျောက်နဲ့ ထုဆစ်ထားတဲ့ မိုးရေစက်ပုံစံလေးတွေ ချိတ်ဆွဲထားတဲ့အပြင် အင်ကြင်းကျောက်နဲ့ ဖန်တီးထုဆစ်ထားတဲ့ ရေတံခွန်၊ ရေပန်းလေးတွေနဲ့ အမှတ်တရ ဓာတ်ပုံရိုက်လို့ရအောင် စီစဉ်ပေးထားပါတယ်။ မြန်မာပြည်သူ ပြည်သားအားလုံး နှစ်သစ်မှာ အင်ကြင်းဆောင်၍ အောင်ခြင်းဆင်နိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

**ဆရာစောချိုသာ (ကဗျာဆရာ )**

ကျွန်တော်တို့ မန္တလေးသင်္ကြန်ပွဲတော်က အရင်ကလည်း အစဉ်အလာအရ စည်ကားခဲ့ပေမယ့် ယနေ့ခေတ်မှာ ဆိုင်ကယ်တွေ၊ ကားတွေနဲ့ သင်္ကြန်ကို လည်ပတ်ရတာဆိုတော့ ထိခိုက်ဒဏ်ရာရသူတွေ၊ အသက်ဆုံးရှုံးသူတွေ ရှိခဲ့တယ်။ ဒီဖြစ်စဉ်တွေ လျော့နည်းပြီး လွတ်လပ်ပေါ့ပါးစွာနဲ့ လူကြီး၊ လူငယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး မိသားစုအလိုက်ပါ လည်ပတ်လို့ရအောင် တာဝန်ရှိသူတွေက စေတနာထားပြီး စီစဉ်ပေးတဲ့ လမ်းလျှောက်သင်္ကြန်ပွဲတော်ကတော့ တိုးမပေါက်အောင် စည်ကားနေတာ အံ့မခန်းပါပဲ။ ဒါတင်မက ဒီနှစ်မှစပြီး ကျင်းပတဲ့ တောသင်္ကြန် ညပိုင်းဈေးရောင်းပွဲတော် အခင်းအကျင်းကလည်း ပီပြင်လွန်းတဲ့အတွက် နေ့ရောညပါ စည်ကားတဲ့ မန္တလေးသင်္ကြန်ပွဲတော်လို့ ပြောပါရစေ။ ကျွန်တော်တို့ မန္တလေးသင်္ကြန်ပွဲတော်ရဲ့ စည်ကားပျော်ရွှင်မှုကို ကဗျာသမားပီပီ ခံစားရေးဖွဲ့ရရင်-

**မန်းသင်္ကြန် ကျူးနံဘေး**  
**ဟိုဒီငေးလျှောက်လို့လည်**  
**စတုဒိသာ စီတန်းလို့ ဝမ်းကိုဖြည့်မယ်**  
**မဏ္ဍပ်ရဲ့ ရှေ့မှာ တကယ်**  
**ကလိုက်မယ် တို့အများ**  
**သဘောအမှန် တောသင်္ကြန်**  
**လည်ကာပတ်လို့ ထူးမြတ်စေသား**

လို့ စပ်ဆိုဂုဏ်ပြုပေးရင်း နှစ်သစ်မှာ အောင်မြင်တိုးတက်ခြင်းများဖြင့် ပြည့်စုံကြပါစေ။

**ဦးစန်းယု(လက်ထောက်ညွှန်ကြားရေးမှူး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာန အထက်မြန်မာပြည်ဌာနခွဲ)**

လမ်းလျှောက်သင်္ကြန်ဆိုတာကို နိုင်ငံခြားသားခရီးသွားတွေအတွက် တစ်ခုတည်းမဟုတ်ဘဲ ပြည်သူလူထုအားလုံးရဲ့ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်တာပါ။ လမ်းလျှောက်သင်္ကြန်ကို ဒီထက်ပိုပြီး တိုးမြှင့်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ခရီးသွားနဲ့ အောင်မြင်နေတဲ့ နိုင်ငံတွေမှာ အမြဲတမ်းဆန်းသစ်တီထွင်နေကြရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း တစ်နှစ်ထက်တစ်နှစ် အစီအစဉ်တွေကို ပိုကောင်းအောင်လုပ်ပြီး ပေါင်းစပ်ညှိနှိုင်းမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုရှိရင် အောင်မြင်မှာပါ။

ဒီနှစ် လမ်းလျှောက်သင်္ကြန်က ယခင်နှစ်တွေထက် ခရီးသွားဝင်ရောက်မှု ပိုမိုများပြားပေမယ့် ဒီလောက်နဲ့ရပ်မထားဘဲ ပိုပြီးကြိုးစားဖို့ လိုပါတယ်။ နှစ်သစ်မှာ ခရီးသွားလုပ်ငန်း အောင်မြင်မှုနဲ့အတူ မြန်မာပြည်သူတွေ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိကြပါစေ။

**ဦးမြင့်အောင် (နာယက၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း)**

လမ်းလျှောက်သင်္ကြန်ဆိုတာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွက် အခြေခံတာပါ။ ဒါကြောင့် ကျွန်တော်တို့ ဟိုတယ်ဆိုင်ရာလုပ်ငန်းစုအနေနဲ့ ဒီပွဲတော်ကနေ တစ်ထောင့်တစ်နေရာက အားဖြည့်ဆောင်ရွက်ခဲ့ပါတယ်။ လမ်းလျှောက်သင်္ကြန်ရဲ့ အနှစ်သာရက သင်္ကြန်ကို လမ်းလျှောက်ပြီး လည်ပတ်တဲ့ပြည်သူတွေနဲ့ တိုက်ရိုက်ရင်းနှီးတွေ့ဆုံပျော်ရွှင်ခွင့်ရတဲ့အတွက် ခရီးသွားလုပ်ငန်းကို အများကြီး အထောက်အကူဖြစ်မယ်လို့ ယုံကြည်ပါတယ်။ လာမယ့် ၁၃၈၀ ပြည့်နှစ်ကတော့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလားအလာအကောင်းဆုံးနှစ်ဖြစ်မယ်လို့ ယူဆပါတယ်။ ခရီးသွားလုပ်ငန်းတိုးတက်ပြီး ပြည်သူတွေ အကျိုးစီးပွားဖြစ်ထွန်းကြပါစေလို့ ဆုတောင်းပါတယ်။ ။

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အတက်နေ့တွင် ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ



မဟာသင်္ကြန်အတက်နေ့တွင် လသာမြို့နယ် (၁၉)လမ်းရှိ ရွှေသံလွင် Mytel မဏ္ဍပ်၌ တေးဂီတသီဆို ဖျော်ဖြေမှုများကို လာရောက်အားပေးကြသူများအား တွေ့ရစဉ်။

အေးမင်းသူ



စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားများက တိုပါးယိုးမြန်မာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း မြန်မာတိုင်းရင်းသားမုန့်မျိုးစုံဖြင့် စတုဒိသာကျွေးမွေးခြင်း၊ ယဉ်ကျေးစွာ ရေပက်ဖျန်းခြင်းဖြင့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကြစဉ်။

ဟန်စိန်(ဥတ္တလာ)



ဧပြီ ၁၆ ရက်(မဟာသင်္ကြန်အတက်နေ့)တွင် ဓနုဖြူမြို့နယ်၌ ရေကစားသူများနှင့် မြို့နယ်အတွင်း ရေပက်ခံသူများဖြင့် စည်ကားနေစဉ်။

အောင်သူဟိဏ်း(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် မုန်ကုန်းကျေးရွာမြောက်ဘက် ယောချောင်းဘေး သဲသောင်ပြင်၌ ရေကစားမဏ္ဍပ်ဆောက်လုပ်၍ ကျေးရွာယိမ်းအကအဖွဲ့များက အလှည့်ကျဖျော်ဖြေကာ ရေကစား၊ ရေပက်သူများဖြင့် စည်ကားနေစဉ်။

ညဏ်တိုး(ပေါက်)



မဟာသင်္ကြန်ပွဲတော်အတက်နေ့တွင် လမ်းမတော်မြို့နယ် အနော်ရထာလမ်းမပေါ် (၁၁)လမ်းထိပ် ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေကစားနေကြစဉ်။

မောင်စေအောင်



အင်းစိန်မြို့နယ် မဟာသင်္ကြန်ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်၌ လာရောက်ရေကစားကြသူများနှင့် ရေပက်ခံလာကြသူများအား စတုဒိသာဖြင့် ညှေ့ခံကျွေးမွေးစဉ်။

ညဏ်ဟိန်း

# သင်္ကြန်ချိန်ခါ စတုဒိသာအလှူ၏ ဝမ်းသာပီတိစကားသံများ

ရန်ကုန် မေ ၁၆

ကမ္ဘာပေါ်တွင် မြန်မာလူမျိုးများသည် အလှူအတန်း၌ စေတနာသဒ္ဓါတရားထက်သန်စွာ ရှေးတန်းက လှူဒါန်းတတ်ကြသည်မှာ အများအသိပင် ဖြစ်ပေသည်။ ထိုသို့ လှူဒါန်းမှုမျိုးစုံရှိကြရာတွင် စတုဒိသာအလှူသည်လည်း မွန်မြတ်လှသည့်အလှူဒါနတစ်ခု ဖြစ်သည်။ စတုဒိသာအလှူများကို မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ် အခါကြီးရက်ကြီးများတွင် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပရဟိတအသင်းများမှလည်း စုပေါင်းလှူဒါန်းတတ်ကြသလို မိသားစုများစုပေါင်း၍သော်လည်းကောင်း၊ လုပ်ဖော်ကိုင်ဖက်အပေါင်းအသင်းများ စုပေါင်း၍သော်လည်းကောင်း ပုံစံအမျိုးမျိုးဖြင့် အသီးသီးလှူဒါန်းမှုများကို ပြုတတ်ကြသည်။ မည်သို့ပင် လှူဒါန်းမှုများကို ပြုလုပ်ကြသည်ဖြစ်စေ နှစ်သစ်ကူးသင်္ကြန်အချိန်အခါသမယတွင် ပြုလုပ်သည့် စတုဒိသာမဏ္ဍပ်အလှူများသည် မြန်မာလူမျိုးတို့၏ ဝမ်းမြောက်ဂုဏ်ယူဖွယ် အလှူအတန်းတစ်ခုဖြစ်ပေရာ စတုဒိသာအလှူရှင် စေတနာရှင်များနှင့် စတုဒိသာဝင်ရောက်စားသုံးသူများ၏ ဝမ်းသာပီတိစကားသံများကို ဖော်ပြလိုက်ရပါသည်။



ကိုငယ်



ဦးတင့်နိုင်



ဦးလှဝင်း




မဝင်းဝင်းလှိုင်



မမြင့်မြင့်ဆန်း

**ကိုငယ်(လမ်းမတော်မြို့နယ်)**

ကျွန်တော်တို့က စတုဒိသာအပြင် ဆွမ်းလောင်းအသင်းလည်း အမြဲလုပ်ပါတယ်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွေလည်း လုပ်ပါတယ်။ အခု စတုဒိသာအလှူကလည်း ကျွန်တော်တို့ လမ်းမှာရှိတဲ့ အလှူရှင်တွေ စုပေါင်းပြီးတော့ လှူဒါန်းဖြစ်တာပါ။ သင်္ကြန်မှာ စတုဒိသာကျွေးတာတော့ သုံးနှစ်ရှိပါပြီ။ ဆွမ်းလောင်းတာတော့ ၁၀ နှစ်လောက်ရှိပါပြီ။ တချို့နှစ်တွေက ခရီးတွေသွားဖြစ်တော့ မလုပ်ဖြစ်တာတွေရှိတယ်။ ဒီနှစ်တော့ လှူဒါန်းဖြစ်တယ်။ ကျွေးမွေးတာ သင်္ကြန်လေးရက်စလုံး ကျွေးတာပါ။ ပထမရက်မှာ ရေခဲမုန့်နဲ့ မုန့်လက်ဆောင်းပါ။ ဒုတိယရက်မှာ ဘဲဥဟင်းနဲ့ သီးစုံကုလားဟင်း ကျွေးပါတယ်။ တတိယနေ့ မုန့်ဟင်းခါးကျွေးပါတယ်။ ဒီနေ့ကျတော့ ကြက်သားနဲ့ အာလူးဟင်း ကျွေးဖြစ်ပါတယ်။ ဆန်ကတော့ လေးအိတ်ချက်ပါတယ်။ ဒီလို လှူဒါန်းရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ တစ်ညလုံး ချက်ပြုတ်ရတဲ့အတွက် ပင်ပန်းရကျိုးလည်း နပ်ပါတယ်။ ဒီလိုပီတိမျိုးက ဘာနဲ့မှ လဲလို့မရပါဘူး။ နောက်ဆိုလည်း ဒီလို လှူဒါန်းမှုမျိုးတွေ တတ်နိုင်သလောက် ဆောင်ရွက်သွားမှာပါ။

**ဦးတင့်နိုင်(မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာအသင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)**

ဒီလို လှူဒါန်းဖြစ်ပုံလေးက မြန်မာ့ရိုးရာသင်္ကြန်ကို လူမျိုးဘာသာမရွေး စတုဒိသာထမင်း လူအယောက် ၆၀၀၀ ကို ကျွေးပါတယ်။ သင်္ကြန်လေးရက်လုံး ကျွေးတာပါ။ ဒီမဏ္ဍပ်မှာ အားလုံးစည်စည်ကားကား လာရောက် စားသုံးတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီမဏ္ဍပ်ကတော့ ပထမဆုံးမဏ္ဍပ်ဖြစ်ပါတယ်။ နောက်နှစ်တွေမှာလည်း ဒီထက်မက ကျွေးဖို့ စီမံထားပါတယ်။ အများပြည်သူ အဆင်ပြေအောင်လို့ စီစဉ်ထားပါတယ်။ သင်္ကြန်လည်ရင်း၊ ပျော်ပါးရင်း ဆာလောင်မှုတွေကို ဖြည့်ဆည်းပေးတဲ့သဘောပါ။ မြန်မာပြည်သူပြည်သားတွေကို ဒီလိုကျွေးခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ လှူဒါန်းတာတော့ အသင်းက စုပေါင်းလှူဒါန်းတာပါ။ ကျွေးမွေးမှုကို ကျွန်တော်က ဦးစီးဆောင်ရွက်ရတာပါ။ ကျွန်တော့်အနေနဲ့ ဦးစီးဦးဆောင်ပြီး ဒီလိုမျိုးတွေ နောက်ထပ် လှူဒါန်းချင်ပါသေးတယ်။

**ဦးလှဝင်း (ဗိုလ်တထောင်မြို့နယ်)**

ဒီလို ကျွေးမွေးမှုတွေက မြန်မာလူမျိုးတွေအတွက် အင်မတန်ဂုဏ်ယူစရာပါ။ မြန်မာလူမျိုးဆိုတာ အလှူအတန်းဆို ရှေ့ဆုံးကလေ အလွန်မွန်မြတ်ပါတယ်။ ဒီဘက်ကို လမ်းကြုံလို့ ဝင်စားဖြစ်တာပါ။ အလွန်စားလို့ကောင်းပါတယ်။ လှူဒါန်းတဲ့ လူတွေကိုလည်း သာဓုခေါ်ပါတယ်။ နောက်ထပ်လည်း အများကြီး လှူဒါန်းနိုင်ကြပါစေ။ ကိုယ်တိုင်လည်း လှူဒါန်းမှုတွေ လုပ်ချင်တာပါ။ သူများတွေ လှူဒါန်းနေတာကို မြင်ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီလို သင်္ကြန်ရက်မျိုးတွေမှာ လှူဒါန်းတော့ ပိုမွန်မြတ်တာပေါ့။ ရန်ကုန်တစ်မြို့လုံး လှူဒါန်းမှုတွေနဲ့ ပြည့်နှက်နေတာ အလွန်ကို ဂုဏ်ယူဖို့ကောင်းပါတယ်။

**မဝင်းဝင်းလှိုင်(ဗိုလ်တထောင်မြို့နယ်)**

လမ်းလျှောက်မဏ္ဍပ်မှာ လည်ဖို့ထွက်လာရင်းနဲ့ စတုဒိသာမဏ္ဍပ်ကို ရောက်လာတာပါ။ ဒီလိုမျိုး လှူဒါန်းနေကြတာကို မြင်ရတော့ မြန်မာလူမျိုးတစ်ယောက်နေနဲ့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ကိုယ်တိုင်လည်း ဒီလိုလှူဒါန်းခွင့်ရရင် လှူဒါန်းမှုအကြီးကြီးလှူချင်ပါတယ်။ မြန်မာလူမျိုးတွေကိုယ်တိုင်က အလှူအတန်းမှာ ရက်ရောကြတယ်လေ။ ဒါကြောင့် ကိုယ့်စိတ်မှာကို ပီတိဖြစ်မိတယ်။ လှူဒါန်းတဲ့ အလှူရှင်တွေလည်း ဒီထက်မက လှူဒါန်းနိုင်ကြပါစေ။ စီးပွားရေးတွေလည်း အဆင်ပြေကြပါစေ။ နှစ်တိုင်း ဒီလိုအလှူမျိုးတွေကို မြင်တွေ့နေရတာကိုက ရင်ထဲမှာ အကြိမ်ကြိမ် သာဓုခေါ်မိပါတယ်။ ညီမတို့လို လူငယ်တွေအနေနဲ့ ဒီလို လှူဒါန်းမှုတွေကို မြင်တွေ့ပြီး လှူဒါန်းမှုရဲ့ အနှစ်သာရကို ခံစားနိုင်ကြမှာပါ။

**မမြင့်မြင့်ဆန်း(တောင်ဒဂုံမြို့နယ်)**

မြို့တော်ခန်းမမှာ ရေကစားဖို့ မိသားစုတွေနဲ့ လာခဲ့တာပါ။ ထမင်းစားချိန်ရောက်နေတာနဲ့ ဒီမဏ္ဍပ်မှာ စတုဒိသာ ဝင်စားဖြစ်တာပါ။ အားလုံးကလည်း ဗိုက်ဆာနေတာနဲ့ အတော်ဖြစ်သွားတယ်။ စတုဒိသာမဏ္ဍပ်တွေကများတော့ သွားရင်းလာရင်း၊ ရေကစားရင်း စတုဒိသာမဏ္ဍပ်တွေ တွေ့ရင် ဝင်စားကြတာပဲ။ ဒီလို စတုဒိသာမဏ္ဍပ်တွေရှိတာ အလွန်ကောင်းပါတယ်။ ဗိုက်ဆာတဲ့အချိန် ဝင်စားတော့ လှူဒါန်းတဲ့သူတွေအတွက်လည်း ကောင်းသလို အစ်မတို့လို စားတဲ့သူတွေအတွက်လည်း အဆင်ပြေပါတယ်။ အာဟာရ ပိုပြည့်ဝပါတယ်။ လှူဒါန်းမှုအတွက် သာဓုခေါ်သလို ဒီထက်မက လှူဒါန်းနိုင်ကြပါစေ။

အထက်ပါဖော်ပြခဲ့သည့် လှူဒါန်းမှုအစုစုတို့အပြင် ရန်ကုန်မြို့အတွင်းရှိ နေရာဒေသ အသီးသီးတို့တွင်လည်း စတုဒိသာ ကျွေးမွေးလှူဒါန်းမှုများဖြင့် မဟာသင်္ကြန်အတက်နေ့တွင် လှူဒါန်းကျွေးမွေးနေသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ဗိုလ်တထောင်မြို့နယ် ရေကစားမဏ္ဍပ်တည်ရှိရာ မဟာဗန္ဓုလလမ်းနှင့် ဘိုကလေးဈေးလမ်းထိပ်တွင်လည်း ပဲနှင့်ကြက်သားပလာတာ ကျွေးမွေးနေသည်ကို မြိန်ရှက်စွာ စားသုံးနေသည်မှာ ကြည်နူးဝမ်းသာ ဖြစ်မိသည်။ အလားတူ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် ဗညားဒလလမ်း (အောင်မင်္ဂလာနှင့်သီတာလမ်းကြား) သင်္ကြန်ကာလအတွင်း နေ့စဉ်ရက်ဆက် ကျွေးမွေးနေသည်များကို ရပ်ကွက်နေပြည်သူများ၊ သင်္ကြန်ရေပက်ခံအဖွဲ့များ ဝင်ရောက်စားသုံးနေသည်ကို မြင်တွေ့ရသည်မှာ ဝမ်းမြောက်ဖွယ်မြင်ကွင်းပင်ဖြစ်သည်။ ထို့အတူ အမြို့မြို့အနယ်နယ်တွင် ကျွေးမွေးနေသည်ကို မြင်တွေ့ရသည့်အတွက် စတုဒိသာအလှူသည် မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်အလှူတစ်ခု ဖြစ်ပေသည်။

**တွေ့ဆုံမေးမြန်း-အေးမင်းသူ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**




**မဟာသင်္ကြန်အတက်နေ့တွင် ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်း YBS ရုံးချုပ်ရေကစားမဏ္ဍပ်၌ ယိမ်းအကအလှဖြင့် ဖျော်ဖြေနေသည်ကို တွေ့ရစဉ်။**
ဓာတ်ပုံ-အေးမင်းသူ




**ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်၏ ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန် ရေကစားမဏ္ဍပ်တွင် မေ ၁၆ ရက် ညနေ ၆ နာရီခွဲက အတာသင်္ကြန်ပိတ်သိမ်းပွဲအခမ်းအနားကျင်းပစဉ်။**
(ရွှေတိုင်လွင်)

## မြန်မာ့ရုပ်မြင်သံကြား

၁၇-၄-၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**
- ၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၄၅ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ် သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိကဗဟုဇနဟိတဓရ (သ. ဓ. သ. အ) ဓမ္မာစရိယ ဒေါက်တာဘဒ္ဒန္တ ဝိစက္ခဏာ အလင်္ကာရာဘိဝံသ ဟောကြားတော်မူအပ်သော "နှစ်သစ်မင်္ဂလာတရားတော်"
- ၉း၁၀ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဗန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- ၉း၃၅ "အရောက်လှမ်းကာ ဖူးမြော်မည် မအီစက်တော်ရာဆီ"
- ၁၀း၀၀ "တန်ခူးလရာသီ သင်္ကြန်ချိန်ခါ ကယားဌာနေဆီမှာ"
- ၁၀း၃၀ ရာဇဝင်ထဲကသမိုင်းအနုပညာ "ယဉ်ကျေးမှုမြို့တော်မှ အဖိုးတန်ပြယုဂ်များ" (အပိုင်း-၃) (ရမည်းသင်းကျောင်းတိုက်)
- ၁၂း၃၀ စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာသျှောက်မေးပွဲ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဓမ္မပူဇာသဘင် တရားပွဲ ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာဆရာတော်) ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဟောကြားတော်မူသော "ရတနာသုံးပါးကာရံထားတရားတော်"
- ၁၅း၀၀ ချစ်စရာ့တာသင်္ကြန်
- ၁၅း၄၀ ငြိမ်းချမ်းဂီတအတာသင်္ကြန် နွဲပျော်ကြ(၄)

**ညပိုင်း**
- ၁၆း၂၅ YTN(Science) "IT နည်းပညာပေါင်းစပ်မှု အနာဂတ်"
- ၁၇း၁၅ "ပေးဆပ်တွဲကူဖေးမကူ တောင်တန်းဒေသဘက်စုံလှ တောင်ဇလပ်မြေကဟိတဓရ" (နတ်မတောင် ဟိတဓရ ပရဟိတကျောင်းတိုက်)
- ၁၇း၃၀ "ဆကေသ မဟာဓါတုဝင် မဲလံဆံတော်ရှင်"
- ၁၈း၂၀ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (အကယ်ဒမီမြင့်မြတ်)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ "မြန်မာနှစ်သစ်ကူးနေ့"၊ အနုပညာခန်းရိပ်သာ "ဆရာရေးဆရာမ ရွှေကူမေနှင့် တွေ့ဆုံခြင်း"၊ "ဇေယျတုသဗ္ဗမင်္ဂလံ" (ဦးသုခ)၊ -အစီအစဉ်ပြီး၏။

# ဂရစ်ဇ်မန်းကို ခေါ်ယူရန် ချဉ်းကပ်မှုမရှိကြောင်း အက်သလက်တီကို အထွေထွေမန်နေဂျာ ထုတ်ဖော်ပြောကြား



ဘာစီလိုနာအသင်းက အက်သလက်တီကို တိုက်စစ်မှူး ဂရစ်ဇ်မန်းကို ခေါ်ယူရန် ပုဂ္ဂိုလ်ရေးသဘောတူညီချက် ရရှိပြီးဖြစ်သည်ဟူသော သတင်းများထွက်နေသော်လည်း ဂရစ်ဇ်မန်းအတွက် မည်သည့် ကမ်းလှမ်းမှုမှ ရရှိထားခြင်းမရှိကြောင်း အက်သလက်တီကိုအသင်း အထွေထွေမန်နေဂျာ ကလီမန်တီ ဗယ်လ်ဗာဒီ၏ ထုတ်ဖော်ပြောကြားချက်အရ သိရသည်။

ဂရစ်ဇ်မန်း၏ ထွက်ခွာခွင့်စာချုပ်တန်ဖိုးမှာ ပေါင် ၁၇၄သန်းမှ ၈၇ သန်းအထိ ကျဆင်းသွားခဲ့ပြီး နောင် လာမည့်ရာသီ ဘာကာတိုက်စစ်တွင် ဂရစ်ဇ်မန်း ပါဝင်ကစားမည်ကို မြင်တွေ့ရတော့မည်ဖြစ်ကြောင်း စပိန်မှလာသော သတင်းရင်းမြစ်များက အခိုင်အမာ ဖော်ပြခဲ့သည်။ ဂရစ်ဇ်မန်း၏ ပြင်သစ်အသင်းဖော်ဖြစ်သူ ဘာကာနောက်ခံလူ အမ်တီတီက ဂရစ်ဇ်မန်းသာ ရောက်ရှိလာမည်ဆိုပါက ဘာကာတိုက်စစ်တွင် တိုက်စစ်ကစားသမား ခြောက်ဦးအထိ အသုံးပြုရတော့မည်ဖြစ်ကြောင်း တုံ့ပြန်ထားသည်လည်း ရှိရာ တိုက်စစ်ကစားသမား များပြားလွန်းသည့် ဘာစီလိုနာအနေဖြင့် ဂရစ်ဇ်မန်းကို ခေါ်ယူလျှင် မည်သည့်နေရာတွင် နေရာချမည်ဆိုသည်မှာ စိတ်ဝင်စားဖွယ်အချက်ဖြစ်သည်။

ဗယ်လ်ဗာဒီက " လောလောဆယ် ကျွန်တော် ပြောနိုင်တာကတော့ သူက အက်သလက်တီကို ကစားသမားပါပဲ၊ သူက ကျွန်တော်တို့နဲ့ စာချုပ်ရှိနေသေးပါတယ်၊ သူ့ကို ဆက်သွယ်မှု မရှိကြသေးပါဘူး၊ သူနဲ့ ဘာစီလိုနာအကြောင်းဆိုတာကို ကျွန်တော် ဘာမှမသိပါဘူး"ဟု ဖွင့်ဟခဲ့သည်။

ယခုလဆန်းပိုင်းတွင် အက်သလက်တီကိုအသင်းက ဂရစ်ဇ်မန်းကို ဆက်ထိန်းရန် တစ်ပတ်လုပ်ခ ပေါင် သုံးသိန်းဖြင့် စာချုပ်သစ် ချုပ်ဆိုရန် ကမ်းလှမ်းထားကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။ ဂရစ်ဇ်မန်းကို ဘာစီလိုနာအပြင် ယမန်နှစ်နွေဈေးကွက်က ခေါ်ယူရန် နီးစပ်ခဲ့သည့် မန်ယူအသင်းက ချိတ်ဆက်နေပြီး လာမည့်နွေဈေးကွက် ဖွင့်လှစ်ချိန်တွင် အက်သလက်တီကိုမှ ဂရစ်ဇ်မန်း ထွက်ခွာရန် သေချာသလောက် ရှိနေသည်ဟု သတင်းထွက်နေသည်။



# ယခုနှစ်ရာသီ၏ အကောင်းဆုံးအသင်းအမည်တပ်ကာ ပရီမီယာလိဂ်ချန်ပီယံမန်စီးတီးကို မော်ရင်ဟို ဂုဏ်ပြု

မန်ယူအသင်းက ဝက်စ်ဘရွန်းကို ရှုံးနိမ့်မှုနဲ့အတူ မန်စီးတီးအသင်းက ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့ပြီးနောက် မန်ယူနည်းပြ မော်ရင်ဟိုက မန်စီးတီးအသင်းကို ယခုဘောလုံးရာသီရဲ့ အကောင်းဆုံးအသင်းလို့ အမည်တပ်ကာ ချီးကျူးခဲ့ပါတယ်။ မန်ယူအသင်း အခုလို ရှုံးနိမ့်မှုက ထိုက်တန်တဲ့ ရှုံးပွဲလို့ မော်ရင်ဟိုက သူ့အသင်းကို ပြန်လည် ဝေဖန်ခဲ့သလို မန်စီးတီးအသင်းကလည်း ယခုနှစ်ဘောလုံးရာသီရဲ့ အကောင်းဆုံးအသင်းအဖြစ် ချီးကျူးခဲ့ပါတယ်။

မော်ရင်ဟိုက"တစ်စုံတစ်ယောက်က ချန်ပီယံဖြစ်လာတဲ့အခါ သူတို့က ချန်ပီယံအဖြစ် ထိုက်တန်တာချည်းပါပဲ၊ ကျွန်တော်က အကြောင်းပြချက်တွေပေးဖို့ ဒီနေရာကို လာခဲ့တာမဟုတ်ပါဘူး၊ သူတို့က အကောင်းဆုံးအသင်းပါ"လို့ ဆိုခဲ့တာဖြစ်ပါတယ်။

မန်ယူနည်းပြ မော်ရင်ဟိုက လာမယ့်ရာသီ မန်ယူအသင်းကို ပြုပြင်ပြောင်းလဲရေး အကြီးစားလုပ်ဆောင်မယ်လို့ သတင်းထွက်နေပြီး မန်ယူက ရောင်းချမယ့်စာရင်းမှာ ဒါလေဘလင်း၊ ဖယ်လိုင်နီနဲ့ ခရစ်စမောလင်းတို့ အမည်ပါဝင်နေတယ်လို့ သိရပါတယ်။

မေလဲ့သင်း - ရေးသားသည်



# ခုနှစ်နှစ်အတွင်း ပရီမီယာလိဂ်ဖလား မန်စီးတီးအသင်း သုံးကြိမ်မြောက်ဆွတ်ခူး

မန်ယူအသင်းနှင့် ဝက်စ်ဘရွန်းအသင်းတို့ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၃၃)တွင် မန်ယူအသင်းက ဝက်စ်ဘရွန်းအသင်းကို ရှုံးနိမ့်ခဲ့ခြင်းကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ရပ်တည်နေသည့် မန်စီးတီးအသင်းသည် ကစားရန်ငါးပွဲအလိုတွင် ပရီမီယာလိဂ်ဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

လက်ကျန်ငါးပွဲ မတိုင်မီမှာပင် အမှတ်ပေးဇယားထိပ်ဆုံးမှ မန်စီးတီးအသင်းက အဆင့်(၂) နေရာမှ မန်ယူအသင်းကို ၁၆ မှတ်အထိ ဖြတ်ထားနိုင်ခဲ့ကာ ပရီမီယာလိဂ်ဆုဖလားကို စောစီးစွာ ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ယခုပရီမီယာလိဂ်ဖလားရရှိခဲ့ခြင်းကြောင့် မန်စီးတီးအသင်းမှာ ခုနစ်နှစ်တာကာလအတွင်း ပရီမီယာလိဂ်ဖလားကို သုံးကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ကိုလည်း ပိုင်ဆိုင်သွားခဲ့သည်။

မန်စီးတီးအသင်းသည် လက်ရှိပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့ချိန်တွင် ၃၃ ပွဲကစားထားပြီး နိုင်ပွဲ ၂၈ ပွဲ၊ သရေပွဲ သုံးပွဲနှင့် ရှုံးပွဲနှစ်ပွဲ ကြုံတွေ့ထားကာ ရမှတ် ၈၇ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။

နည်းပြဂွာဒီယိုလာသည်လည်း ယခုပရီမီယာလိဂ်ဖလားရရှိခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်း၊ ဘိုင်ယန်မြူးနစ်အသင်းတို့ကို ကိုင်တွယ်ခဲ့စဉ်က ရရှိခဲ့သည့် ဆုဖလားများအပါအဝင် ၎င်း၏ နည်းပြဘဝတစ်လျှောက် ဆုဖလား ၂၄ လုံးအထိ ရယူဆွတ်ခူးနိုင်ခဲ့သည့် မှတ်တမ်းတစ်ရပ်ကို စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# နည်းပြကလော့လက်ထက်တွင် လီဗာပူးအသင်း သွင်းဂိုး ၃၀၀ အထိ သွင်းယူနိုင်ခဲ့ပြီဖြစ်

လီဗာပူးအသင်းသည် နည်းပြကလော့လက်ထက်တွင် သွင်းဂိုး ၃၀၀ အထိသွင်းယူထားနိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။ လီဗာပူး၏ နောက်ဆုံးနည်းပြငါးဦးတွင် ဘင်နီတက်ဇ်လက်ထက်တွင် ၅၈၅ ဂိုး၊ ရွိုင်းဟော့ဂ်ဆန် လက်ထက်တွင် ၄၁ ဂိုး၊ ကင်နီဒဲလ်ဂလစ် လက်ထက်တွင် ၁၁၅ ဂိုး၊ ဘရန်ဒန်ရော့ဂျာလက်ထက်တွင် ၂၉၃ ဂိုးနှင့် ကလော့လက်ထက်တွင် ဂိုး ၃၀၀ အသီးသီးရရှိအောင်စွမ်းဆောင်ထားနိုင်ခဲ့ကြသည်။

ကလော့လက်ထက်တွင် လီဗာပူးအသင်းအတွက် ဆာလက်၊ ဖာမီနိုနှင့် မာနေးတို့သုံးဦး၏ ယခုနှစ်ရာသီ သွင်းဂိုးမှာ ၈၂ ဂိုးအထိရှိထားခဲ့သည်။ နည်းပြကလော့သည် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် လီဗာပူးအသင်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် တိုက်စစ်မှူး ဆာလက်တစ်ဦးတည်းကပင် ပရီမီယာလိဂ် သွင်းဂိုး ၃၀ အထိ သွင်းယူပေးထားနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့သွင်းဂိုး ၃၀ အထိ သွင်းယူနိုင်ခဲ့ခြင်းမှာ ပရီမီယာလိဂ်သမိုင်းတစ်လျှောက်တွင် မှတ်တမ်းတင်နိုင်ခဲ့သည့် ရှစ်ဦးမြောက်နှင့် ပထမဆုံးသော အာဖရိကကစားသမားလည်းဖြစ်လာခဲ့ပြီး ၂၀၀၉-၂၀၁၀ ဘောလုံးရာသီက ချယ်လ်ဆီးတိုက်စစ်မှူး ဒရောဘာ့မှာ သွင်းဂိုး ၂၉ ဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။







# ရိဒ်ခေါဒါရ်မြို့၌ နေအိမ်ရှစ်လုံး မီးလောင်မှုဖြစ်ပွား



**ရိဒ်ခေါဒါရ် ဧပြီ ၁၆**
ချင်းပြည်နယ် ရိဒ်ခေါဒါရ်မြို့ အမှတ်(၂)ရပ်ကွက် မြန်မာ-အိန္ဒိယ နယ်စပ်တံတားအနီးရှိ လူနေအိမ်ရှစ်လုံး ဧပြီ ၁၆ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင် မီးလောင်မှု ဖြစ်ပွားကြောင်း သိရသည်။

လူနေအိမ် မီးလောင်ကျွမ်းမှုတွင် နယ်စပ်ကုန်သွယ်ရေး ဌာနပိုင် အဆောက်အအုံအပါအဝင် နံကပ်နှစ်ထပ်အဆောက်အအုံ ခြောက်လုံး၊ တစ်ထပ်အဆောက်အအုံ နှစ်လုံးအား လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အဆိုပါ မီးလောင်မှုကြောင့် မငွန်ရှုန်းစီမှာ ပြင်းထန်ဒဏ်ရာ ရရှိသဖြင့် ရိဒ်ခေါဒါရ် တိုက်နယ်ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှု ခံယူနေကြောင်း၊ မီးလောင်မှုမှာ မည်သည့်အကြောင်းကြောင့် စတင်လောင်ကျွမ်းခြင်းနှင့် ဆုံးရှုံးမှုတန်ဖိုးများကို စိစစ်နေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာနေရာသို့ ရိဒ်ခေါဒါရ်တပ်စခန်းမှ နယ်မြေခံတပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများ အင်အား ၂၀၀ ခန့်ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းနိုင်ခဲ့ပြီး ညနေ ၅ နာရီတွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

မီးလောင်ကျွမ်းမှု ဖြစ်စဉ်အား သက်ဆိုင်ရာဌာနများက စိစစ်ဆဲဖြစ်ကြောင်း သိရသည်။

**ရိဒ်ခေါဒါရ်(ပြန်/ဆက်)**

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေးငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ ၂၄ နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**၀၆၇- ၄၀၄၂၂၂၊ ၀၆၇- ၄၀၄၉၉၉**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

# ၂၀၁၈ ခုနှစ် သင်္ကြန်အကြတ်နေ့တွင် မှုခင်း ၃၁ မှုဖြစ်ပွားရာ ၅၈ ဦး ဒဏ်ရာရ

**နေပြည်တော် ဧပြီ ၁၆**
၂၀၁၈ ခုနှစ် နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်(အကြတ်နေ့)တွင် မြန်မာပြည်တစ်ဝန်း မှုခင်း ၃၁ မှုဖြစ်ပွားခဲ့၍ ၅၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သင်္ကြန်ကာလ သုံးရက်အတွင်း မှုခင်း ၆၂ မှုဖြစ်ပွားခဲ့ရာ ခုနစ်ဦးသေဆုံးခဲ့ပြီး ၁၂၇ ဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ သေဆုံးမှုများမှာ ယာဉ်မတော်တဆမှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် အမှုကြီးများအဖြစ် လူသတ်မှု ခြောက်မှုကြောင့် ခြောက်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် မုဒိမ်းမှု တစ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# ညောင်ဦးမြို့နယ် အရှေ့ကန်ပေါက်ကျေးရွာတွင် မီးလောင်မှုဖြစ်ပွား



**ညောင်ဦး ဧပြီ ၁၆**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံမြို့နယ်မြေမီးသတ်စခန်းနှင့် ငါးမိုင်ခန့်အကွာရှိ ပုဂံမြို့သစ် ဖွားစောကျေးရွာအုပ်စု အရှေ့ကန်ပေါက်ကျေးရွာတွင် ဧပြီ ၁၆ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က ဒေါ်အေးဝင်း၏ နေအိမ်မီးဖိုချောင် မီးဖိုမီးကြွင်းမီးကျန်မှ တစ်ဆင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ် သုံးလုံး၊ နွားတင်းကုပ်တစ်လုံးနှင့် စူပါကတ်ဆိုင်ကယ်တစ်စီး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# သင်္ကြန်လည် လိုက်ထရပ်ယာဉ်တစ်စီး တိမ်းမှောက်၊ နှစ်ဦးသေ

**နွားထိုးကြီး ဧပြီ ၁၆**
မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဝက်လူးရဲစခန်းအပိုင် ဝက်လူး-မြို့သာသွားကားလမ်း မိုင်တိုင် ၈/၄ နှင့် ၈/၅ ကြား၌ ဧပြီ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် နွားထိုးကြီးမှ ဝက်လူးသို့ ယာဉ်မောင်း ထင်လင်းကျော် မောင်းနှင်လာသော ယာဉ်အမှတ် MDY 6N/---- လိုက်ထရပ်အဖြူရောင် ယာဉ်မှာ ဝက်လူးကျေးရွာနှင့် သင်းတီးကျေးရွာကြား၌ ရှေ့ဘီးပေါက်၍ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်ကြောင့် သန်းအောင်စိုးနှင့် ချစ်စမ်းအောင် သူဌေးကုန်းရွာနေသူတို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ထင်လင်းကျော်ပါ ၂၀ ခန့်မှာ ဒဏ်ရာများရရှိခဲ့၍ ဝက်လူး တိုက်နယ်ဆေးရုံမှ ဒဏ်ရာပြင်းထန်သူအချို့အား မန္တလေးဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ထင်လင်းကျော်အား ဝက်လူးရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

# အလှူခံပုံးမှန်အားရိုက်ခွဲ၍ ငွေများခိုးယူသူအား ဖမ်းမိ

**သထုံ ဧပြီ ၁၆**
မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် ဧပြီ ၁၆ ရက်(သင်္ကြန်အတက်နေ့)နံနက်က စေတီတော်၏ မြောက်ဘက်ဝတ်အတွင်းရှိ လျှပ်စစ်မီး အလှူခံပုံးမှန်အားရိုက်ခွဲ၍ အတွင်းရှိ အလှူငွေများအား ယူဆောင်ကာ ဘုရားဝတ်အတွင်း ပုန်းအောင်းနေသူတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

"မနက် ၅ နာရီလောက်မှာ ဘုရားဝင်းတံခါးက အများပြည်သူ တက်ရောက်ဖူးမြော်ဖို့ ဖွင့်ပေးတယ်၊ သူကဘယ်အချိန် ဘုရားဝင်းထဲ ရောက်နေလဲ မသိဘူး၊ အလှူခံပုံးမှန်ကိုရိုက်ခွဲပြီး ငွေယူတာ၊ ၆ နာရီကျော်လောက်မှာ သူ့ကို မိတယ်၊ သူက အကုန်တော့ မယူဘူး၊ တစ်သိန်းကျော်လောက်တော့ ဟန်မပျက်လေး ချန်ထားတယ်"ဟု စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကဥက္ကဋ္ဌ ဦးမောင်ဦးက ပြောသည်။

ဖြစ်စဉ်မှာ စေတီတော်ဂေါပကအဖွဲ့မှ လုံခြုံရေးတာဝန်ကျသူများသည် မြောက်ဘက်မုခ်ဝတ်အတွင်း၌ ဘုရားဖူးများ လျှပ်စစ်မီး ပူဇော်ကုသိုလ်ယူနိုင်ရန်ထားရှိသည့် အလှူခံပုံးမှာ နောက်ကျောဘက် မှန်ကွဲနေပြီး ငွေများလျော့နည်းနေသည်ကို တွေ့ရှိရသဖြင့် ဘုရားဝင်းအတွင်း လိုက်လံရှာဖွေရာ ဝတ်တစ်ခုအတွင်းရှိ ရုပ်ပွားတော်များ အနောက်တွင် မသင်္ကာဖွယ်ရာ အမျိုးသားတစ်ဦးအား တွေ့ရှိခဲ့သဖြင့် ရဲတပ်ဖွဲ့ထံ အကြောင်းကြားအပ်နှံ တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း ရွှေစာရံစေတီတော် ဂေါပကအဖွဲ့မှ သိရသည်။

ဖြစ်စဉ်တွင် မသင်္ကာဖွယ်ရာ တွေ့ရှိရသူ ကျော်ထက်ဝေ(ခ)ကျော်သက်ပိုင် ၂၄ နှစ် ရွှေပြည်သာမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူအား ရဲတပ်ဖွဲ့မှ စစ်ဆေးရှာဖွေရာ ၎င်း၏ လွယ်အိတ်အတွင်းမှ ကျပ် ၁၀၀ တန်၊ ၂၀၀ တန်၊ ၅၀၀ တန် ငွေစက္ကူများပါ ငွေကျပ် ၂၆၅၃၀၀ ကို တွေ့ရှိရပြီး ၎င်းခိုးယူခဲ့ခြင်းဖြစ်သည်ဟု သက်သေများရှေ့၌ ဝန်ခံခဲ့သဖြင့် ကျော်ထက်ဝေ(ခ)ကျော်သက်ပိုင်အား (ပ)၃၄၅/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉/၂၉၅ ဖြင့် အမှုဖွင့်လှစ် အရေးယူထားကြောင်း သထုံမြို့မရဲစခန်းမှ သိရသည်။

**သက်ဦး(သထုံ)**


# သင်္ကြန်အတက်နေ့ ညနေက ကလိကျွန်းကျေးရွာ၌ နေအိမ်နှစ်လုံး မီးလောင်

**သုဝဏ္ဏဝတီ ဧပြီ ၁၆**
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ဒုံဝန်းကျေးရွာအုပ်စု ကလိကျွန်းကျေးရွာ မြောက်ပိုင်း၌ ဧပြီ ၁၆ ရက် ညနေ ၃ နာရီခန့်က အိမ်ရှင်များမရှိခိုက် နေအိမ်နှစ်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

ကလိကျွန်းကျေးရွာမြောက်ပိုင်း ဦးလှထွန်း၏ နေအိမ်တွင် လူများမရှိခိုက် သင်္ကြန်အတက်နေ့ မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ပွားရာ နေအိမ်နှစ်လုံး မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာသို့ သထုံမြို့နှင့် သုဝဏ္ဏဝတီမြို့မှ မီးသတ်ယာဉ်များ၊ လူမှုကယ်ဆယ်ရေးယာဉ်များ၊ ပြည်သူများက အခြားအိမ်များသို့ ကူးစက်လောင်ကျွမ်းမှုမရှိအောင် ကာကွယ်တားဆီးနိုင်ခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ သထုံခရိုင်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် တစ်စီး၊ သုဝဏ္ဏဝတီမြို့ရှိ မီးသတ်ယာဉ်များ၊ လူမှုကယ်ဆယ်ရေးယာဉ်များက စုပေါင်း၍ သွားရောက်ငြိမ်းသတ်ခဲ့ကြောင်း၊ မီးလောင်မှုမှာ ဆိုလာပြား အပူလွန်ကဲရာမှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သထုံခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်ကြင်ထွန်းက ပြောသည်။ မီးလောင်ချိန်မှာ ၂၅ မိနစ်ခန့် ကြာမြင့်ခဲ့ပြီး မီးလောင်မှုဖြစ်စဉ်အား သမားရိုးကျဖြစ်စဉ် ဟုတ်၊ မဟုတ် သိမ်ဆိပ်နယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

**ခွန်(ဝင်းပ)**







# ဂရုစိုက်၍ လိုက်နာပါ

**ဆောင်ရန်များ**

၁။ ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည် (ORS)ကို လုံလောက်အောင် သောက်သုံးပါ။
၂။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ပါ၊ သနပ်ခါး လိမ်းပါ။

ကိုကျော်နိုင်
CAR RENTAL
စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD, HIACE (အံစာတုံး)
ကားအမျိုးမျိုးကို ငှားရမ်းနိုင်ပါသည်။
09 25 358 2510
09 515 8803

# မဟာသင်္ကြန်ကာလ တောင်သမန်အင်းနှင့် ဦးပိန်တံတားသို့ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုများပြား

**အမရပူရ ဧပြီ ၁၆**

မန္တလေးခရိုင် အမရပူရမြို့နယ်ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားသို့ သင်္ကြန်ကာလတွင် ပြည်တွင်း ပြည်ပဧည့်သည်များလာရောက်လည်ပတ်မှုများပြားလျက်ရှိသည်။

ကမ္ဘာ့လှည့်ခရီးသွားဧည့်သည်များတွင် ဂျာမနီ၊ နယ်သာလန်၊ ပြင်သစ်၊ ဗြိတိန်၊ စပိန်၊ အီတလီ၊ အမေရိကန်ပြည်ထောင်စု၊ နယူးဇီလန်၊ ထိုင်း၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ အများဆုံး ဖြစ်ပြီး ရှေးဟောင်းသစ်သားတံတားကြီးအား မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခြင်း၊ ငှက်လှေများ တစ်စီးကျပ် ၁၀၀၀၀ဖြင့် ငှားရမ်း၍ တောင်သမန်အင်းနေဝင်ဆည်းဆာအလှကြည့်ရှုကြသည်။

ရန်ကုန်မြို့အခြေစိုက်ခရီးသွားအေးဂျင့်များကစီစဉ်သော မြန်မာပြည်အနှံ့ ဘုရားဖူးပို့ဆောင်ရေးအဖွဲ့များဖြင့် လာရောက်သူများ၊ မိသားစုအလိုက် လာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။

ပြည်တွင်းပြည်ပဧည့်သည်များသည် တောင်သမန်နှင့် ဦးပိန်တံတားရောက်အမှတ်တရပစ္စည်းများ ဝယ်ယူကြကာ တောင်သမန်အင်းအတွင်းရှိ စားသောက်ဆိုင်များတွင်လည်း မန္တလေးအစားအစာများသုံးဆောင်ရင်း အပန်းဖြေကြသည်။

ဦးပိန်တံတားကို မြို့စာရေးဦးပိန်က ဦးဆောင်၍ မြန်မာ့သက္ကရာဇ် ၁၂၁၁ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၁၂၁၃ ခုနှစ်တွင်ပြီးစီးခဲ့သည်။ တိုင်လုံးရေ ၁၀၈၆ လုံးရှိပြီး နားနေဇရပ် လေးဆောင်၊ ဖောင်ကြောင်း ကိုးခုရှိကာ အရှည် ၇ ဒသမ ၈ ဖာလုံရှိသည်။ နှစ်သက်တမ်းကြာမြင့်ပြီး ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့်တိုင်၊ ရက်မ၊ ကြမ်းခင်းများ ပျက်စီးခဲ့သဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ကူညီပံ့ပိုးမှုဖြင့်ရေရှည်တည်တံ့ရေးအတွက် ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



## မန္တလေးတောသင်္ကြန်ညဈေး လာရောက်သူများဖြင့် စည်ကား

**အောင်မြေသာစံ ဧပြီ ၁၆**

မန္တလေးမြို့တွင် တိမ်မြုပ်ပျောက်ကွယ်နေသော တောသင်္ကြန်ညဈေးကို အောင်မြေသာစံမြို့နယ် ကျုံးတောင်ဘက် ၆၆ လမ်း၊ လမ်း ၂၀ နှင့် ၂၆ လမ်းကြားတွင် ပြန်လည်ဖော်ထုတ်ရာ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအပါအဝင် ပြည်တွင်းခရီးသွားဧည့်သည်များ၊ မန္တလေးမြို့ခံများပါဝင်ဆင်နွှဲကြရာအထူးစည်ကားသည်။

တောသင်္ကြန်ညဈေးတွင် မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများရောင်းချခြင်း၊ ကုမ္ပဏီအသင်းအဖွဲ့များက မြန်မာ့ရိုးရာမုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ ထမင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ကျောက်ဆည်ဆင်အဖွဲ့များ၊ မြန်မာ့ခြင်းလုံးအလှခတ် ဖျော်ဖြေခြင်း၊ သင်္ကြန်ပုံရိပ် ပိတ်ကားထောင်ရုပ်ရှင်များပြသခြင်းများဖြင့် အထူးစည်ကားပြီး အေးချမ်းစွာ ဆင်နွှဲကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## အပူပိုင်းဇုန်အတွင်းကျရောက်လျက်ရှိသောဒေသများ ရေရရှိရေးအတွက်လုပ်ဆောင်ပေးမည်



**မုံရွာ ဧပြီ ၁၆**

အပူပိုင်းဇုန်အတွင်းသို့ ကျရောက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ခရိုင်လေးခုရှိမြို့နယ် ၁၇ မြို့နယ်တွင် ဘဏ္ဍာနှစ်အလိုက် ကျေးလက်ဒေသများရေရရှိရေးကို နည်းလမ်းငါးသွယ်ဖြင့် လုပ်ဆောင်ပေးလျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီမှ စက်တင်ဘာအထိ ခြောက်လတာအတွင်း ရေကန်ငယ်နှင့် နုန်းတား ဆည် ၃၅ ခု၊ မိုးရေစုကန် သုံးကန်နှင့် တိမ်ကောရေကန် ပြန်လည်ဆည်ယူခြင်းနှစ်ခုတို့ကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

"အခု ခြောက်လအတွင်းမှာတော့ မြေအောက်ရေရရှိရေးလုပ်ငန်းတော့ မပါပါဘူး၊ ကျန်တဲ့နည်းလမ်းလေးခုနဲ့ လုပ်ဆောင်ပေးသွားမှာပါ။ အပူပိုင်းဇုန်အတွင်းမှာကျရောက်နေတဲ့ ဒေသတွေမှာ အထူးသဖြင့် နွေရာသီမှာ ရေရှားပါးမှုပြဿနာပါပဲ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်တောသစ်ပင်တွေ၊ သဘာဝတောကျန်တွေ ထိန်းသိမ်းသလို ကျေးလက်ဒေသနေ ပြည်သူတွေနဲ့ တိရစ္ဆာန်တွေရဲ့ သောက်သုံးရေ လုံလောက်မှုရှိစေရေး၊ သဘာဝ တောကျန်တွေမှာရှိတဲ့သစ်ပင်တွေအတွက် မြေဆီမြေနှစ်တွေမဆုံးရှုံးစေရေး နုန်းတားဆည်ငယ်တွေ၊ ရေကန်ငယ်တွေ၊ မိုးရေစုကန်တွေနဲ့ တိမ်ကောရေကန်တွေ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းတွေကို အပူပိုင်းဇုန်အတွင်းမှာကျရောက်နေတဲ့ကျေးလက်ဒေသတွေမှာ ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်လုပ်ဆောင်ပေးတာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဘလွင်ဦးက ပြောသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# လမ်းလျှောက်သင်္ကြန် ရေစိုခံကာတွန်းပြပွဲ စိတ်ဝင်စားသူများပြား

**မန္တလေး ဧပြီ ၁၆**

မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်ကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ကျုံးပတ်လည်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ မန္တလေး လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် မြန်မာနိုင်ငံကာတွန်းဆရာများအသင်းမှ ဦးဆောင်၍ ကာတွန်းဆရာများ ပူးပေါင်းကာ ရေစိုခံကာတွန်းပြပွဲကို ၂၆လမ်း၊ ၇၃ လမ်းနှင့် ၇၆ လမ်းကြားတွင် ခင်းကျင်းပြသလျက်ရှိရာ စိတ်ဝင်တစားလာရောက်ကြည့်ရှုသူများပြားလျက်ရှိသည်။

"ဒီနှစ် လမ်းလျှောက်သင်္ကြန်မှာ မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းမှ ဦးဆောင်ကာ ကျွန်တော်တို့ ကာတွန်းဆရာတွေ ပူးပေါင်းပြီး ရေစိုခံကာတွန်းပြပွဲကို ကျုံးဘေးမှာ သင်္ကြန်ရက်တိုင်း ခင်းကျင်းပြသထားပါတယ်၊ ကာတွန်းပုံပေါင်း ၃၀၈ ပုံရှိပါ တယ်၊ ကာတွန်းပုံအများဆုံးက သင်္ကြန်ပွဲတော်ကို ရည်ညွှန်းဖော်ကျူးထားတာပါ၊ လမ်းလျှောက်သင်္ကြန်မှာရေစိုခံကာတွန်းပြပွဲကျင်းပတာ ဒါပထမဆုံးပါပဲ၊ စိတ်ဝင်တစား ကြည့်ရှုသူတွေများပြားပါတယ်" ဟု မြန်မာနိုင်ငံကာတွန်းဆရာများအသင်းမှ ကာတွန်းဆရာ ဦးအောင်မော်က ပြောကြားသည်။




"မန္တလေးလမ်းလျှောက်သင်္ကြန်မှာ စိတ်ဝင်စားစရာတွေအများကြီးပါပဲ၊ ၇၈ လမ်း အဝင်မုခ်ဦးကနေ ၆၆ လမ်းကျုံးထောင့်ထိ တစ်နေရာနဲ့ တစ်နေရာ မရိုးအောင် ဆောင်ရွက်ထားတာတွေ့ရတယ်၊ ရေစိုခံကာတွန်းပြပွဲကလည်း စိတ်ဝင်စားစရာကောင်းတယ်၊ သင်္ကြန်နဲ့ပတ်သက်တဲ့ကာတွန်းပုံလေးတွေ ကျွန်တော်တို့ လာရောက်ကြည့်ရှုသူတွေကို သတိပေးနေသလိုပဲ၊ သင်္ကြန်မှာ ဆောင်ရန်၊ ရှောင်ရန်လေးတွေပေါ့၊ ကာတွန်းဆိုတာတစ်ကွက်တည်းနဲ့ ပြောချင်တဲ့ Massage ကို ပေးနိုင်တာဆိုတော့ အခုလိုရေစိုခံကာတွန်းပြပွဲဆောင်ရွက်တာ အလွန်ပဲကောင်းပါတယ်၊ နောင်နှစ်တွေမှာလည်း ဆက်လက်ဆောင်ရွက် နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်"ဟု မန္တလေးမြို့မှ ရေစိုခံကာတွန်းပြပွဲ လာရောက်ကြည့်ရှုသူတစ်ဦးက ပြောသည်။

မန္တလေး လမ်းလျှောက်သင်္ကြန်ပွဲတော် ရေစိုခံကာတွန်းပြပွဲကို မြန်မာနိုင်ငံကာတွန်းဆရာများ အသင်းမှ ဦးဆောင်ကာ ကာတွန်းဆရာများ ပူးပေါင်း၍ ပထမဦးဆုံး ကျင်းပခြင်းဖြစ်ပြီး လာရောက်ကြည့်ရှုသူများ စည်ကားလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## သဖန်းဆိပ်ဆည်တွင် သင်္ကြန်လည်ပတ်သူများဖြင့်စည်ကား

**ကျွန်းလှ ဧပြီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်သဖန်းဆိပ်ဆည်တွင် သင်္ကြန်ကာလတွင်အထူးစည်ကားလျက်ရှိကြောင်းသိရသည်။

"ကျွန်တော်တို့မိသားစုကနှစ်စဉ်သင်္ကြန်ကာလမှာ သဖန်းဆိပ်ဆည်တွင် သွားရောက်အပန်းဖြေကြပါတယ်၊ မိသားစုအလိုက် စားကြသောက်ကြ တရေးတမောအိပ်ကြပြီး ရေလည်ဘုရားဖူး၍ မြို့ဟောင်းတုန်းက နာရီစင်ကို သွားရောက်ကြည့်ရှုကြပါတယ်"ဟု ဒေသခံပြည်သူတစ်ဦးက ပြောပြသည်။

သင်္ကြန်ကာလမှာ မြို့ပေါ်ရေကစားမဏ္ဍပ်တွေ လှည့်လည်ရေကစားကြပြီး သဖန်းဆိပ်ဆည်သို့ သွားကြကြောင်း၊ ဆည်တွင်ရေကစားကြသူများနှင့် အပန်းဖြေသူများဖြင့် အထူးစည်ကားပြီး ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ပဲခူးခရိုင်ဗဟိုမဏ္ဍပ်တွင် သင်္ကြန်ယိမ်းအဖွဲ့များ ဖျော်ဖြေတင်ဆက်

**ပဲခူး ဧပြီ ၁၆**

ပဲခူးမြို့ လိပ်ပြာကန်ဘေးတွင် ဆောက်လုပ်ထားသော ပဲခူးခရိုင်ဗဟိုမဏ္ဍပ်တွင် ဧပြီ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့၌ နံနက် ၇နာရီမှစတင်၍ ပြိုင်ပွဲဝင် ဖျော်ဖြေရေးယိမ်းအဖွဲ့များက အလှည့်ကျကပြဖျော်ဖြေလျက်ရှိသည်။

ရှင်ပျိုမဒီယိမ်းအဖွဲ့၊ သွန်းပျိုမဒီယိမ်းအဖွဲ့၊ မေမဒီပျိုယိမ်းအဖွဲ့၊ ဥဿာမေယိမ်းအဖွဲ့၊ ပညာရေးယိမ်းအဖွဲ့များက စိန်မျှားတေးဂီတဝိုင်းနှင့်အတူ အလှည့်ကျပြိုင်ပွဲဝင် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ပဲခူးမြို့ လိပ်ပြာကန်ဘေးရှိ ပဲခူးခရိုင် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်အား ဧပြီ ၁၂ ရက် သင်္ကြန်အကြိုနေ့ ညနေပိုင်းက အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး အဆိုပါမဏ္ဍပ်၌ ညောင်လေးပင်၊ ဒိုက်ဦး၊ သနပ်ပင်၊ ဝေါ၊ ကဝမြို့နယ်ကိုယ်စားပြုယိမ်းအဖွဲ့များ၊ ပဲခူးမြို့နယ်ကိုယ်စားပြု အင်းတကော်မြို့ယိမ်းအဖွဲ့၊ ဘုရားကြီးမြို့ယိမ်းအဖွဲ့များ၊ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ရပ်ကွက်ကိုယ်စားပြု ယိမ်းအဖွဲ့များဖြစ်သော ပညာရေးယိမ်းအဖွဲ့၊ ရှင်ပျိုမဒီယိမ်းအဖွဲ့၊ သွန်းပျိုမဒီယိမ်းအဖွဲ့၊ မေမဒီပျိုယိမ်းအဖွဲ့၊ ဇိုင်း/မြောက်ယိမ်းအဖွဲ့၊ ဥဿာမေယိမ်းအဖွဲ့စသည့်အဖွဲ့များက သင်္ကြန်အကျနေ့မှစတင်၍နေ့စဉ်အလှည့်ကျ လာရောက်ပြိုင်ပွဲဝင် ကပြဖျော်ဖြေတင်ဆက်ပေးကြကြောင်း သိရသည်။

လာရောက်ရေကစားကြသော ပြည်သူများ အေးချမ်းစွာ ရေကစားနိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းပြီး ခိုက်ရန်ဖြစ်ပွားခြင်း မရှိစေရေးအတွက် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏အနီးကပ်ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ် စခန်းတပ်ဖွဲ့မှူးများနှင့် တပ်ဖွဲ့ဝင်များက အချိန်ပြည့်စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက်လည်း ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ယာဉ်ကြောရှင်းလင်းပေးခြင်းများ ပြုလုပ်ပေးကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



ရန်ကုန်မြို့တော်ခန်းမ မြို့တော်ဝန် ရေကစားမဏ္ဍပ်တွင် ရေကစားပြီးချိန်၌ ကျန်ရှိနေသော အမှိုက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေး ဌာနမှ ဝန်ထမ်းများက သန့်ရှင်းရေးပြုလုပ်နေစဉ်။ ၁၁၈

# ထူးခြားမှုများစွာ ပြည့်နှက်နေသည့် ရန်ကုန်သင်္ကြန် အထူးစည်ကား

**ရန်ကုန် ဧပြီ ၁၆**

၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကြီးကို ရန်ကုန်မြို့၌ စည်းကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့တွင် ရန်ကုန်မြို့လမ်းမတစ်လျှောက် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများဖြင့် ရေကစားနေကြသည့် အများပြည်သူများအား ပျော်ရွှင်စွာ တွေ့ရသည်။ ယခုနှစ် ရန်ကုန်သင်္ကြန်သည် ထူးခြားမှုများစွာနှင့် ပြည့်နှက်လျက်ရှိပြီး ပိုမိုစည်းကားလျက်ရှိရာ ပထမဦးဆုံးအကြိမ်အဖြစ် ရန်ကုန်လမ်းလျှောက်သင်္ကြန်သည် ထူးခြားမှု တစ်ခုဖြစ်သည်။

"ဒီနှစ်သင်္ကြန်ကတော့ ထူးခြားမှုတွေအများကြီးပါ။ မြို့တော်ခန်းမရှေ့မှာလည်း စည်ကားသလို ၁၉ လမ်းမဏ္ဍပ်နဲ့ ပြည်လမ်းတစ်လျှောက်မှာရှိတဲ့ မဏ္ဍပ်တွေမှာလည်း ရေပက်သူ၊ ရေပက်ခံထွက်သူတွေနဲ့ စည်ကားပါတယ်။ ပိုထူးခြားတာက လမ်းလျှောက်သင်္ကြန်နဲ့ သနပ်ခါးသွေးပွဲတော်တွေပါပဲ။ တစ်ခါမှမကြုံဖူးတော့ ပိုပျော်တယ်။ ရောက်အောင်လည်း သွားခဲ့တယ်။ သူငယ်ချင်းတွေနဲ့ နှစ်တိုင်းလည်ဖြစ်ပါတယ်။ ဒီနှစ်ကတော့ ထူးခြားမှုတွေ ပါဝင်တယ်လို့ ခံစားရတယ်။ နောက်နှစ်တွေလည်း ဒီလိုမျိုးပွဲတော်တွေ ထည့်သွင်းစေချင်ပါတယ်။ မနက်ဖြန်လည်း သူငယ်ချင်းတွေနဲ့ လျှောက်လည်ဦးမှာပါ"ဟု တာမွေမြို့နယ်မှ ကိုအောင်မျိုးက သင်္ကြန်၏ထူးခြားမှုများ ပြောပြသည်။

ရန်ကုန်သင်္ကြန်၏ မဏ္ဍပ်များသည်လည်း ယခင်နှစ်များထက် ပိုမိုများပြားစည်ကားလျက်ရှိပြီး ပြည်လမ်း တစ်လျှောက်ရှိ ရေကစားမဏ္ဍပ်များမှာ ရေကစားသူများ၊ ရေပက်ခံထွက်သူများနှင့် စည်ကားလျက်ရှိရာ အင်းလျားကန်ပေါင်ရှိ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် လမ်းလျှောက်သူများ၊ အပန်းဖြေသူများနှင့် ပြည့်နှက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်မြို့၏ အထင်ကရနေရာတစ်ခုဖြစ်သော မဟာဗန္ဓုလလမ်း မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေကစားမဏ္ဍပ်၌ မြန်မာ့ရိုးရာသင်္ကြန်အကအလှများ၊ တေးဂီတဖျော်ဖြေမှုများဖြင့် သီဆိုဖျော်ဖြေလျက်ရှိရာ လာရောက်ကြည့်ရှုသူများ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိပြီး လသာမြို့နယ် ၁၉ လမ်းထိပ်ရှိ ရွှေသံလွင် Mytel မဏ္ဍပ်တွင်လည်း နိုင်ငံကျော်တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ပျော်ရွှင်စွာကခုန်နေကြသည့် ရေကစားသူများကို တွေ့ရသည်။

ရန်ကုန်သင်္ကြန် စည်ကားမှုနှင့်အတူ သယ်န်းကျွန်း



မြို့နယ် သုဝဏ္ဏဘောလုံးကွင်းဝင်း၌ (၁၅)ကြိမ်မြောက် ကျင်းပသော ရခိုင်ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော် (ရန်ကုန်)တွင် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများ၏ ပျော်ရွှင်စွာ ရေကစားနေကြသည့် မြင်ကွင်းမှာလည်း တိုင်းရင်းသားများ၏ ချစ်ကြည်ရင်းနှီးစွာ ပါဝင်ဆင်နွှဲသည့် ကြည်နူးစရာ မြင်ကွင်းများ ဖြစ်ပေသည်။

ထိုသို့ ကျင်းပရသည့် ရည်ရွယ်ချက်များအား ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးအေးမောင်(မြောက်ဦး)က"ရခိုင်ရိုးရာယဉ်ကျေးမှုပွဲတော်မှာ ဗုဒ္ဓဘာသာအခြေခံသည့် ပွဲတော်ဖြစ်သည့်အတွက် ခေတ်ပေါ်ပုံစံမျိုး မဟုတ်ပါ။ အစဉ်အလာမပြတ် မြို့နယ်အခြေပြုတဲ့မဏ္ဍပ်တွေရှိမယ်။ ရခိုင်လူမှုအဖွဲ့အစည်းကို အခြေပြုတဲ့ မဏ္ဍပ်တွေရှိမယ်။ ရခိုင်ရိုးရာရောင်းချတဲ့ အရောင်းဆိုင်တွေရှိမယ်။ ရခိုင်ရိုးရာတီးဝိုင်းလေးဝတီတီဝိုင်းအဖွဲ့ရှိမယ်။ ဒီနှစ် ထူးခြားတာတစ်ခုကတော့ ရခိုင်မျိုးနွယ်စုထဲမှာပါတဲ့ မြို၊ ခမီး၊ သက် လူမျိုးစုမဏ္ဍပ် တစ်ခုပါလာတာဟာ ဒီနှစ်အတွက် ထူးခြားမှုပါ။ ရခိုင်လူမျိုးတွေဟာ မိမိရဲ့ဓလေ့ထုံးတမ်းအစဉ်အလာကို ထိန်းသိမ်းရမယ့် ဝတ္တရားရှိတာနဲ့အညီ အစဉ်အလာမပြတ် ဒီပွဲတော်ကို ကျင်းပရခြင်း ဖြစ်ပါတယ်။ ဒီရခိုင်သင်္ကြန်ပွဲတော်ကို တိုင်းရင်းသားအားလုံး လာရောက်ပါဝင်ဆင်နွှဲဖို့ ဖိတ်ခေါ်အပ်ပါတယ်။ ရခိုင်ပြည်နယ် ၁၇ မြို့နယ်မှာလည်း ဒီလိုပွဲတော်တွေ ကျင်းပနေပါတယ်။ ဒီလိုသင်္ကြန်ပွဲတော်ဟာ မြန်မာတိုင်းရင်းသားအားလုံးနဲ့ ပတ်သက်တဲ့ ပွဲတော်ပါ။ နှစ်သစ်ကူးပြောင်းတဲ့အချိန်အခါသမယမှာ တိုင်းရင်းသားညီအစ်ကိုအပေါင်း ချစ်ကြည်စည်းလုံးစွာ နေထိုင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်"ဟု ရှင်းပြသည်။

ရန်ကုန်သင်္ကြန်ပွဲတော်သည် ယခင်နှစ်များထက် ပိုမိုထူးခြားမှုများစွာ စည်ကားလျက်ရှိရာ ရန်ကုန်မြို့အပါအဝင် အနယ်နယ်အရပ်ရပ်မှ လာရောက်၍ သင်္ကြန်ပွဲတော်အား ပါဝင်ဆင်နွှဲရေကစားကြသူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာ ပါဝင်ဆင်နွှဲကြသည့် မြန်မာ့ရိုးရာသင်္ကြန် ပွဲတော်ကြီးတစ်ခုဖြစ်သည်။

**သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-ခင်မောင်ဝင်း**

# တေးသီချင်း ဖျော်ဖြေမှုများဖြင့် ဒလသင်္ကြန် စည်ကားသက်ဝင်လာ

**ရန်ကုန် ဧပြီ ၁၆**

(မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်) ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ နံနက်ပိုင်းက နေပူခြင်းကြောင့် ရေပက်ခံထွက်ကြသူများ နည်းပါးသော်လည်း မွန်းလွဲပိုင်းမှ စတင်ပြီး တေးသံရှင်အဆိုတော်များ၏ တေးသီချင်းများ သီဆိုဖျော်ဖြေမှုကြောင့် လူငယ်များ၊ လူလတ်ပိုင်းများသာမက ကလေးငယ်များပါ အထူးစည်ကားလာခဲ့ကြောင်းတွေ့ရသည်။

သင်္ကြန်အကြတ်နေ့ မွန်းလွဲပိုင်းက ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ဒလကားဝင်းအတွင်းရှိ ဗဟိုမဏ္ဍပ်တွင် ခေတ်ပေါ်သံစုံတီးဝိုင်းများနှင့် DJ Music တီးခတ်၍ အနုပညာတေးသံရှင် ညီကိုမောင်နှမများ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဧည့်ခံခြင်းနှင့်အတူ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများအလိုက် မြန်မာ့ရိုးရာယိမ်းအကအလှများဖြင့် ဖျော်ဖြေခဲ့ရာ ပြည်သူများ ပျော်ရွှင်စွာ ရေပက်ခံကစားခဲ့ကြကြောင်း တွေ့ရသည်။

ဗဟိုမဏ္ဍပ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရေပက်ခံသူ မိဘပြည်သူများ၏ သတိပြုရှောင်ကြဉ်ရမည့်အချက်များ၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများ သတိပြုရန် နှိုးဆော်ချက်များနှင့် ယာဉ်မောင်းသူများ လိုက်နာရန်အချက်များ ပါဝင်သော အသိပညာပေး နံရံကပ်ဘုတ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှ ခင်းကျင်းပြသဆောင်ရွက်လျက်ရှိပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်စောမောင်နှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါးများနှင့် တုတ်၊ ဓား၊ လက်နက်များ သယ်ဆောင်ခြင်းမရှိစေရေးအတွက် စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ထို့အတူ သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ လုံခြုံစိတ်ချမှုရှိစေရေးနှင့် ခိုက်ရန်ဖြစ်ပွားမှုများ မရှိစေရေးအတွက် သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ရဲတပ်ဖွဲ့ဝင်များက မြို့တွင်း လှည့်ကင်းပတ်ကင်းများဖြင့်လည်းကောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ သင်္ကြန်ပွဲတော်ကာလအတွင်း အေးချမ်းစွာ ကျင်းပပြီးစီးနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **နိုင်လင်းကျော်(ဒလ)**



# သန်လျင်မြို့နယ်ဗဟိုမဏ္ဍပ်တွင် ရေကစားသူများ၊ ရေပက်ခံထွက်သူများဖြင့်စည်ကား

**ရန်ကုန် ဧပြီ ၁၆**

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်နေ့) တွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဗဟိုရေကစားမဏ္ဍပ်၌ ရေကစားခြင်း၊ စတုဒိသာကျွေးမွေးခြင်းများနှင့်အတူ ရေပက်ခံထွက်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

သန်လျင်မြို့နယ် သင်္ကြန်ဗဟိုမဏ္ဍပ်တွင် သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ ယိမ်းအကပြိုင်ပွဲ ၁၂ ဖွဲ့၊ သံချပ်ပြိုင်ပွဲ ငါးဖွဲ့နှင့် အနုပညာရှင်များ၏ တေးဂီတဖျော်ဖြေမှု၊ မြန်မာ့ဆိုင်းဝိုင်း၏ ဖျော်ဖြေတင်ဆက်မှုများကို နေ့ပိုင်းဖျော်ဖြေရေးနှင့် ညပိုင်းပြိုင်ပွဲများအပြင် ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ စတုဒိသာကျွေးမွေး လှူဒါန်းခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

မည်သူမဆို လာရောက်ပြီး ပျော်ရွှင်စွာ ရေပက်ကစားနိုင်ကြောင်း၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များမှလည်း ဧည့်ခံဖျော်ဖြေရေးယာဉ်များ၊ အသိပညာပေးယာဉ်များဖြင့် မြို့တွင်းလှည့်လည်ဖျော်ဖြေ အသိပညာပေးခြင်းများနှင့် ဒေသခံပြည်သူများ ရေပက်ခံထွက်ရာတွင်လည်း လုံခြုံစိတ်ချမှုရှိစေရေးနှင့် ခိုက်ရန်ဖြစ်ပွားမှုများမရှိစေရေးအတွက် မှုခင်းအသိပညာပေးပိုစတာများစိုက်ထူ အသိပညာပေးခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာများအတွင်း လှည့်ကင်းအဖွဲ့များဖြင့် လုံခြုံရေးဆောင်ရွက်ခြင်း၊ ဗဟိုရေကစားမဏ္ဍပ်၌ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း လုံခြုံရေးအဖွဲ့တာဝန်ရှိသူတစ်ဦးကပြောသည်။

**သက်ခိုင်(သန်လျင်)**

# သကြၤန်ရေနှင့်အတူ

**ခင်မောင်ဌေး(ပညာရေး)**

**နွေမိန်တပေါင်း**
**နေရှိန်လောင်း**
**ရွက်ဟောင်းကြွေကျ**
**မြေခခဲ့ပြီလေ**

ဆိုသည့်တေးသံက ခါနွေဦးအလှကို လှစ်ဟလျက်ရှိသည်။ အလှထူးသည့်လတန်ခူးတွင် မြဖူးအင်္ဂုံခိုင်ရွှေဝါတို့က ပင်လုံးညွတ်မျှ။ သကြၤန်မိုးကလေးတစ်ဖြိုက်နှစ်ဖြိုက်ကျသည်နှင့် လောကကို အလှဆင်ရန် ဟန်ပြင်လျက်ရှိ၏။ သျှင်နေမင်း၏ ထန်ပြင်းအပူဒဏ်ကြွံကြွံခံရင်း ပင်လုံးစိမ်းမြ တက်ကြွဆာဝေလန်းစွင့်၍နေချေပြီ။

ယခုနှစ်တွင်သကြၤန်မိုးရွာမည်ဟုဆိုလေရာ သကြၤန်မတိုင်မီကပင် သကြၤန်အကြိုမိုးကြောင့် မြို့ရွာအနှံ့ပိတောက်ပန်းရနံ့တို့ ကြိုင်လှိုင်သင်းပျံ့၍နေတော့သည်။ ဘုရားထံပါးဦးဦးဖျားဖျားတင်သူတင်၏။ ဆံမြည္ဓာတွင်ဆင်သူဆင်၏။ ပိတောက်ပန်းသည် သကြၤန်၏အမှတ်လက္ခဏာဖြစ်ကာ ယခုနှစ်တွင် ဦးဦးဖျားဖျားဆွတ်ယူခွင့် ရကြသည်မို့ ဆန္ဒတစ်ခုပြည့်ဝခဲ့ကြသည်ဟုဆိုနိုင်သည်။

## စည်းလုံးခြင်းနိမိတ်

တန်ခူးလဆန်းသည်နှင့် တစ်လောကလုံးတွင်သကြၤန်အကြိုသီချင်းများနှင့်အတူ သကြၤန်မိုး၏မြေသင်းနံ့ကပျံ့လွင့်နေ၏။ နေရာဒေသအသီးသီးတွင် ရေကစားမဏ္ဍပ်များ အစီအရီဆောက်ကြကာ ပျော်ရွှင်စွာရေပက်ကစားကြလေသည်။ ပြည်သူ့ဝန်ထမ်းများသည်လည်း နှစ်သစ်ကူးသကြၤန်ပိတ်ရက်ရကြသည်မို့ မိဘရပ်ထံပြန်သူပြန်ကြလေသည်။ ကောင်းမှုကုသိုလ်ယူရန် ပြင်သူလည်းပြင် သီဆိုကခုန်မြူးတူးကာ ရေပက်ကစားသူများလည်းပျော်ရွှင်နေကြလေသည်။

ဧပြီလ ၁၃ ရက်နေ့သည် မဟာသကြၤန်တော်စတင်ကျရောက်သည့်နေ့ဖြစ်သည်။သကြၤန်ဟူသောဝေါဟာရသည် ပါဠိနှင့်သက္ကတဘာသာများမှ ဆင်းသက်လာသော စကားဖြစ်သည်။မြန်မာတို့၏ နှစ်သစ်ကူးတန်ကူးလသည်ကား ထန်းကူးသောလ ထန်းခူးလဟူ၍အမှတ်ထားကာတာကူးလဟူ၍လည်း ခေါ်ဝေါ်ကြလေသည်။ အတာကူးခြင်းသည် နှစ်သစ်ကူးခြင်း ကူးပြောင်းခြင်းအဓိပ္ပာယ်ဖြစ်သည်။ နှစ်သစ်ကူးချိန်ခါသမယရောက်သည်နှင့် လူငယ်လူရွယ်တို့သည် ရေကစားမဏ္ဍပ်များဆောက်လုပ်ကာ ရေပက်ကစားကြလေသည်။သကြၤန်ရေသည်ကား ထူးကဲသော ကြည်လင်အေးမြမှုကိုရ၏။ အညစ်အကြေးများကို ဆေးကြောသန့်စင်စေနိုင်သည့် သဘောလည်းရှိ၏။ ရေကိုသား၍ အကြားမထင်နိုင်သည့် စည်းလုံးခြင်းနိမိတ်လည်းဆောင်၏။

ဆိုရလျှင် နှစ်သစ်အကူးအပြောင်းတွင် နှစ်ဟောင်းမှ ကျူးလွန်ခဲ့သမျှ အညစ်အကြေးများကိုအတာရေနှင့်ဆေးကြောသန့်စင်ကြလေသည်။ နှစ်သစ်တွင် လူသစ်စိတ်သစ်ဖြင့် လျှောက်လှမ်းနိုင်ကြရန် ပြင်ဆင်ကြသည့်ကာလလည်းဖြစ်သည်။ အတာရေနှင့်အတူ ကောင်းမှုအစုစု ပြုကြလေကုန်၏။

**ဒါနကတဝေဝေ**
**ရေတွေကတရွှဲရွှဲ**
**ပျော်ပွဲကတဝင့်ဝင့်**
**ကဲလို့သာဆင့်ရော့**

ဆိုသည့်အတိုင်း ရပ်တိုင်းရွာတိုင်းနေရာတိုင်းတွင် အလှူဒါနပြုကြသည်က မြန်မာတို့၏ ထက်သန်လှသည့်သဒ္ဓါတရားကို ပြသနေခြင်းပင်ဖြစ်သည်။ ဘုရားကျောင်းကန်များတွင်ဥပုသ်သီတင်းဆောက်တည်ခြင်း၊ မြန်မာ့ရိုးရာအစားအစာများဖြင့် စတုဒိသာကျွေးမွေးခြင်း၊ ဇီဝိတဒါန သူ့အသက်ကိုလွှတ်ခြင်း၊ ဘိုးဘွားမိဘများကိုခေါင်းလျှော်ရေချိုးပေးခြင်း၊ လှူဒါန်းပူဇော်ကန်တော့ခြင်းစသည့် ကောင်းမှုကုသိုလ်များသည် အတာသကြၤန်ကာလ၏ရှုမငြီးနိုင်သည့် မြင်ကွင်းအလှများပင်ဖြစ်သည်။

မြန်မာတို့၏စိတ်နှလုံးတွင် အတာရေနှင့် ဆေးကြောသန့်စင်ကာ ပြုခဲ့သမျှ ကုသိုလ်ကောင်းမှုများဖြင့် ပြည့်လျှမ်းနေသည်သာဖြစ်သည်။ ဖြူစင်မြင့်မြတ်သည့်နှလုံးသား၊ တက်ကြွရွှင်လန်းသောအားမာန်များဖြင့် ရှေ့ဆက်ခရီးနှင်ကြတော့မည်ဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေကား ရှုန်းကန်လှုပ်ရှားရင်းဖြင့် ပြည်သူတို့ မျှော်လင့်နေသည့် ငြိမ်းချမ်းသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးဆီသို့ ရှေးရှုခရီးနှင်နေချိန်ဖြစ်လေသည်။ နိုင်ငံတွင် နှစ်ပေါင်းများစွာ ယိုယွင်းခဲ့သည့် အခြေအနေအရပ်ရပ်မှ ပြောင်းလဲချိန်တန်ပြီဆိုသည့်ရည်မှန်းချက်၊ ပြည်သူနှင့်အတူဆိုသည့် စိတ်ဆန္ဒများဖြင့်ကြိုးပမ်းနေချိန်လည်းဖြစ်သည်။ ပြည်သူတို့ ရွေးချယ်တင်မြှောက်ခဲ့သည့် ပြည်သူ့အစိုးရအနေဖြင့် နှစ်နှစ်တာကာလအတွင်း စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော်လည်း စိန်ခေါ်မှုများစွာတို့ဖြင့် ရင်ဆိုင်ဖြေရှင်းနေရဆဲဖြစ်၏။

## စိတ်ဓာတ်များပြောင်းလဲ

ခေတ်သစ် စနစ်သစ်တစ်ခုကို ချီတက်ရာတွင် နိုင်ငံသားအားလုံး၏ ဒီမိုကရေစီ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေလိုမှုနှင့်အတူ ပူးပေါင်းပါဝင်ရန်အထူးလိုအပ်လှသည်။ ဆိုရလျှင် ပြိုင်တူတွန်းကြဖို့လိုသည်။ မိမိတို့၏အတ္တအကျိုးစီးပွားများအတွက် မိမိတို့လိုလားသည့်လားရာဘက်သို့ ဦးတည်ချက်အမျိုးမျိုးနှင့် တွန်းနေကြလျှင် ရွေ့နိုင်မည်မဟုတ်ပေ။ ရွေ့နိုင်သည့်တိုင်အောင် ခရီးတွင်နိုင်မည်မဟုတ်။ အထူးသဖြင့် နိုင်ငံသားအားလုံး၏ စိတ်ဓာတ်များ ပြောင်းလဲကြရမည်သာဖြစ်၏။

## တာဝန်သိစိတ်

မကြာသေးမီကပင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk) တွင် အွန်လိုင်းမှမေးသည့် မေးခွန်းတစ်ခု၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် အဖြစ်ချင်ဆုံးဆန္ဒတစ်ခုကို မေးမြန်းရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “တစ်ခုတည်းပြောရမယ်ဆိုရင် ဒါက ဆန္ဒပေါ့၊ ဆန္ဒဆိုတာ အိပ်မက်လို့လည်း ပြောလို့ရတယ်။ ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားအားလုံး တစ်ယောက်ချင်း တာဝန်သိစိတ်နဲ့ ပြည့်ဝစေချင်တယ်။ အဲဒါရှိပြီဆိုရင် ကျန်တာမလိုတော့ဘူး။ အခုလူတော်တော်များများက ကိုယ့်ရဲ့အခွင့်အရေးကိုတော့ စိတ်ဝင်စားတယ်။ ကိုယ့်ရဲ့တာဝန်ကိုတော့ အလေးမထားဘူး။ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးဟာ တစ်ယောက်ချင်း တစ်ယောက်ချင်း တာဝန်သိစိတ်ရှိမယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ တကယ်ကို ယုံမှားသံသယ ရှိစရာမလိုပါဘူး။ ဘယ်လိုစိန်ခေါ်မှုမဆို ကျော်လွှားနိုင်တယ်။ အောင်မြင်နိုင်တယ်။ အနာဂတ်ကို အောင်အောင်မြင်မြင်နဲ့ မျက်နှာမူနိုင်တယ်။ ကျွန်မကိုယ်တိုင်လည်း ဒီလိုပဲစဉ်းစားတယ်။ ကျွန်မဘဝမှာ ဘာအလိုချင်ဆုံးလဲဆိုတော့ ဘဝဆုံးတိုင်မှာ တာဝန်ကျေခဲ့တယ်ဆိုတဲ့ ကျေနပ်မှုနဲ့ပဲ ဆုံးသွားချင်တယ်” ဟုဆိုခဲ့လေသည်။

## တာဝန်ယူမှု တာဝန်ခံမှု

သို့ဖြစ်၍ နိုင်ငံသားတိုင်းသည် မိမိတို့ ဖြတ်သန်းနေရသည့်ခေတ်စနစ်တစ်ခုအတွင်း မိမိတို့ တစ်ဦးချင်းစီအပေါ်တွင် ကျရောက်လာသည်မှာ တာဝန်သိစိတ်ဖြင့် ထမ်းဆောင်နိုင်ကြဖို့ပင်ဖြစ်သည်။ ဆိုလိုသည်မှာ အမှုထမ်းများကလည်းတာဝန်သိရမည်။ အရာထမ်းများကလည်းတာဝန်သိရမည်။ အလုပ်သမား၊ လယ်သမားမကျန် လူတိုင်းက ကျရာနေရာတွင် တာဝန်သိစိတ်ဖြင့် စွမ်းဆောင်နိုင်ကြဖို့ပင်ဖြစ်သည်။ ယင်းသို့သော တာဝန်သိစိတ်၏နောက်တွင် တာဝန်ယူမှု တာဝန်ခံမှုသည် ယှဉ်တွဲပါလာမည်သာဖြစ်သည်။ တာဝန်သိခြင်းသည် စေတနာရှိခြင်းပင်ဖြစ်သည်။ မိမိတို့အမှုအလုပ်တိုင်းတွင် စေတနာပါသည်ဆိုလျှင် အမှားကင်းနိုင်မည်ဖြစ်၏။ တစ်စုံတစ်ရာ ချွတ်ချော်မှားယွင်းခဲ့လျှင်ပင် ခွင့်လွှတ်နိုင်မည့် စေတနာအမှားသာလျှင်ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် နှစ်သစ်အခါသမယမှစ၍ မိမိတို့၏ ဖြူစင်မွန်မြတ်လှသည့် စိတ်နှလုံးကို ထိန်းသိမ်းကြရပါမည်။ လောဘ၊ ဒေါသ၊ မောဟ အညစ်အကြေးများ အလွယ်တကူ ဖုံးလွှမ်းညစ်ထေးမသွားစေနိုင်ရန် ကုသိုလ်ကောင်းမှုဖြင့် အစဉ်ဖယ်ရှားနေရမည်ဖြစ်သည်။ ယခုအခါတွင် သကြၤန်ရေနှင့်အတူ နှစ်ဟောင်းမှအညစ်အကြေးများကို ဆေးကြောသန့်စင်ပြီးကြလေပြီ။ အတာရေ၏ အေးမြခြင်းကိုလည်းရနိုင်စေ။ စုစည်း ညီညွတ်မှုအားလည်းရနိုင်စေ။ ခွန်အားသစ်များဖြင့် မိမိတို့ မျှော်မှန်းသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ်ကြီးဆီသို့ ချီတက်ရာတွင်မိမိတို့ကျရာနေရာမှ တာဝန်သိစိတ်အပြည့်အဝမွေးမြူ၍ နှစ်သစ်ခရီးလမ်းကို ချောမွေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

> **“နှစ်သစ်အခါသမယမှစ၍ မိမိတို့၏ ဖြူစင်မွန်မြတ်လှသည့် စိတ်နှလုံးကို ထိန်းသိမ်းကြရပါမည်။ လောဘ၊ ဒေါသ၊ မောဟ အညစ်အကြေးများ အလွယ်တကူ ဖုံးလွှမ်းညစ်ထေးမသွားစေနိုင်ရန် ကုသိုလ်ကောင်းမှုဖြင့် အစဉ်ဖယ်ရှား...”**

# မကွေးမြို့ မဟာသကြၤန်ပွဲတော် အတက်နေ့တွင် သကြၤန်ရေကစားကြသူများ၊ လမ်းလျှောက်သကြၤန်လည်ပတ်သူများနှင့် အထူးစည်ကား

**မကွေး ဧပြီ ၁၆**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် မြန်မာ့ရိုးရာ အတာသကြၤန်ပွဲတော် အတက်နေ့တွင် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သကြၤန် ကျင်းပရာ ကမ်းနားလမ်းတစ်လျှောက်တွင် သကြၤန်လည်ပတ်သူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများ၊ နံ့သာသွေးပွဲ ပါဝင်ဆင်နွှဲကြသူများ၊ လှည်းယဉ်ကျော့ဖြင့် အမှတ်တရ ဓာတ်ပုံရိုက်ကျသူများဖြင့် အေးချမ်းစွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

လမ်းလျှောက်သကြၤန်သည် မကွေးမြို့တွင် ပထမဆုံးအကြိမ် ကျင်းပသော သကြၤန်ပွဲတော်ဖြစ်ပြီး ဖျော်ဖြေရေးမဏ္ဍပ်နှစ်ခု၊ စတုဒိသာမဏ္ဍပ် ၁၅ ခု၊ ရေကစားမဏ္ဍပ် ၁၆ ခုတို့ရှိပြီး လူငယ်လူကြီးမကျန် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး ယာဉ်အန္တရာယ်လည်း ကင်းရှင်းသောကြောင့် သကြၤန်ချစ်သူ လည်ပတ်သူများဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

လမ်းလျှောက်သကြၤန် ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးသိန်းဇော်က “လမ်းလျှောက်သကြၤန်ဖြစ်ဖို့ တော်တော်လေး အားစိုက်ဆောင်ရွက်ခဲ့ရတယ်၊ မျှော်မှန်းထားတာထက် ပိုပြီး စည်ကားအောင်မြင်လို့ အင်မတန်ပီတိဖြစ်ရတယ်၊ အခုလို စည်ကားနေတာမြင်ရတော့ ပင်ပန်းခဲ့တာတွေ ပျောက်သွားတယ်၊ ရဲတပ်ဖွဲ့ကလည်း လုံခြုံရေးအပြည့်ယူထားပေးတဲ့အတွက် ခိုက်ရန်ဖြစ်ပွားမှုတွေလည်း မရှိတော့ ပိုပြီး အေးအေးချမ်းချမ်းနဲ့ ကြည်နူးရပါတယ်” ဟု ပြောသည်။

လမ်းလျှောက်သကြၤန်လာရောက်လည်ပတ်သူ မကွေးမြို့ သူဌေးကုန်းရပ်ကွက်မှ အသက်(၆၃)နှစ်ရှိ ဒေါ်အေးငွေက “အရင်နှစ်တွေက သကြၤန်ကိုမလည်ဖူးဘူး၊ ဒီနှစ်တော့ လမ်းလျှောက်သကြၤန်ဆိုလို့ လာလည်တာပါ၊ လမ်းလျှောက်သကြၤန်ပွဲတော်လည်ရတာ တော်တော်ပျော်စရာ ကောင်းတယ်၊ စတုဒိသာကျွေးတာတွေလည်း စားရတယ်၊ အေးအေးချမ်းချမ်းနဲ့ ရေကစားကြတော့ မြင်ရတာ ကြည်နူးမိပါတယ်” ဟု ပြောသည်။



မကွေးမြို့ မဟာသကြၤန်ပွဲတော်တွင် ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ မိသားစု ရေကစားမဏ္ဍပ်များ၊ ကုမ္ပဏီရေကစားမဏ္ဍပ်များ၌ သကြၤန်လည်ပတ်သူများဖြင့် မဟာသကြၤန်(အတက်နေ့)၌ တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**

## တနင်္သာရီမြို့နယ်-လယ်တောင်ယာရွာ နတ်ပြည်ခြောက်ထပ်နှင့် ငါးပြည်ထောင်ဝက်ပါသို့ လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိ

**တနင်္သာရီ ဧပြီ ၁၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့- ဆင်ခြေဖုံးကျေးရွာအုပ်စု လယ်တောင်ယာရွာ၌ ဗုဒ္ဓခြေတော်ရာ (သမန္တကူဋဗုဒ္ဓစက်တော်ရာ)ဗုဒ္ဓပူဇနီယပွဲတော် အစီအစဉ်အရ ၎င်းလယ်တောင်ယာကျေးရွာနေ ဗိသုကာပညာရှင် ဦးစိုး ဦးဆောင်လျက် ဒေသခံများပူးပေါင်းမှုနှင့် ဒေသထွက် ကလိုဝါးနှင့် ဝါးယားလုံး ၇၀၀ ဖြင့် အမြင့်ပေ ၅၉ ပေရှိ ဆဋ္ဌဂံပုံသဏ္ဍာန် နတ်ပြည်ခြောက်ထပ်သဖွယ်အဆင့်ဆင့်နှင့် ဝါးရာဇမတ် အချပ် ၁၅၀ ဖြင့် လက်ရာမြောက်စွာ ခက်ခက်ခဲခဲ ပြုလုပ်ထားသော ငါးပြည်ထောင်ဝက်ပါပွဲတော်သို့ သင်္ကြန်ကာအလတွင်း အနယ်နယ်အရပ်ရပ်မှ သင်္ကြန်ချစ်သူများ၊ ဘုရားဖူးလာပြည်သူများ များပြားလျက်ရှိကြောင်းနှင့် အများအားဖြင့် ညပိုင်းတွင် ပိုမိုစည်ကားခဲ့ကြောင်း ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

ယင်းနတ်ပြည်ခြောက်ထပ်နှင့် ငါးပြည်ထောင် ဝက်ပါပွဲတော်ကို မြို့နယ်ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ(ကိုယ်စား) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလွှမ်းမိုးအောင်နှင့် ကျေးရွာတာဝန်ရှိသူများက ဧပြီ ၁၂ ရက် ညပိုင်းတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ဗုဒ္ဓပူဇနီယပွဲတော်နှင့် အမြင့် ၂၄၂၄ ပေရှိသော သမန္တဗုဒ္ဓစက်တော်ရာတောင်သို့ လယ်တောင်ယာကျေးရွာနှင့် တမုတ်ချန်းကျေးရွာဘက်တို့မှ တောင်တက်လမ်းမှတစ်ဆင့် မော်တော်ဆိုင်ကယ်ဖြင့် တက်ရောက်ဖူးမြော်နိုင်ကြောင်းနှင့် လယ်တောင်ယာကျေးရွာ-ဇေယျသုခဘုန်းတော်ကြီးကျောင်း၌ စတုဒိသာ ကျွေးမွေးလျှဒါန်းလျက်ရှိကြောင်း သိရှိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## သင်္ကြန်အတက်နေ့တွင် တောင်ကြီးမြို့၌ အေးချမ်းပျော်ရွှင်စွာ ရေကစားသူများဖြင့် စည်ကား

**တောင်ကြီး ဧပြီ ၁၆**

မဟာသင်္ကြန်အတက်နေ့ နံနက်ပိုင်းမှစတင်၍ တောင်ကြီးမြို့ မြို့သူမြို့သားများ အေးချမ်းပျော်ရွှင်စွာ ရေကစားကြကြောင်း သိရသည်။

တောင်ကြီးမြို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်များတွင် နံနက် ၈ နာရီမှစတင်၍ တေးသံရှင်များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ ရပ်ကွက်အလိုက် မြန်မာ့ရိုးရာယဉ်ကျေးမှု ယိမ်းအကအဖွဲ့များက သီဆိုဖျော်ဖြေကြပြီး စတုဒိသာမဏ္ဍပ်များတွင် မြို့နေမိဘပြည်သူများ၊ လူငယ်လူရွယ်များက ပျော်ရွှင်စွာလာရောက်ရေကစားကြသည်ကို တွေ့မြင်ရသည်။ ရေကစားမဏ္ဍပ်များတွင် မြန်မာ့ရိုးရာဓလေ့ထုံးစံ သပြေခက်ဖြင့် ရေပက်ကစားကြခြင်း၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ မြန်မာ့ရိုးရာယိမ်းအကအဖွဲ့များက သီဆိုဖျော်ဖြေညှော့ခံကြသည်ကို တွေ့မြင်ရသည်။

ထို့အပြင် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် လှည့်လည်ရေပက်ခံထွက်ကြသည့် မိသားစုများ အထူးအများအပြား ပါဝင်ဆင်နွှဲခဲ့ကြပြီး မြို့သို့လာရောက်လည်ပတ်ကြသည့်ဧည့်သည်များကလည်း လမ်းလျှောက်သင်္ကြန်တွင် နွှဲပျော်ခဲ့ကြကြောင်း တွေ့ရှိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ဂေါင်လီနဲ့ ဂျက်လီတို့ မူလန်ရုပ်ရှင်သစ်မှာ ဇာတ်ဆောင်တွေအဖြစ် ပါဝင်သွားမည်





ဒစ်စနေက လိုက်ဖ်အက်ရှင်ရုပ်ရှင်အဖြစ် ပြန်လည်ဆန်းသစ်ဖန်တီးသွားမယ့် "Mulan (မူလန်)" ရုပ်ရှင်သစ်မှာ ပါဝင်သွားကြမယ့် ဇာတ်ကောင်တွေအနက် လတ်တလောမှာတော့ တရုတ်နာမည်ကျော်သရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသမီး ဂေါင်လီနဲ့ မင်းသား ဂျက်လီတို့ ပါဝင်သွားကြမှာဖြစ်ကြောင်းနဲ့ သရုပ်ဆောင်တွေနဲ့ ဆွေးနွေးမှုတွေ ပြုနေပြီဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂေါင်လီနဲ့ ဂျက်လီတို့ဟာ ယင်းရုပ်ရှင်သစ်မှာ အဓိကဇာတ်ဆောင်တွေအဖြစ် ပါဝင်သွားဖို့ရာ စာရင်းသွင်းခံထားရတာဖြစ်ပါတယ်။ ဂျက်လီကတော့ တရုတ်အင်ပါယာရဲ့ ဘုရင်အဖြစ် ပါဝင်သွားမှာဖြစ်ပြီး ဂေါင်လီကတော့ စွမ်းအားအလွန်ကြီးတဲ့ စုန်းမကြီးအဖြစ် ပါဝင်သွားဖို့ရာ ဆွေးနွေးနေကြကြောင်း ဟောလီဝုဒ်ရက်ပေါ်တာရဲ့ ဖော်ပြချက်တွေကို ကိုးကားဖော်ပြခဲ့တာဖြစ်ပါတယ်။

မူလန်ရုပ်ရှင်သစ်မှာတော့ ယခင်ထွက်ရှိခဲ့ပြီးဖြစ်တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်နဲ့မတူဘဲ အတော်လေးကွဲပြားတာကတော့ အဓိကဇာတ်ဆောင်ဖြစ်တဲ့ မူလန်မှာ ညီမတစ်ဦးရှိနေတာ ဖြစ်ပါတယ်။ အဆိုပါဇာတ်ကောင်အတွက်ကတော့ တရုတ်-ဗီယက်နမ်လူမျိုး မင်းသမီး ဇီနာတန်းက ပါဝင်သွားမှာဖြစ်ကြောင်း ဇီနာကိုယ်တိုင်က နယူးဇီလန်နဲ့ ဩစတြေးလျတို့မှာ ပြုလုပ်ခဲ့တဲ့ ပြပွဲတွေမှာ ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

တိုက်ခိုက်ရေးဇာတ်ကားကောင်းတွေနဲ့ အက်ရှင်မင်းသားကြီးတစ်ဦးအဖြစ် ကျော်ကြားတဲ့ ဒန်နီယန်ဟာလည်း မူလန်ရုပ်ရှင်သစ်မှာ ပါဝင်သွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ၁၉၉၈ ခုနှစ်က အလွန်ကို အောင်မြင်ခဲ့တဲ့ ဂန္ထဝင်ရုပ်ရှင်တစ်ကားဖြစ်တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် မူလန်ကို ပြန်လည်ဆန်းသစ်သွားမယ့် ရုပ်ရှင်မှာ ဇာတ်ဆောင်မင်းသားအဖြစ် ပါဝင်သွားမှာဖြစ်ပြီး ဒန်နီယန်ရဲ့ ဇာတ်ကောင်ကတော့ အတိအကျ ထုတ်ဖော်ပြောကြားထားတာ မရှိပါဘူး။ သူဟာ သူရဲကောင်းတစ်ဦးဖြစ်ပြီး မူလန်အပေါ်မှာ မေတ္တာသက်ဝင်နေတဲ့ ဇာတ်ကောင် ကပ္ပတိန်လီဆန်းအဖြစ် ပါဝင်သွားမှာမဟုတ်သလို ဗီလိန်ဖြစ်တဲ့ ရှန်ယုအဖြစ်လည်း ပါဝင်မှာမဟုတ်ပါဘူး။ ဒ့ါအပြင် နဂါးလေးမူရှူးနေရာကနေ ပါဝင်သွားမှာမဟုတ်ကြောင်း ထုတ်ဖော်ရေးသားထားပါတယ်။ ဒါကြောင့် ဒန်နီယန်ရဲ့ ဇာတ်ကောင်ဟာ ယင်းရုပ်ရှင်သစ်မှာမှ ထပ်တိုးဖန်တီးထားတဲ့ ဇာတ်ကောင်သစ်ဖြစ်နိုင်ကြောင်းလည်း ဝေဖန်ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

ယင်းရုပ်ရှင်သစ်မှာ တရုတ်မင်းသမီး လျူရီဖိုင်က အဓိကဇာတ်ဆောင်မူလန်အဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း ဦးစွာအတည်ပြုထားခဲ့တာဖြစ်ပြီး ဒါရိုက်တာ နီကီကာရိုကတာဝန်ယူဖန်တီးသွားမယ့် လိုက်ဖ်အက်ရှင်ရုပ်ရှင် မူလန်ကို လာမယ့် ၂၀၂၀ ပြည့်နှစ် မတ် ၂၇ ရက်မှာ စတင်ထုတ်လွှင့်နိုင်ဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ ယင်းရုပ်ရှင်ဟာ ဒစ်စနေရဲ့ နောက်ဆုံးဖန်တီးထားတဲ့ လိုက်ဖ်အက်ရှင်ရုပ်ရှင်တစ်ကားဖြစ်ပြီး ယခင်ဖန်တီးခဲ့ပြီးဖြစ်တဲ့ ဒစ်စနေရဲ့ လိုက်ဖ်အက်ရှင်ရုပ်ရှင်တွေကတော့ "Maleficent"၊ "Cinderella"၊ "The Jungle Book"၊ "Beauty And The Beast" နဲ့ လာမယ့်နှစ်အတွင်း ရုံတင်မယ့် " Dumbo"တို့ ဖြစ်ကြပါတယ်။

မူလန်ရုပ်ရှင်သစ်မှာ ယခင်ရုံတင်ခဲ့ပြီးဖြစ်တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်နဲ့ ဇာတ်လမ်းပိုင်းအကြောင်းအရာအချို့ပြောင်းလဲထားပြီး ဇာတ်ကောင်သစ်တွေကိုလည်း ထည့်သွင်းဖန်တီးထားတာဖြစ်ပါတယ်။ ဒီလိုပြောင်းလဲမှုတွေအပေါ် အချို့သောပရိသတ်တွေက နှစ်သက်မှုမရှိကြောင်း တွစ်တာစာမျက်နှာတွေပေါ်မှာ ရေးသားဖော်ပြမှုတွေလည်း ရှိနေပါတယ်။

# ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်ဖြစ်ခဲ့တဲ့ ဝိန်းဂျွန်ဆင်ရဲ့ Rampage

နာမည်ကျော်ဟောလီဝုဒ်ကြယ်ပွင့် မင်းသား ဝိန်းဂျွန်ဆင် ပါဝင်ထားတဲ့ ရုပ်ရှင် "Rampage"ဟာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း မြောက်အမေရိကားမှာ ရုံတင်ခဲ့ကြတဲ့ ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပါတယ်။ ယင်းရုပ်ရှင်ဟာ မြောက်အမေရိကားမှာ ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ရုံသာမက ကမ္ဘာတစ်လွှားမှာ ရုံတင်ခဲ့ရမှာလည်း ဝင်ငွေအလွန်ကောင်းခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Rampage" ဟာ အဖွင့်သီတင်းပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၃၄ ဒသမ ၅ သန်း ရရှိခဲ့ပြီး ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်ဆယ်ကားစာရင်းကို ဦးဆောင်ထားတာဖြစ်ပါတယ်။ ယင်းရုပ်ရှင်ကို ကမ္ဘာတစ်ဝန်း ရုံတင်ခဲ့ရာမှာတော့ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၁၄ သန်း ရရှိခဲ့ပါတယ်။ ဒီလိုအောင်မြင်မှုကြောင့် ဝိန်းဂျွန်ဆင်ရဲ့ ဝက်ဝက်ကွဲအောင်မြင်မှုကို ယူဆောင်လာနိုင်တဲ့ ကြယ်ပွင့်တစ်ဦးရယ်လို့ တင်စားခံခဲ့ရတဲ့ ဂုဏ်ပုဒ်ဟာလည်း ပြန်လည်ပီပြင်လာခဲ့ပြီ ဖြစ်ပါတယ်။ ဝိန်းဂျွန်ဆင်ဟာ သူ့ရဲ့ပရိသတ်တွေကို လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ရုပ်ရှင်သစ်နဲ့ပတ်သက်တဲ့ စိတ်လှုပ်ရှားဖွယ်ရာတွေကို မိတ်ဆက်ပေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဧပြီ ၁၄ ရက်မှာတော့ ဝိန်းဂျွန်ဆင်ဟာ အေအမ်စီဘာ့ဘန့်ခ် ရုပ်ရှင်ရုံကို လာရောက်ကာ သူ့ရဲ့ရုပ်ရှင်ကို ရွေးချယ်ကြည့်ရှုအားပေးခဲ့ကြတဲ့ ပရိသတ်တွေနဲ့ တွေ့ဆုံပြီး သူ့အနေနဲ့ ပရိသတ်တွေအပေါ် လေးစားကြောင်း ထုတ်ဖော်ပြသခဲ့ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ်မှ ကျဆင်းကာ နံပါတ်နှစ်နေရာမှာ ရပ်တည်နေခဲ့တဲ့ ရုပ်ရှင်ရဲ့ တစ်ပတ်အတွင်းဝင်ငွေဟာလည်း "Rampage"ရဲ့ ဝင်ငွေနဲ့ များစွာကွာခြားခြင်းမရှိတာကို တွေ့ရပါတယ်။ သည်းထိတ်ရင်ဖိုဇာတ်လမ်းအမျိုးအစားဖြစ်တဲ့ "A Quiet Place" ကတော့ တစ်ပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၃၂ ဒသမ ၆ သန်း ရရှိခဲ့ပြီး မြောက်အမေရိကားမှာ ဒုတိယမြောက် ဝင်ငွေအကောင်းဆုံး ရုပ်ရှင်အဖြစ် ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

တတိယမြောက် ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် ရပ်တည်နေတဲ့ "Truth or Dare"ဟာလည်း သည်းထိတ်ရင်ဖို ဇာတ်လမ်းအမျိုးအစားဖြစ်ပါတယ်။ တစ်ပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၁ သန်း ရရှိခဲ့တာကြောင့် ဒုတိယမြောက်ဝင်ငွေအကောင်းဆုံးရုပ်ရှင်နဲ့တော့ ဝင်ငွေအရ အတော်လေးကွာခြားနေတာ တွေ့ရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မြောက်အမေရိကားရဲ့ ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်ဆယ်ကားစာရင်းမှာ ပါဝင်ခဲ့ကြတဲ့ အခြားသောရုပ်ရှင်တွေကတော့ "Ready Player One"၊ "Blockers"၊ "Black Panther"၊ "Isle Of Dogs"၊ "I Can Only Imagine"၊ "Acrimony" နဲ့ "Chappaquiddick"တို့ ဖြစ်ကြပါတယ်။

**အေးပြည့် စုစည်းသည်**



## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ မြင်းမူမြို့ ဖျော်ဖြေရေးမဏ္ဍပ်သို့လာရောက်အားပေး



**မြင်းမူ ဧပြီ ၁၆**

၁၃၇၉ ခုနှစ် မဟာသင်္ကြန်ကာလ သင်္ကြန်အတက်နေ့ဖြစ်သော ဧပြီ ၁၅ ရက် ညပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် အစိုးရအဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင် မြင်းမူမြို့ ဗဟိုမဏ္ဍပ်၏ ညပိုင်းအစီအစဉ်ဖြစ်သော သင်္ကြန်ယိမ်းအဖွဲ့များ ကပြဖျော်ဖြေနေမှုများကို တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

မြင်းမူမြို့ မြို့မတူရိယာတီးဝိုင်းဖြင့် ဧည့်သည်တော်များနှင့် ပရိသတ်များအားမြန်မာသင်္ကြန်သီချင်းများဖြင့် သင်္ကြန်ယိမ်းအဖွဲ့များမှ ကပြဖျော်ဖြေပေးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်ဇနီးနှင့်အတူလိုက်ပါလာခဲ့ကြသော တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲမှုကော်မီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ပရိသတ်များအား မြန်မာသင်္ကြန် သီချင်းများဖြင့် ပြန်လည်သီဆိုကပြပေးခဲ့ကြသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က မြင်းမူမြို့ ဗဟိုမဏ္ဍပ်အတွက်အလှူငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ငြိမ်းချမ်းရေးသံချပ်အဖွဲ့နှင့် ကပြဖျော်ဖြေပေးကြသော ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ အသီးသီး ချီးမြှင့်ပေးခဲ့ကြသည်။

ယခုနှစ် မဟာသင်္ကြန်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ကိုယ်ပိုင်သင်္ကြန်မဏ္ဍပ်တစ်ခုမှလည်းသင်္ကြန်အကြိုနေ့မှစ၍ နာမည်ကြီး အဆိုတော်များဖြင့် ဖျော်ဖြေပေးလျက်ရှိရာ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

## မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်တွင် အမှိုက်များ စနစ်တကျစွန့်ပစ်ရေး လှုံ့ဆော်မှု လှည့်လည်ဆောင်ရွက်

**မန္တလေး ဧပြီ ၁၆**

Clean Mandalay Society အသင်းမှ လူငယ်များ ပူးပေါင်း၍ မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် ကျုံးဘေးတွင် အမှိုက်များ စနစ်တကျစွန့်ပစ်ရေး လှုံ့ဆော်မှု လှည့်လည်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူငယ်အဖွဲ့သည် မန္တလေးကျုံးပတ်လည်တွင် "အမှိုက်ကို စည်းကမ်းဖြင့်စွန့်ပစ်ကြပါ၊ အမှိုက်ပုံးတွင် အမှိုက်ပစ်ပါ၊ သတိရှိပါတို့မြန်မာ၊ ကျန်းမာရွှင်ပျော်နေလိုသော် ဝန်းကျင်အမှိုက် သန့်စင်လိုက်မှ စိတ်ဝယ်ရွှင်ပြ သာယာလှ၏၊ ရပ်ကွက်ဝန်းကျင်သန့်ရှင်းဖို့ စွန့်ပစ်အမှိုက်စနစ်တကျ သိမ်းဆည်းစို့"အစရှိသော ပိုစတာများ ကိုင်ဆောင်၍ မန္တလေးကျုံးပတ်လည်တွင် လှုံ့ဆော်မှု လှည့်လည် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်တွင် အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ မန္တလေးကျုံးပတ်လည်တွင် အမှိုက်ပုံးများထားရှိ ဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**



# သင်္ကြန်ကာလတွင် ရိဒ်ရေကန်သို့ လာရောက်အပန်းဖြေသူ ပိုမိုများပြား

**ရိခေါဒါရ် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်အကုန် ၁၃၈၀ ပြည့်နှစ်သစ်အကူး မဟာအတာသင်္ကြန်ကာလအတွင်း ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ အသည်းနှလုံးပုံသဏ္ဌာန် ရိဒ်ရေကန်သို့ပြည်တွင်းပြည်ပရှိ ရပ်ဝေးရပ်နီးမှ မိဘပြည်သူများ အပန်းဖြေလာရောက်လည်ပတ်သူ ယခင်နှစ်များထက် ပိုမိုများပြားကြောင်း သိရသည်။

"ကျွန်တော်ကတော့ မုံရွာ၊ ဘုတလင်မြို့ကပါ၊ သင်္ကြန်ကာလအတွင်း အပန်းဖြေခရီးအဖြစ်နဲ့ ရိဒ်ရေကန်ကို မိသားစုလိုက် လာရောက်ခြင်းဖြစ်ပါတယ်၊ ရိဒ်ရေကန်နဲ့ ချင်းတောင်ကို ပထမဆုံးအကြိမ်လေ့လာအပန်းဖြေဖို့လာရောက်ကြတာပါ၊ လမ်းကြောင်းတစ်လျှောက် ကျွန်တော်တို့အတွက် လေ့လာစရာတွေပါပဲ၊ သဘာဝတောတောင်တွေ၊ သစ်တောတွေတွေ့ရတော့ စိတ်မှာခံစားမှု အပြည့်ရှိစေပါတယ်၊ ရေကန်ကို ရောက်လာတော့ ကန်ရေကြည်လင်အေးမြမှုနဲ့ ရေကန်ဘေးပတ်ဝန်းကျင်သဘာဝသစ်တော စိမ်းလန်းစိုပြည်သာယာမှုကိုတွေ့ရတော့ စိတ်ကျေနပ်မှုရှိစေပြီး ရေကန်ကို လာရကျိုးနပ်ပါတယ်၊ ချင်းတောင်က တိုင်းရင်းသားပြည်သူတွေကလည်း ဖော်ရွေတယ်၊ ရိုးသားကြတယ်၊ ခင်စရာကောင်းပါတယ်၊ နောက်တစ်ခေါက်လည်း လာလည်ဖို့ဆန္ဒရှိပါတယ်" ဟု စက်မှုလယ်ယာဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး (ငြိမ်း) ဦးသန်းဆွေက ပြောသည်။

"ကျွန်မတို့ကတော့ မန္တလေးမြို့က သူငယ်ချင်းတွေနဲ့အဖွဲ့လိုက်လာကြတာပါရှင့်၊ ရိဒ်ရေကန်နဲ့ ချင်းတောင်ကိုဒါပထမဆုံးအကြိမ် ရောက်ရှိလာကြတာပါ၊ ကျွန်မတို့ ဒေသက အပူပိုင်းဒေသဆိုတော့ ရေကန်ကို ရောက်လာတော့ တောတောင်သဘာဝစိမ်းလန်းတဲ့သစ်တောတွေနဲ့ သာသာယာယာရှိပြီး တောင်ပေါ်လေအေးလေးရှူရှိုက်လိုက်ရလို့ စိတ်မှာတစ်မျိုးကြီး ခံစားရတယ်၊ ပျော်စရာလည်းကောင်းပါတယ်၊ ဒါပေမယ့်လာရတဲ့ လမ်းကြောင်းက တောင်ပေါ်လမ်းဆိုတော့ လမ်းအကွေ့အကောက် အတက်အဆင်းက ကြမ်းတယ်၊ ကျွန်မတို့အတွက်တော့ အဆန်းကြီးဖြစ်နေတယ်၊ နောက်တစ်ခေါက်လာလည်ဖို့ ဆန္ဒရှိပါတယ်" ဟု မယုဇနက ပြောသည်။

မဟာအတာသင်္ကြန်ကာလအတွင်း မြန်မာပြည်တွင်းမှ ရေကန်သို့ လာရောက်လည်ပတ်သူ အများစုမှာ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မုံရွာ၊ ကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ အခြားသောမြို့နယ်တို့မှလာရောက်ကြခြင်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့များနှင့် မိသားစု၊ သူငယ်ချင်းအုပ်စုအဖွဲ့များဖြင့် လာရောက်လည်ပတ်သူ များဖြစ်ကြသည့်အပြင် အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်မှလည်း လာရောက်သူ များပြားလျက်ရှိရာ ရိဒ်ရေကန်နံဘေးရှိ ရိဒ်ကန်သာတည်းခိုခန်းအပြင် ပြည်ထောင်စုရိပ်သာနှင့်အခြားသော တည်းခိုခန်းများတွင်လည်းရိဒ်ရေကန်လေ့လာရေး၊ အပန်းဖြေခရီးဖြင့်လာရောက်သူများဖြင့် ပြည့်ကျပ်နေကြောင်း သိရသည်။

"ကျွန်မတို့ ရိဒ်ကန်သာမှာ ဒီနေ့သင်္ကြန်အကျနေ့အထိ လာရောက်တည်းခိုသူတွေနဲ့ ပြည့်ကျပ်နေပါတယ်၊ ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်) အထိ လာရောက်တည်းခိုဖို့ ကြိုတင်စာရင်း (Booking) ပေးသွင်းထားသူတွေလည်း စာရင်းပြည့်နေပါတယ်၊ အများစုကတော့ ရန်ကုန်၊ မန္တလေး၊ ဧရာဝတီနှင့် ကလေးမြို့က လာရောက်တည်းခိုကြတာပါ၊ ခါတိုင်းနှစ်ထက်က ရိဒ်ရေကန်လာရောက်သူ ပိုပြီးများလာမယ်လို့ထင်ပါတယ်၊ တချို့က ညအိပ်ခရီးနဲ့လာကြသူရှိသလို နေ့ချင်းပြန်ခရီးနဲ့ လာရောက်လည်ပတ်သူတွေလည်း အများကြီးရှိပါတယ်" ဟု ရိဒ်ကန်သာစားသောက်ဆိုင်မှ ဆိုင်ရှင်ဒေါ်ရိုင်ငွားမွဲယီးက ပြောသည်။

ရိဒ်ရေကန်သည် ချင်းပြည်နယ် အနောက်မြောက်ဘက် မြန်မာ-အိန္ဒိယနယ်စပ်မြို့ဖြစ်သည့် ရိခေါဒါရ်မြို့အနီးတွင် တည်ရှိပြီး ကလေးမြို့မှ မိုင် ၉၀ ခန့်၊ တီးတိန်မြို့မှ ၃၂ မိုင်ခန့်နှင့် ဖလမ်းမြို့မှ ၆၄ မိုင်ခန့်အကွာ ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၆၆ ပေတွင် တည်ရှိကြောင်း၊ အဆိုပါရေကန်ကြီးမှာ အသည်းနှလုံးပုံသဏ္ဌာန်ဖြင့် သဘာဝအတိုင်းတည်ရှိခြင်းဖြစ်ပြီး အေဒီ ၁၆၀၀ ခန့်က စတင်တွေ့ရှိခြင်းဖြစ်ကြောင်း သိရသည်။ **ဇိုဟေဆာ**

## တာချီလိတ်မြို့ မြန်မာ့ယဉ်ကျေးမှုအတာသင်္ကြန် အထူးစည်ကား

**တာချီလိတ် ဧပြီ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ မြန်မာ့ရိုးယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် သင်္ကြန်အကြတ်နေ့ ညနေပိုင်းတွင် ဗဟိုမဏ္ဍပ်၌ တေးသံရှင်များက ဖျော်ဖြေတင်ဆက်လျက်ရှိရာ သင်္ကြန်ချစ်သူပြည်သူများက စည်ကားများပြားစွာ ပါဝင်ဆင်နွှဲခဲ့သည်။

ထိုသို့ ဖျော်ဖြေရာ၌ ဗဟိုမဏ္ဍပ်တွင် တေးသံရှင် ဂျေညီညီ၊ ရုပ်ရှင်နှင့် ဗီဒီယို ဟာသသရုပ်ဆောင် ဆင်မနှင့်အဖွဲ့များက ဧည့်ခံဖျော်ဖြေလျက်ရှိရာ သင်္ကြန်ချစ်သူပြည်သူများ စည်ကားများပြားခဲ့သည့်အပြင် ရပ်ကွက်အလိုက် မဏ္ဍပ်များ၊ လူမှုရေးအသင်းအဖွဲ့များ၏ မဏ္ဍပ်များနှင့် နိုင်ငံရေးပါတီများ၏ မဏ္ဍပ်များတွင် တေးသီချင်းများဖြင့် သီဆိုကပြ ဧည့်ခံမှုများနှင့်အတူ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသည်။

အလားတူ တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စုရှိ ပုန်းထွန်ရေချောင်း၊ ဖန်မင်ကျေးရွာအုပ်စုရှိ မယ်ဟုတ်ရေချောင်းနှင့် မိုင်းဖုန်း(က)ကျေးရွာအုပ်စု၊ ဝမ်ပုံဆိပ်ကမ်း၊ မဲခေါင်မြစ်ကမ်းရှိ ဇွဲသာယာကမ်းခြေတို့တွင် ပြည်သူများ လာရောက်လည်ပတ်အပန်းဖြေအနားယူ၍ သင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**



## သင်္ကြန်ပစ္စည်းများထက် ပိတောက်ပန်းပွင့်၊ ပန်းခက် ပိုမိုအရောင်းသွက်

**တောင်သာ ဧပြီ ၁၆**

သင်္ကြန်ပစ္စည်းများတွင် အခါတွင်း ရေကစားရန် အရွယ်အစားစုံလင်သော ပစ္စည်းများ၊ နောက်ပြောင်ကျီစယ်ရန် မျက်နှာဖုံး ပုံစံအမျိုးမျိုးနှင့် ရေဒဏ်နှင့် နေဒဏ်ခံနိုင်ရန် မျက်မှန်အမျိုးမျိုးတို့ထက် ပလတ်စတစ်နှင့် ဓာတုဗေဒပစ္စည်းများ အသုံးပြုထုတ်လုပ်ထားသော ပိတောက်ပန်းပွင့်၊ ပန်းခက်များ ပိုမိုရောင်းချရကြောင်း သင်္ကြန်ပစ္စည်းရောင်းချကြသူများထံမှ သိရသည်။

ပိတောက်ပွင့်နှင့် ဆက်စပ်ပစ္စည်းများကို တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခြင်းဖြစ်သည်။ အပွင့်၊ အခက်၊ အရွက်စသည်ဖြင့် သီးခြားစီ တင်သွင်းလာခြင်းဖြစ်ပြီး သင့်တော်သလို ပြန်လည်တွဲစပ်၍ ပြန်လည်ရောင်းချကြခြင်းဖြစ်သည်။

နယ်မြို့များမှ မှာယူရာတွင်လည်း ပစ္စည်းတစ်မျိုးချင်းစီအား လိုချင်သလောက်အရေအတွက်ကို ပြန်လည်တင်ပို့ကြခြင်းဖြစ်သည်။

ဝယ်ယူကြသူအများစုမှာ ကုမ္ပဏီ၊ ရုံးခန်း၊ ဈေးဆိုင်၊ အိမ်နှင့် မော်တော်ယာဉ်များတွင် ချိတ်ဆွဲအလှဆင်ရန်နှင့် Mobile Phone အရောင်းဆိုင်အဝင်ခန်း၊ အရောင်းကောင်တာအပေါ်တွင် အလှဆင်ချိတ်ဆွဲရန် ဝယ်ယူသူများပြားကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

# ဘားအံမြို့မဟာသင်္ကြန်တွင် ယိမ်းအက၊ တစ်ပင်တိုင်အကများကို ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဆို သီချင်းများဖြင့် ယှဉ်ပြိုင်



**ဘားအံ ဧပြီ ၁၆**
ကရင်ပြည်နယ် ဘားအံမြို့တွင် မြန်မာရိုးရာယဉ်ကျေးမှု အစဉ်အလာတစ်ခုဖြစ်သည့် ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို ငါးရက်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယိမ်းအက၊ တစ်ပင်တိုင်အက၊ ကိုယ်တိုင်အရေးအဆို သီဆိုယှဉ်ပြိုင်မှုများနှင့် ဖျော်ဖြေရေးများကို ဧပြီ ၁၆ ရက်အတက်နေ့ထိ ဘားအံကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ယခုနှစ် ဘားအံသင်္ကြန်ကာလအတွင်း ပျော်ရွှင်စွာ ရေပက်ကစားနိုင်ရေးအတွက် ဘားအံမြို့ ကမ်းနားလမ်း ဗဟိုမဏ္ဍပ်တွင် ဖျော်ဖြေရေးနှင့် ယိမ်းယှဉ်ပြိုင်မဏ္ဍပ်၊ ပွဲကြည့်မဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်၊ ကမ်းနားလမ်းတစ်လျှောက်နှင့် ရပ်ကွက်များတွင် ဌာနဆိုင်ရာအလိုက်၊ ရပ်ကွက်အလိုက် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် စုစုပေါင်း ၁၈ ခု ဆောက်လုပ်ထားကြောင်း သိရသည်။

ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့မှစတင်ကာ ဗဟိုမဏ္ဍပ်တွင် အဆို၊ အက၊ အရေး၊ အတီး ကိုယ်ပိုင်သံစဉ်များဖြင့် ယှဉ်ပြိုင်မည့် ယိမ်းအဖွဲ့ ၁၁ ဖွဲ့ဖြင့် ညပိုင်းတွင် ယှဉ်ပြိုင်ကြပြီး ဖျော်ဖြေရေးယိမ်းအဖွဲ့ ၃၀ ဖြင့် နေ့ခင်းပိုင်းနှင့် ညပိုင်းပြိုင်ပွဲမတိုင်မီ ဖျော်ဖြေတင်ဆက်မှုများကို စီစဉ်ထားပြီး ယှဉ်ပြိုင်ပွဲအနေဖြင့် ယိမ်းအကဘက်စုံဆုတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု၊ ယိမ်းသီချင်းဆုတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု၊ ယိမ်းဂီတစာဆို ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု၊ တစ်ပင်တိုင်အက ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု၊ တစ်ပင်တိုင်သီချင်း ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု၊ တစ်ပင်တိုင်ဂီတစာဆို ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများ ချီးမြှင့်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# သင်္ကြန်ကာလအတွင်း အပန်းဖြေသူများနှင့် အထူးစည်ကားနေသည့် ညောင်ချောင်းသာအပန်းဖြေကမ်းခြေ

**ညောင်တုန်း ဧပြီ ၁၆**
ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာ ညောင်တုန်းမြို့ ရန်ကင်းစံရာကျေးရွာတွင် သဘာဝသဲသောင်ပြန့်ပေါ်ထွန်းလျက်ရှိပြီး အပန်းဖြေစရာ ညောင်ချောင်းသာကမ်းခြေဟု ပေါ်ပေါက်လျက်ရှိရာ သင်္ကြန်တွင်းကာလတွင် ရေပက်ခံထွက်သူ၊ လည်ပတ်သူ၊ အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်းသိရသည်။

"သင်္ကြန်ကာလအတွင်း နေ့စဉ်လုံခြုံကွပ်ကဲရေးစခန်းမှလည်း ဘေးကင်းလုံခြုံရေးအတွက် အသိပေးကြေညာခြင်း၊ လာရောက်လည်ပတ်ကြသူများ ဘေးကင်းလုံခြုံအောင် အစီအမံများ၊ စပီကာများဖြင့် အသိပေးကြေညာကြပ်မတ်စစ်ဆေးခြင်းများဖြင့် မြစ်ကမ်းခြေတစ်လျှောက် လုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် သက်သောင့်သက်သာ အနားယူနိုင်အောင် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ယခင်နှစ်တွေက အတွေ့အကြုံတွေထက် ပိုမိုကောင်းမွန်အောင်အတတ်နိုင်ဆုံး ကျွန်တော်တို့ကော်မတီက ဖြည့်စွက်စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု ညောင်ချောင်းသာကမ်းခြေ သာယာလှပရေးတာဝန်ခံ ဒု-ဦးစီးမှူးဦးအောင်နိုင်က ပြောသည်။

"ညောင်ချောင်းသာကမ်းခြေသို့ မြို့အဝင်သွားရာလမ်းများမှာ ရေပက်ခံထွက်သည့်ကားများ တိုးမပေါက်အောင်ပိတ်ဆို့နေလို့ အပြန်ခရီး တစ်နာရီနီးပါးခန့် ကြန့်ကြာမှုများရှိခဲ့တယ်" ဟု ရန်ကုန်မြို့မှ ကိုယ်ပိုင်ကားဖြင့် လာရောက်လည်ပတ်သူတစ်ဦးက ပြောသည်။

"ဒီနှစ်သင်္ကြန် ညောင်ချောင်းသာ အပန်းဖြေကမ်းခြေကို မနှစ်ကသင်္ကြန်ထက် လာရောက်လည်ပတ်သူအလွန်များပါတယ်၊ သင်္ကြန် အကြတ်နေ့ကဆိုရင် လည်ပတ်သူဦးရေတစ်သိန်းကျော်နီးပါး လာရောက်လည်ပတ်သူများလို့ စားသောက်ဆိုင်များမှ ထမင်း၊ ဟင်း၊ အစားအသောက်၊ အအေးမျိုးစုံပြတ်လပ်သွားတဲ့အထိ အလွန်ရောင်း ကောင်းပြီး မြို့စည်ကားလာတဲ့အတွက် လာရောက် လည်ပတ်သူအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု အောင်နိုင်သူ စားသောက်ဆိုင်ပိုင်ရှင်က ပြောကြားခဲ့သည်။

ယခုသင်္ကြန်ကာလအတွင်း၌ အပန်းဖြေသူများစွာလာရောက်လည်ပတ်လျက်ရှိပြီး တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# မယ်စဲ့သင်္ကြန် ရေကစားသူများ အထူးစည်ကား

**မယ်စဲ့ ဧပြီ ၁၆**
မြန်မာ့ရိုးရာယဉ်ကျေးမှု အတာရေသဘင်ပွဲတော်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်တိုင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင်လည်း သင်္ကြန်အကြိုနေ့မှစ၍ မြို့နယ်ခန်းမရှေ့ ဗဟိုမဏ္ဍပ်နှင့်ရပ်ကွက်များရှိ ရေကစားမဏ္ဍပ်များတွင် ဒေသတွင်းမှတိုင်းရင်းသားပြည်သူများအပြင် အိမ်နီးချင်းထိုင်းနိုင်ငံမှ သင်္ကြန်ချစ်သူပြည်သူများကလည်း လာရောက်လည်ပတ်၍ မြန်မာ့ရိုးရာ နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

ထို့ပြင်ဗဟိုမဏ္ဍပ်တွင် မယ်စဲ့လူငယ်တီးဝိုင်းအဖွဲ့မှ သင်္ကြန်တေးသီချင်းများဖြင့် မြူးမြူးကြွကြွသီဆိုဖျော်ဖြေခြင်း၊ သင်္ကြန်ယိမ်းအကအလှအဖွဲ့များကလည်း သင်္ကြန်အကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ လာရောက်ကြည့်ရှုအားပေးကြသည့် သင်္ကြန်ချစ်သူများကလည်း ပျော်ရွှင်စွာ ပါဝင်ကခုန်ဆင်နွှဲခဲ့ကြသလို ယခုနှစ်တွင် မြောက်ပိုင်းရပ်ကွက်ရှိ လူငယ်ရေကစားမဏ္ဍပ်တွင်လည်းသင်္ကြန်မောင်မယ်များက ယခင်နှစ်နှင့်မတူ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တစ်နေကုန်သီဆိုကခုန်၍ မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# တနင်္သာရီဗဟိုမဏ္ဍပ်တွင် ယိမ်းအကအဖွဲ့များ ပါဝင်ယှဉ်ပြိုင်

**တနင်္သာရီ ဧပြီ ၁၆**
တနင်္သာရီမြို့၌ (၁၃၇၉ ခုနှစ် သင်္ကြန်အကြတ်နေ့) ဧပြီ ၁၅ ရက်က ရေကစားမဏ္ဍပ်များတွင် ပျော်ရွှင်စွာ ရေကစားကြ၍ ဗဟိုမဏ္ဍပ်တွင်ကျေးရွာအသီးသီးမှ ယိမ်းအကအဖွဲ့များက ယိမ်းအကပြိုင်ပွဲယှဉ်ပြိုင်ကပြခဲ့ကြောင်း သိရသည်။

အဆိုတော် ဖြိုးကျော်ထိုက်နှင့်ဒေသခံ လှပျိုဖြူတို့ ပူးပေါင်းကာ တေးသီချင်းများဖြင့်ကပြဖျော်ဖြေခဲ့ကြပြီး ဘန်လောကျေးရွာအုပ်စု ချောင်းကြီးရပ်ကွက်၊ မော်တုန်းကျေးရွာအုပ်စုနှင့် ဘန်းလမွတ်ကျေးရွာအုပ်စု ယိမ်းအဖွဲ့များက သင်္ကြန်ယိမ်းအကများဖြင့် ယှဉ်ပြိုင်ကပြခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ–ထိန်ဝင်း(ပြန်/ဆက်)**







# မော်တော်ယာဉ်ဖြင့် ရေပက်ခံထွက်သူများ မြိတ်မြို့တွင် ပိုမိုများပြား

**မြိတ် ဧပြီ ၁၆**
၁၃၇၉ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်း သင်္ကြန်ချစ်သူပြည်သူများက ပျော်ရွှင်ချမ်းမြေ့စွာ နွှဲပျော်လျက်ရှိကြရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ သင်္ကြန်အကြတ်နေ့တွင် သင်္ကြန်ချစ်သူပြည်သူများမှ အေးချမ်းပျော်ရွှင်စွာဖြင့် သင်္ကြန်ပွဲတော်ကို နွှဲပျော်လျက်ရှိကြသည်။

သင်္ကြန်အကြတ်နေ့ ဧပြီ ၁၅ရက်တွင် နံနက်ပိုင်းမှစ၍ ဖျော်ဖြေရေးမဏ္ဍပ်၊ ရေကစားမဏ္ဍပ်များမှ သင်္ကြန်တေးသီချင်းများ၊ မြူးမြူးကြွကြွတေးသီချင်းများ ဖွင့်ကြပြီး အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိကြကာ ယင်းနေ့တွင် သင်္ကြန်ချစ်သူပြည်သူများမှ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များဖြင့် ရေပက်ခံထွက်ကြသူများ သင်္ကြန်အကျနေ့ကထက် ပိုမိုများပြားခဲ့ကြောင်း သိရသည်။

လူငယ်များအစုအဖွဲ့လိုက်၊ မိသားစုလိုက် သင်္ကြန်သီချင်းများ၊ မြူးမြူးကြွကြွတေးသီချင်းများဖွင့်၍ ပျော်ရွှင်စွာဖြင့် မြို့တွင်းလမ်းများတစ်လျှောက် လှည့်လည်ကာ ရေပက်ခံထွက်လျက်ရှိရာ ကန်ဖျားရပ်ကွက် မြေနီလမ်း ရေကစားမဏ္ဍပ်များအရှေ့၊ မြိတ်ခရိုင်ဖျော်ဖြေရေးမဏ္ဍပ်အရှေ့၊ ကမ်းရိုးတန်း သင်္ကြန်မဏ္ဍပ်အရှေ့၊ ကမ်းနားလမ်း SEA VIEW CONDO မဏ္ဍပ်အရှေ့တို့တွင် ကြိတ်ကြိတ်တိုးစည်ကားခဲ့ကြောင်း သိရသည်။

**နိုင်ထူး(ပြန်/ဆက်)**

# မိုးကုတ်နှစ် (၈၀၀) ပြည့်ပွဲတော် အောင်မြင်ခြင်းကျေးဇူးတင်စကားပြလွှာ
# နှင့်
# နှစ်သစ်အတာသကြံန် ဆုတောင်း

မြန်မာနိုင်ငံ၏ အဖိုးအနဂ္ဃ ထိုက်လှသော ရတနာမြေအဖြစ် ထင်ရှားခဲ့သော မိုးကုတ်မြို့နှစ်(၈၀၀)ပြည့် ပွဲတော်ကြီးကို ၂၀၁၈ခုနှစ်၊မတ်လ (၂၉)ရက်မှ (၃၁) ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ဖြစ်ပါသည်။

ပွဲတော်ကြီး အထိမ်းအမှတ် ဓမ္မသဘင်၌ တရားရေအေး အမြိုက်ဆေးများတိုက်ကျွေးခဲ့ပါသော ကျေးဇူးတော်ရှင်ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်)၊ ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ(ပါမောက္ခချုပ် ဆရာတော်)၊ ဒေါက်တာ အရှင်ဉာဏိဿရ (သီတဂူဆရာတော်)၊ အရှင်ဆန္ဒာဓိက (ရွှေပါရမီ တောရဆရာတော်)၊မန်စီဆရာတော် (ဘဒ္ဒန္တ ဝဏ္ဏိတ)၊ ဉူးသုမင်္ဂလ(ဒယ်အိုးဆရာတော်) အရှင်သူမြတ်တို့အား လည်းကောင်း။

ရှေးဟောင်းမြို့ဦးစေတီတော်အား ပွဲတော် အထိမ်းအမှတ် ဖွင့်လှစ်နိုင်ရန် ကမကထပြု ဦးဆောင်ပေးခဲ့ပါသော ဆရာတော်ဉူးသုမင်္ဂလနှင့် မြို့မိမြို့ဖ များအားလည်းကောင်း၊ ဗိုလ်ချုပ်ကြေးရုပ် လှူဒါန်းပေးခဲ့ပါသော ဆရာတော်ဉူးသုမင်္ဂလ အားလည်းကောင်း။

မိုးကုတ်မြို့နှစ် (၈၀၀)ပြည့်ပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိုးကုတ်မြို့၊ မန္တလေးမြို့နှင့်ရန်ကုန်မြို့မှပွဲတော်ဖြစ်မြောက်ရေး ကော်မတီများ၊ ဖွင့်ပွဲ အခမ်းအနားကြီးတွင် ကိုယ်တိုင်တက်ရောက် ချီးမြှင့်ပြီး အဖွင့်မိန့်ခွန်း ပြောကြားပေးခဲ့ပါသော မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဦးဇော်မြင့်မောင် နှင့်တကွမန္တလေးတိုင်းဒေကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယ ဉက္ကဋ္ဌ နှင့်လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာလင်း နှင့်စစ်ဘက်နယ်ဘက်မှတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြင်ဦးလွင်ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး နှင့် မိုးကုတ်မြို့နယ် ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ အားလည်းကောင်း။

နှစ်(၈၀၀)ပြည့် ပွဲတော် သို့ အမှတ်တရ လာရောက်လည်ပတ်ကြပါသော သြစတြေးလျ၊ ချက်ကိုစလိုဗက်ကီးယား၊နီပေါ၊စင်ကာပူ၊ ယူနိုက်တက်ကင်ဒမ်တို့မှ သံအမတ်ကြီးများနှင့် ရှုရှားကောင်စစ်ဝန်တို့ အားလည်းကောင်း။

ပွဲတော်ကြီး ဖြစ်မြောက်ရေးအတွက် ဘဏ္ဍာငွေရှာဖွေခြင်းအပါအဝင် အစည်ကားဆုံးသော ပွဲတော်ကြီး ဖြစ်လာစေရန်အတွက်ကဏ္ဍအသီးသီး၏ လိုအပ်ချက်များမှန်သမျှကို အဘက်ဘက်မှပိုင်းဝန်းကူညီ အားဖြည့်ပေးကြသော မိုးကုတ်မြို့သူ၊မြို့သား အားလုံးအားလည်းကောင်း၊ CBဘဏ်ဉက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကမ္ဘောဇဘဏ် ဉက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မာမားခေါက်ဆွဲ၊ တောင်ကြီး Gems၊ Ford ကားကုမ္ပဏီနှင့် ငွေအားလူအားတို့ဖြင့်ကူညီ ဖြည့်ဆည်းပေးကြသော မိုးကုတ်မြို့သူ မြို့သား ညီအစ်ကို မောင်နှမများအားလည်းကောင်း၊ ပွဲတော်ကြီးအား ပြည်တွင်းမှာသာမက ကမ္ဘာတစ်ဝန်းကပါ စိတ်ဝင်စားမှု မြင့်တက်လာစေရေးအတွက် ပွဲကြိုလှုပ်ရှားမှုများအဖြစ် အားကစားပြိုင်ပွဲများကျင်းပခြင်း၊ မိုးကုတ်နှစ် (၈၀၀)ပြည့် အထိမ်းအမှတ်သီချင်း များကို မြန်မာပြည်သိန်းတန်၊ Rဇာနည်၊ အောင်ထက်၊ ထွန်းအိန္ဒြာဗိုလ်တို့ဖြင့် သီဆိုဖန်တီးခြင်း၊ မိုးကုတ်နှစ် (၈၀၀)ပြည့် Documentaryအဖွဲ့၊ We Love Mogok Campaing Video Clip နှင့် Mogok Promotion Video ကို မိုးကုတ်မြို့၌ဖန်တီး ရိုက်ကူးခြင်း၊ Travelling Bloggerများအား မိုးကုတ်မြို့သို့ ကြိုတင်လေ့လာရန် ဖိတ်ကြားခြင်းစသည့် Program များဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းကူညီခဲ့ကြသော မြို့ခံ လူငယ်အဖွဲ့များအားလည်းကောင်း။

ပွဲတော်အစီအစဉ်များ ထုတ်လွှင့်ပြသပေးခဲ့ကြသည့် မြန်မာ့အသံ၊ မြဝတီရုပ်သံ၊ SKY NET ရုပ်သံ၊ 7 day Media, DVB, VOA စသည့် Media Partnerများအားလည်းကောင်း၊ မိုးကုတ်မြို့အလှ ဓာတ်ပုံပြိုင်ပွဲအတွက် အကဲဖြတ်ပေးပါသော မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှ တာဝန်ရှိ လူကြီးမင်းများအားလည်းကောင်း၊ အားကစားပြိုင်ပွဲများ ဦးစီးကျင်းပပေးပါသော Excellence Group အားလည်းကောင်း။

အသက်(၈၀)နှစ် နှင့်အထက် ဘိုးဘွား(၁၅၀၀)ကျော်အား သက်ကြီး ပူဇော်ပွဲ၊ သံဃာတော်နှင့် သီလရှင် အပါး(၂၅၀၀)ကျော်တို့အား ဆွမ်းဆန်စိမ်း လောင်းလှူပွဲနှင့် ကံစမ်းမဲ ဖောက်ပေးခြင်း အစီအစဉ် တို့အတွက် ကုသိုလ်ပြု လှူဒါန်းခဲ့ကြသော အလှူရှင်များ၊ မီးစုခံ ထွက်၍ အလှူခံပေးခဲ့ကြသူများ အားလည်းကောင်း၊ မိုးကုတ်မြို့မှ လူမှုရေး အသင်းအဖွဲ့များ၊ တရားအလှူတော်အသင်းများ၊ ဆွမ်းလောင်းအသင်းများ၊ မိုးကုတ်မြို့မှ ဘုရားများ၏ ဂေါပက အဖွဲ့များ၊ ဝတ်ရွတ်အသင်းများ၊ ဆေးနှင့်အာဟာရ ထောက်ပံ့ရေးအသင်းများ၊ မိုးကုတ်မြို့ အမျိုးသမီးရေးရာ အဖွဲ့နှင့် ရှင်သန်ရေးကူညီမှု အသင်း တို့အားလည်းကောင်း။

ပွဲတော်ရက်များအတွင်း မိုးကုတ်ရိုးရာဓလေ့ ဝင်းများလှည့်လည်ခြင်းနှင့် အတူ တိုင်းရင်းသား အကတို့တွင် ပါဝင်ကူညီခဲ့ကြသော မိုးကုတ်မြို့သူ မြို့သားများ၊ မိုးကုတ်ပေါက်ပေါက်နှင့် မိုးကုတ်လူငယ်များ ဖက်ရှင်ရှိုး အဖွဲ့ဝင်များ အားလည်းကောင်း၊ အထူးသဖြင့် မိုးကုတ်နှစ်(၈၀၀)ပြည့် ပွဲတော်ကြီး အောင်မြင်မှုနှင့်အတူမိုးကုတ်မြို့ ဟူသည် မောင်နှမများချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲ နေထိုင်ကြသည့် အေးချမ်းသာယာသော မြို့ကလေးတစ်မြို့ အနေဖြင့် ကမ္ဘာက သိသွားစေသည် အထိ စိတ်တူကိုယ်တူ စွမ်းစွမ်းတမံပါဝင်ခဲ့ကြသည့် မြို့သူမြို့သား အားလုံးကို လည်းကောင်း၊ မိုးကုတ်၊ မန္တလေး၊ ရန်ကုန်တို့မှ ပွဲတော်ဖြစ်မြောက်ရေးကော်မတီများ၊ ဆပ်ကော်မတီများ၊ မြို့မိမြို့ဖများနှင့် မြို့သူမြို့သားများ၊ ဘက်ပေါင်းစုံမှ ပါဝင်ကူညီခဲ့ ကြသည့် ကျေးဇူးတင်ထိုက်သူ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြု ဖော်ပြအပ်ပါသည်။

မိုးကုတ်မြို့သူ မြို့သားများ အပါအဝင် နိုင်ငံသူ နိုင်ငံသား အားလုံး၊ ကမ္ဘာသူ ကမ္ဘာသား အားလုံး နှစ်သစ်မင်္ဂလာမှ စ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

မိုးကုတ်မြို့နယ်သူ မြို့နယ်သားများကိုယ်စား၊ မိုးကုတ် နှစ်(၈၀၀)ပွဲ ကျင်းပရေး ကော်မတီ
( မိုးကုတ်၊ မန္တလေး၊ ရန်ကုန် )

CB BANK

" နှစ်သစ်ကူးဆုတောင်း "

CB Bank နှင့် အစဉ်လက်တွဲဆောင်ရွက်လျက်ရှိသော
Customer များအားလည်းကောင်း၊ လုပ်ငန်းများပိုမိုတိုးတက်အောင်မြင်စေရန်
ကြိုးစားဆောင်ရွက်ပေးလျက်ရှိသော ဘဏ်ဝန်ထမ်းများအားလည်းကောင်း
အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အစုရှယ်ယာရှင်များအားလည်းကောင်း
မြန်မာ့နှစ်သစ်ကူးအခါသမယတွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်
ပြည့်စုံပြီး CB Bank နှင့်အတူ ရေရှည်လက်တွဲ ဆောင်ရွက်သွားနိုင်ပါရန်
နှစ်သစ်ကူးဆုမွန်ကောင်း တောင်းအပ်ပါသည်. . .

CB Bank မိသားစု

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)
အမှတ်(၃၈)၊ ကိုယ်မင်းကိုယ်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၄၁၇၉၅၊ ၅၅၈၄၃၇

အလှူရှင်များသို့ နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ငွေအလှူ၊ ပစ္စည်းအလှူ၊ လုပ်အားဒါနတို့ဖြင့် စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းခဲ့ကြသော ပြည်တွင်း ပြည်ပအလှူရှင်များအားလုံးတို့ ၁၃၈၀ ပြည့်နှစ်၊ နှစ်သစ်မင်္ဂလာ အခါသမယတွင် အန္တရာယ် အပေါင်းမှ ကင်းငြိမ်း၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့

GM နေ့ချင်းပြန် ဘုရားဖူးခရီးစဉ်
ကျိုက်ထီးရိုး
ကျောက်စိမ်းဘုရား
မြဝတီ-မဲဆောက်
မော်လမြိုင်-ကျိုက္ကမီ-စက်စဲ
အမှတ် (၁၁၉)၊ ၁၁လမ်းအပေါ်၊ လသာမြို့နယ်
09442140334,09784217677

ကား မျိုးစုံ
Alphard,Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၉/၃၃/၄၅ယောက်စီးများကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များ ကိုယ်တိုင်ရှိသော သဘာဝဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။
Ph: 09795549249,095418126
09-795546884

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၉) ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံ ငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ)

စိန်ပင်လယ် မိသားစု၏
နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော မြန်မာ့နှစ်သစ်ကူးအခါသမယတွင် မြန်မာပြည်သူပြည်သားအပေါင်းတို့ ကံကောင်းခြင်းများနှင့်ပြည့်စုံ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ စီးပွားလာဘ်လာဘများတိုး၍ လိုရာဆန္ဒများပြည့်ဝပါစေကြောင်းဆုတောင်း မေတ္တာ ပို့သပါသည်။

စိန်ပင်လယ် အာမခံစိန်ရွှေရတနာဆိုင် မိသားစု

မြန်မာနှစ်သစ်ကူးဆုတောင်းလွှာ

မြန်မာနှစ်သစ်ကူး အခါသမယတွင် စိတ်ကောင်းမိတ်သစ်များနှင့်တကွမြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့်အလုပ်အကိုင် စီးပွားလာဘ်လာဘများ ဆတက်ထမ်းပိုး တိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရုပ်မြိုတိုင်းရင်းဆေးမိသားစု
ဂျူဗီနိုင်းသောက်ရေသန့် မိသားစု



ပိတောက်တွေဖူးပြီး
အလှတွေထူးတဲ့ လတန်ခူးမှာ
မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး
ပျော်ရွှင်ဖွယ်
နှစ်သစ်ဖြစ်ပါစေကြောင်း

High Tech Concrete Co.,Ltd.
မိသားစု မှ
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

HIGH TECH CONCRETE CO., LTD.
SGS UKAS
Certificate TH 11/5684


ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

Lucky Concrete Precast Products Manufacturing Co., Ltd
အတာသင်္ကြန် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ
Lucky Concrete Precast Products Manufacturing Co., Ltd. နာယကကြီး၊ ဥက္ကဋ္ဌကြီး၊ Managing Director, BOD, အဖွဲ့ဝင်များ၊ ဝန်ထမ်းများ နှင့်
Lucky Concrete ကို အစဉ်မြဲ အားပေးလျှက်ရှိသော မိတ်ဟောင်းမိတ်သစ်များ၊ Piling လုပ်ငန်းရှင်ကြီးများ၊
ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများ နှင့် မိသားစုဝင်များအားလုံး မြန်မာ့ရိုးရာ အတာသင်္ကြန် နှစ်သစ်ကူးကာလမှ အစပြု၍
ရေလိုအေးပြီး ပန်းလိုမွှေးပါစေ။ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်း နှင့် ပြည့်စုံပါစေ။
အခက်အခဲဟူသမျှကို ကျော်လွှားနိုင်ပြီး စီးပွားလာဘ်လာဘများ
တိုးတက်အောင်မြင်၍ ပျော်ရွှင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။
Lucky Concrete မိသားစု
ISO 9001:2015 Cert. No. 689232
No (217/222) U Tun Nyo Street, Industry Zone (1) Dagon Seikkan Township, Yangon.
Ph : 09969683671, 09973659312, Email - luckyconcrete@gmail.com





၁၃၇၉-၈၀ ခုနှစ် / တပေါင်း၊တန်ခူး
မြန်မာနှစ်ကူးဆုတောင်းလွှာ
လွန်ပြီးသော (၁၀) နှစ်ကျော်မှ စဉ်ဆက်မပြတ် ယနေ့အထိ မြန်မာနိုင်ငံ၏ နံပါတ် (၁) ငွေရေစက် MNZ အား ဝယ်ယူအားပေးခဲ့ကြသော အစိုးရနှင့် ပုဂ္ဂလိကပိုင် ဘဏ်လုပ်ငန်းကြီးများ၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံတကာမှ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ ကုမ္ပဏီများ၊ အသေးစား အလတ်စား အကြီးစား စက်မှုလက်မှုလုပ်ငန်းများ၊ ပြည်နယ်နှင့် တိုင်းအသီးသီးရှိ MNZ ငွေရေစက်နှင့် မီးခံသေတ္တာ၏ မိတ်ဟောင်းမိတ်သစ်များအား မြန်မာ့နှစ်သစ်ကူး အခါသမယတွင် မင်္ဂလာအပေါင်းခညောင်းပြီး စီးပွားလာဘ်လာဘများ ပြည့်စုံကြွယ်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။
URANUS COMPANY LIMITED
MNZ ငွေရေစက်နှင့်မီးခံသေတ္တာမိသားစု

မြန်မာသက္ကရာဇ် ၁၃၈၀ ခု - နှစ်သစ်မင်္ဂလာနှုတ်ခွန်းဆက်လွှာ
မြန်မာနှစ်သစ်အခါသမယတွင် TOP CHOICE ဗလာစာအုပ်ကို ဝယ်ယူအားပေးကြသည့်ဖြန့်ချိသူ၊ ရဟန်း၊ ရှင်၊ လူ၊ ကျောင်းသား ကျောင်းသူများ၊ ကုမ္ပဏီများ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ နှင့် ဝယ်ယူလှူဒါန်းကြသူများ စိတ္တသုခ၊ ကာယသုခ နှင့် ပြည့်စုံပြီး အစဉ်အမြဲ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။
ညီညာလှပ၍ အမြင်ဆန်းသစ်ခြင်း၊ အနားများတွန့်ကြေကျိုးခေါက်မှုမရှိခြင်း
ကလေးသူငယ်များ၏ မျက်လုံးထိခိုက်မှုအန္တရာယ်မှ ကင်းဝေးစေခြင်း
အားသာချက်များနှင့်ပြီးပြည့်စုံသော...
ထောင့်ဝိုက် ဗလာစာအုပ်များ
TOP CHOICE
Writing Future
Grade
Kit Kit Exercise Book
the one Dream it. Do it.
Nay Oo Printing
အရောင်း ● အမှတ် - ၁၇၂၊ ၃၁ လမ်း(အထက်)၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၈၈၅၃၂ ၊ ၃၇၆၉၀၃။
ရုံးခန်း + ဖြန့်ချိရေး ● အမှတ် - ၂၈/စီ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၄၈၆၈၉ ၊ ၅၄၉၈၅၉ ၊ ၅၅၆၀၆၉ ၊ ၅၅၅၄၄၀။
စက်ရုံ ● အမှတ် - ၉၉၊ ဗန်းမော်အတွင်းဝန်လမ်း၊ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၅၈၅၂၁၃၊ ၃၅၈၅၂၁၄၊ ၀၉ ၇၃၁ ၅၅၈ ၅၈။

# မြန်မာ့ရိုးရာနှစ်သစ်မင်္ဂလာအတာသင်္ကြန်ဆုတောင်း

“THAIK” DIAMOND SHOP SHOWROOM & GOLDSMITH မှ

ဝယ်ယူအားပေးကြသော စိန်ချစ်သူ မိတ်ဟောင်းမိတ်သစ်အပေါင်းနှင့် ခုနစ်ရက်သားသမီးများအားလုံး နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ဘေးဘယာဝေးကွာကြပါစေ၊ စီးပွားရေးလုပ်ငန်းများ ဒီရေအလား တိုးတက်အောင်မြင်ပါစေ၊ လိုရာဆန္ဒအားလုံး ပြည့်ဝကြပါစေ၊ နေ့ရက်တိုင်းမှာ ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်ပါစေကြောင်း “သိုက်” စိန်ရတနာဆိုင်မိသားစုမှ နှစ်သစ်တွင် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**‘သိုက်’ စိန်ရတနာဆိုင် မိသားစု**

## လူကြီးမင်း
CELL PHONE VILLA



## နှစ်သစ်ကူးဆုတောင်းလွှာ



အတာသင်္ကြန်နှစ်ကူးမှာ ကျန်းမာပျော်ရွှင် စိတ်ကြည်လင်၍
ကောင်းကျိုးမင်္ဂလာအပြာပြာနှင့် ပြည့်စုံပါစေကြောင်း
လူကြီးမင်းစီးပွားရေးလုပ်ငန်းစု မှ ဆုမွန်ကောင်း တောင်းအပ်ပါသည်...

# ကမ္ဘာ့ရတနာဘဏ်

GLOBAL TREASURE BANK PUBLIC CO.,LTD.

မြန်မာ့ရိုးရာနှစ်သစ်ကူးမင်္ဂလာ အချိန်အခါသမယတွင်
မြန်မာပြည်သူပြည်သားအပေါင်းနှင့် ကမ္ဘာ့ရတနာဘဏ်၏
မိတ်ဟောင်းမိတ်သစ်အပေါင်း စိတ်ချမ်းသာကိုယ်ကျန်းမာစွာဖြင့်
အရာခပ်သိမ်း ဆတက်ထမ်းပိုး တိုးတက်ကြပါစေကြောင်း
ကမ္ဘာ့ရတနာဘဏ်မိသားစုမှ ဆုမွန်ကောင်းတောင်း
မေတ္တာပို့သအပ်ပါသည်။



ယခင် မြန်မာ့မွေးမြူရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဘဏ်

ရွှေရည်ပြည့်မှန် … အာမခံသည့် …..
အောင်သမာဓိ စိန်ရွှေရတနာဆိုင် နှင့် ရွှေသန့်စင်လုပ်ငန်း
Reg : 219/99

မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်၊ မြန်မာနှစ်ဆန်း (၁)ရက်နေ့ နှစ်သစ်မင်္ဂလာ အခါသမယတွင်
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ စီးပွားလာဘ်လာဘများ တိုးတက်အောင်မြင်ပြီး
လိုအင်ဆန္ဒအဝဝ ပြည့်စုံကြပါစေကြောင်း အောင်သမာဓိ စိန်ရွှေရတနာဆိုင် နှင့်
ရွှေသန့်စင်လုပ်ငန်း မိသားစုက ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Mr. FONE
Telecom Centre

နှစ်သစ်ဆုတောင်း

မြန်မာနှစ်သစ်ကူး အခါသမယတွင် ကျန်းမာသုခ ပြည့်စုံကြ၍
စီးပွား လာဘ်လာဘများ ကြီးပွားတိုးတက်ပါစေကြောင်း Mr.Fone မိသားစုမှ
ဆုတောင်း မေတ္တာ ပို့သအပ်ပါတယ် …..

ခင်ပြုံးမွန် အင်ဖိုနီးရှားပါတိတ်
GRAND SOLO ပါတိတ်
SOLO® COLLECTION
MARK® WILLIAMS
Denzzo® DENZZO THE BEST

နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

မြန်မာသက္ကရာဇ် (၁၃၇၉-၁၃၈၀) နှစ်သစ်ကူး အခါသမယတွင် အစဉ်အမြဲလေးစားတန်ဖိုးထားရသော မိတ်ဟောင်း မိတ်သစ်များ အားလုံး
စီးပွားလာဘ်လာဘများ တိုးတက်ပြီး စိတ်၏ချမ်းသာခြင်း၊ကိုယ်၏ကျန်းမာခြင်း တို့နှင့်
ပြည့်စုံပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း ပျဉ်းမနားမြို့ လမ်းလျှောက်သင်္ကြန်ပွဲတော် ကျင်းပနေမှု ကြည့်ရှုအားပေး



**နေပြည်တော် ဧပြီ ၁၆**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်းတို့သည် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မဟာသင်္ကြန်အတက်နေ့ (ယနေ့) နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ ရန်အောင် (၂)ရပ်ကွက် မင်္ဂလာရှမ်းကန်တွင် လမ်းလျှောက်သင်္ကြန်ပွဲတော် ပျော်ရွှင်စွာ ကျင်းပနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ဒုတိယသမ္မတနှင့်ဇနီးတို့သည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့ မင်္ဂလာရှမ်းကန်မြောက်ဘက်၌ ကျင်းပသည့် လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ ရောက်ရှိကြပြီး ပြည်သူများ မဟာသင်္ကြန် ရေသဘင်ပွဲ ပျော်ရွှင်စွာဆင်နွှဲနေမှု၊ ပျော်ရွှင်စွာ ရေပက်ကစားနေမှုနှင့် သင်္ကြန်တေးသီချင်းများ သီဆိုဖျော်ဖြေတင်ဆက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးတို့သည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့်ဇနီး၊ တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့ မင်္ဂလာရှမ်းကန်တွင်

**စာမျက်နှာ ၉ ကော်လံ ၃ သို့ ❖**

# မြဝတီမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ် ပိတ်ပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်



**မြဝတီ ဧပြီ ၁၆**

၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ် (၄)ရပ်ကွက် သောင်ရင်းခန်းမအနီးရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်အားပေးချီးမြှင့်သည်။ **(ဝဲပုံ)**

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး၊ သင်္ကြန်ယိမ်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြဝတီခရိုင် မြဝတီမြို့နယ် မဟာသင်္ကြန်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ယိမ်းအဖွဲ့များအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ❂**

## ဧပြီလနှင့် မေလများအတွင်း ဖြစ်ပေါ်နိုင်သည့် မိုးလေဝသဖြစ်စဉ်များ ကြိုတင်အသိပေးနှိုးဆော်

**နေပြည်တော် ဧပြီ ၁၆**

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သဖြင့် ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် ဧပြီလနှင့် မေလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြုနေထိုင်သွားကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြိုတင်သတိပေး နှိုးဆော်ထားသည်။ **ကြေးမုံ**




**ထွန်းရွှေဝါ ဆေးတိုက် နှစ်သစ်ကူးမင်္ဂလာဆုတောင်းလွှာ**

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာသမားများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူ မိဘပြည်သူများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ် နှစ်သစ်မင်္ဂလာ အခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး မှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

**ရောင်းမည် (ပွဲစားမလို)**
ဗဟန်းမြို့နယ်
လမ်းမတန်း
0.25 ဧက RC 2
09-421135600

**မွေးသက္ကရာဇ်အမှန်**
သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၃)ရပ်ကွက်၊ အ-ထ-က ပျဉ်ထောင်ကျောင်း၊ ဆင့္ဍမတန်းမှ အဖ ဦးစံသိန်း၏သမီး မလှိုင်လှိုင်ဌေး၏ မွေးသက္ကရာဇ်အမှန်မှာ (၁၅-၆-၆၃)ဖြစ်ပါကြောင်း။

၁၃၈၀–ခုနှစ်ကို တွေ့ဆုံဖြတ်သန်းကြမည့် မိဘပြည်သူအပေါင်း၊
ကိုယ်စိတ် နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ယုမျက်မှန်

ဖိဖိ..မျက်မှန်၏လိုအပ်ချက်များကို မည်သည့်ဆိုင်ခွဲတွင်မဆို ဝင်ရောက်ပြုပြင်နိုင်ပါသည်။
အဖိုးပစ္စည်းအပြည့်အစုံထားရှိပေးထားပါသည်။

| ရွှေဘုံသာလမ်း၊ အထက် | ဂ-မိုင်လမ်းဆုံ | မြောက်ဥက္ကလာပ | မန္တလေးမြို့တော်(၂) | မန္တလေးမြို့တော်(၁) Soon |
|---|---|---|---|---|
| 01-248248, 01-383525 | 01-652802, 09 962041189 | 09 965141189, 09 962042289 | 02-68268, 09 765141189 | 02-66605 , 09 785141189 |

# နှစ်သစ်မင်္ဂလာဆုမွန်တောင်းလွှာ

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ၁၃၈၀ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယတွင် ဦးသိန်းမောင် တြိရတန အလှကုန်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှထုတ်လုပ်သော ဆေးစွမ်းကောင်းများနှင့် အလှကုန်များကို အားပေးသုံးစွဲကြသော ရဟန်းရှင်လူ မိဘပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဖြန့်ဖြူးရောင်းချပေးသော မိတ်ဟောင်းမိတ်သစ်များအား ဘေးရန်ကင်း၍ ကျန်းမာရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဦးသိန်းမောင် တြိရတနမိသားစု အလှကုန်နှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း**

**D4D® COLLECTION**

**နှစ်သစ်ဆုတောင်း**

မြန်မာနှစ်သစ်အခါသမယတွင် မိတ်ဟောင်း၊ မိတ်သစ်များအားလုံး
စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံ၍ စီးပွားဥစ္စာများ
ဒီရေအလားတိုးတက်ကြွယ်ဝပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း ပို့သအပ်ပါသည်။

D4D® COLLECTION

လိပ်စာ – အမှတ်(၅၀)၊ စိန်ခြယ်လမ်း၊ အောက်ပုဇွန်တောင် (၅) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 732 370 92, 09-731 627 55, Hotline - 09 970 739 756



နှလုံးသားထဲက မြန်မာ

MPT
ရွှေ့သို့လှမ်းချီ မြန်မာပြည်



မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို အစဉ်တစိုက် အားပေးကြသော
မြန်မာပြည်သူပြည်သားအပေါင်း နှစ်သစ်ကူး အချိန်ခါသမယတွင်
စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိသားစုမှ ဆုမွန်ကောင်း
တောင်းအပ်ပါသည်။

## ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာမှ နှစ်သစ်ကူး ဆုမွန်ကောင်းတောင်းလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ အမှတ်(၇၆၉/၇၇၁) တွင် တည်ရှိသည့် ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာသည် အသက်(၇၀)နှစ်နှင့်အထက် ခိုကိုးရာမဲ့ ဂိလာနဘိုးဘွားတို့၏ ကျန်းမာရေးကို ပြုစုစောင့်ရှောက်ပေးသည်မှာ (၅-၄-၂၀၁၈)ရက်တွင် (၈)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ (၈)နှစ်တာကာလအတွင်း အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ပံ့ပိုးလှူဒါန်းပေးကြသော အလှူရှင်များ၊ အဆောက်အအုံ၊ ဆေးဝါး၊ အာဟာရ၊ အထွေထွေ၊ ပဒေသာပင်များ စိုက်ထူပေးသည့် အလှူရှင်များ၊ လုပ်အားဒါနပေးလှူပေးကြသည့် လူငယ်ပရဟိတအသင်းများ၊ ကျန်းမာရေးကို စောင့်ရှောက်ပေးပါသော သုခကုသိုလ်ဖြစ်ဆေးခန်းနှင့် ပုဂ္ဂလိကဆေးခန်းများမှ အထူးကုဆရာဝန်ကြီးများ၊ ဘိုးဘွားများ၏ နောက်ဆုံးခရီးတွင် ပို့ဆောင်ပေးသော နာရေးကူညီမှုအသင်းကြီးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့လှူဒါန်းခဲ့သည့် ကုသိုလ်တို့ကြောင့် စိတ်ချမ်းသာကိုယ်ကျန်းမာ လိုရာဆန္ဒပြည့်စုံပါစေကြောင်း ဆည်းဆာရိပ်မိသားစုမှ နှစ်သစ်မင်္ဂလာ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာမှ**
**ဘိုးဘွားများ၊ အလုပ်အမှုဆောင်အဖွဲ့နှင့် ဝန်ထမ်းများ**






သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ






သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏




Win & San
Since 1983
Diamonds & Fine Jewelry

"နှစ်သစ်မင်္ဂလာဆုတောင်း"

မြန်မာ့နှစ်သစ်ကူးအချိန်အခါသမယတွင် မြန်မာပြည်သူပြည်သားများ၊ ကမ္ဘာသူကမ္ဘာသားများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့်အတူ Win & San တွင် အားပေးကြသော မိတ်ဟောင်း၊ မိတ်သစ်အပေါင်းတို့ စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းနှင့်ပြည့်စုံကာ နှစ်သစ်တွင်ဘဝကို အောင်မြင်မှုများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဖြတ်သန်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Win & San
(Diamonds and Fine Jewelry)

နှစ်သစ်ဆုမွန်လွှာ

နှစ်သစ်ကူးအခါသမယတွင် မြန်မာနိုင်ငံသူ/သားအပေါင်း ရွှင်လန်းချမ်းမြေ့ပါစေကြောင်းနှင့်
ICT ပညာရပ်များ ပိုမိုတိုးတက်ထွန်းကားပါစေကြောင်း
KMD Group of Companies မှ ဆုမွန်ကောင်းများ တောင်းလျက်...

KMD Institute | KMD Computer & Mobile | MRS Computer & Network | Softcomm Technology | DCD Direct Channel Distribution

သောကကင်းဝေး စိတ်အေးစေနိုင် FNI

မြန်မာသက္ကရာဇ် ၁၃၈၀

FNI
FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE



"မဟာသင်္ကြန် နှစ်သစ်ကူး ဆုမွန်တောင်းလွှာ"

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော
ဤနှစ်သစ်မင်္ဂလာ အချိန်အခါတွင်
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပြီး အတာရေလိုအေး ပိတောက်ကဲ့သို့မွှေး၍
ကောင်းကျိုးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း
FNI မိသားစုမှ ဆုမွန်ကောင်း တောင်းပေးအပ်ပါသည်။



YANGON (HEAD OFFICE)
No. 400/406, Merchant Road,
Botahtaung Township,Yangon.
Tel: 01-8610661~5, Fax: 01-8610675, 01-8610676
E-mail: customerservices@fnipublic.com

www.fnipublic.com

Call center 01-9010900

